

PHOTO: NRC

# CHAPTER 7 • 2015
# CAMP SET-UP AND CLOSURE

ဤအခန်းများတွင် သုံးစွဲထားသော စခန်းဟူသည့် အသုံးအနှုန်းသည် စခန်းများနှင့် စခန်းနှင့်တူသော နေရာအမျိုးမျိုးကို ရည်ညွှန်း ခြင်းဖြစ်ပြီး စနစ်တကျတည်ထောင်ထားသော စခန်းများ၊ နေရပ်စွန့်ခွာလာသူများကိုယ်တိုင် စုဝေးတည်ထောင်သော စခန်းများ၊ စုစည်းနေရာများ၊ ယာယီစခန်းများနှင့် ကယ်ဆယ်ရေးစခန်းများ ပါဝင်ပါသည်။

## အဓိက အချက်အလက်များ

- စခန်းများသည် နောက်ဆုံး ရွေးချယ်ခိုနားရာသာ ဖြစ်ပါသည်။ အခြားနည်းလမ်းများ ဖြစ်နိုင်ဖွယ်ရာ သို့မဟုတ် လိုလားဖွယ်ရာ မရှိသည့်အခါမှသာ စခန်းများကို ထူထောင်ရမည်။ အခြေအနေ အများစုတွင် စခန်းများသည် အလို အလျောက် ပေါ်ပေါက်လာတတ်သည်။ ယင်းတို့ကို ယာယီဖြေရှင်းနည်းတစ်ရပ်အဖြစ်သာ ရည်ရွယ်သည်။
- စခန်းစီမံခန့်ခွဲမှုသည် နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများအတွက် အကူအညီနှင့် ကာကွယ်စောင့်ရှောက်မှုများ ပေးရန် ဖြစ်ပါသည်။ အဆင့်တိုင်းတွင် ထိုရည်မှန်းချက်များကို ဖြည့်ဆည်းပေးရန်မှာ အစိုးရအာဏာပိုင်များ၏ တာဝန်သာ ဖြစ်ပြီး ၎င်းတို့အနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီကို ရယူဆောင်ရွက် ရမည်။ အချို့သော အခြေအနေများတွင် အစိုးရအာဏာပိုင်များအနေဖြင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အခန်းကဏ္ဍမှ ဆောင်ရွက်သည်။
- စခန်းများ ထူထောင်ခြင်း နှင့် ပိတ်သိမ်းခြင်းသည် စခန်းအတွက် အစီအစဉ် ချမှတ်သူများ၊ နည်းစနစ်ပိုင်း ဝန်ထမ်း များ၊ အစိုးရ အာဏာပိုင်များ၊ စခန်းလူထုနှင့် အိမ်ရှင်ရပ်ရွာလူထု တို့ထံမှ အကြံဉာဏ်များစွာ လိုအပ်သည်။ စခန်း စီမံခန့်ခွဲမှုအေဂျင်စီ၏ အခန်းကဏ္ဍမှာ စခန်းထူထောင်ရာတွင်လည်းကောင်း၊ ပိတ်သိမ်းရာတွင်လည်းကောင်း သက်ဆိုင်သူများအားလုံးမှ ပါဝင်ဆောင်ရွက်စေရေးပင်ဖြစ်သည်။
- စခန်း၏ တည်နေရာ၊ အရွယ်အစား၊ ပုံစံနှင့် ကြာမြင့်မှုတို့သည် သက်ဆိုင်ရာ အခြေအနေများပေါ်တွင် မူတည်သည်။ စခန်းတစ်ခု၏ တည်နေရာနှင့် ယင်းကို မည်သို့ စီစဉ်ထားရှိသည်ဆိုခြင်းက နေထိုင်သူများမှ ကာကွယ်စောင့်ရှောက်မှု နှင့် အကူအညီများ ရယူနိုင်မှုအပေါ် သိသာစွာ သက်ရောက်မှု ရှိသည်။ စခန်းပိတ်သိမ်းခြင်း နှင့် ထွက်ခွာခြင်း အပေါ် လည်း အလားတူပင် သက်ရောက်မှု ရှိပေမည်။ အကောင်းဆုံးမှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ အနေဖြင့် စခန်းတည် နေရာ ရွေးချယ်ရာတွင် ပါဝင်ရန်ဖြစ်သည်။ လက်တွေ့တွင်မူ စခန်းအများအပြားမှာ မိမိတို့ဖာသာ ထူထောင်ထားခြင်း ဖြစ်ပြီး စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ တာဝန်မှာ လက်ရှိနေရာကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်သာ ဖြစ် တတ်သည်။
- စခန်းပိတ်သိမ်းခြင်းသည် ရေရှည်တည်တံ့မည့် ဖြေရှင်းနည်းများနှင့် ချိတ်ဆက်ထားသင့်ပြီး စခန်းစတင်ချိန်ကပင် အစီအစဉ် ချမှတ်ထားသင့်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ အနေဖြင့် စခန်းအတွက်သာမက ယင်း၏ ပတ်ဝန်းကျင်၊ အခြေခံအဆောက်အဦ နှင့် ပိုင်ဆိုင်ပစ္စည်းများအပေါ်တွင်ပါ ထိရောက်သော စီမံခန့်ခွဲမှု ပြုလုပ်ရမည် ဖြစ်သည်။
- ပဋိပက္ခနှင့် သဘာဝဘေးများမှ ဖြစ်ပေါ်လာသော အခြေအနေများမှာ ခန့်မှန်းရန် များစွာ ခက်ခဲတတ်သည်။ လူများ အနေဖြင့် ကနဦး ခန့်မှန်းထားသည်ထက် ကြာမြင့်စွာ စခန်းတွင် နေထိုင်ရတတ်သည်။ စခန်း ထူထောင်သည့် အဆင့် ကတည်းကပင် အနာဂတ်တွင် ကြုံတွေ့ရနိုင်သည့် အဖြစ်အပျက်များ နှင့် အမျိုးမျိုးသော အခြေအနေများကို ကြိုတင် တွက်ဆထားရန် လိုအပ်သည်။ ယင်းတို့မှာ စခန်းတွင် နေထိုင်သူဦးရေ တိုးလာခြင်း၊ ပြင်ဆင်မှုများ၊ အဆင့်မြှင့်တင် မှုများ၊ ရင်းမြစ်များ ရေရှည်လုံလောက်မှု နှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကဲ့သို့ ကိစ္စရပ်များ ပါဝင်သည်။
- ကျားမကဏ္ဍကွဲပြားမှုအပေါ် အခြေပြုဖြစ်ပွားသည့် အကြမ်းဖက်မှုများ၊ ရေလွှမ်းမိုးမှုများနှင့် လူမှုရေး တင်းမာမှုများ ကဲ့သို့ အဖြစ်အပျက်များကို ကာကွယ်နိုင်ရန် မှန်ကန်စွာ စခန်းထူထောင်ခြင်း နှင့် တိုးတက်အောင် လုပ်ဆောင်ခြင်း တို့ က အရေးကြီးပေသည်။ အခြေခံ အထောက်အပံ့စနစ်များ ထူထောင်နိုင်ခြင်း မရှိပါက စခန်းတစ်ခုအပေါ် တာဝန်ခံယူမှု နှင့် မှန်ကန်စွာ စီမံခန့်ခွဲနိုင်မှုအပေါ် ဆိုးရွားစွာ သက်ရောက်မှု ရှိလာလိမ့်မည်။

## မိတ်ဆက်

ဤအခန်း၏ ရည်ရွယ်ချက်မှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအား စခန်းထူထောင်ခြင်း/ တိုးတက်အောင် လုပ်ဆောင်ခြင်း၊ ပိတ် သိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ အတွေးအမြင်များ ရရှိစေရန် ဖြစ်သည်။ တည်နေရာ ရွေးချယ်ခြင်း၊ တည်နေရာ စီစဉ်ခြင်းတို့အပေါ် ထိုက် သင့်အားလျော်စွာ ဂရုပြု၍ စခန်းများကို ထူထောင်နိုင်စေရန် လည်းကောင်း၊ စခန်းများကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်မှုရှိစေ ရန်လည်းကောင်း၊ စခန်းလူထုအတွက် ကာကွယ်စောင့်ရှောက်မှု ရရှိစေမည့် စခန်းပိတ်သိမ်းမှုလုပ်ငန်းစဉ်များကို ကျင့်သုံးနိုင်စေရန်

လည်းကောင်း၊ စခန်းနှင့် ပိုင်ဆိုင်ပစ္စည်းများအား စီမံခန့်ခွဲနိုင် စေရန်လည်းကောင်း ခြုံငုံဖော်ပြထားသည်။ ဤအခန်းသည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအား မှန်ကန်သောမေးခွန်းများကို မေးမြန်းပြီး ယင်းတို့၏ အခန်းကဏ္ဍ၊ တာဝန်များနှင့် စပ်လျဉ်း၍ ရှင်းလင်းမှုရှိစေရန် သတိပေးချက်တစ်ရပ်လည်း ဖြစ်ပေသည်။

စခန်း၏တည်နေရာနှင့် ယင်းကို မည်သို့စီစဉ်ဆောင်ရွက်ထားသည် ဆိုခြင်းက နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများ၏ ကျန်းမာရေး၊ သာယာဝပြောရေး နှင့် ကာကွယ်စောင့်ရှောက်မှုတို့ အပေါ် လည်းကောင်း၊ နေ့တဓူဝ လုပ်ငန်းများကို စီမံ ခန့်ခွဲနိုင်စေမည့်၊ ပါဝင်ဆောင်ရွက်မှု ရှိစေမည့်၊ အိမ်ရှင် ရပ်ရွာလူထုနှင့် ဆက်ဆံရေး ထူထောင်နိုင်စေမည့် စွမ်းရည် အပေါ် တွင်လည်းကောင်း အထူးတလည် သက်ရောက်မှု ရှိပေသည်။ ရုပ်ပိုင်းဆိုင်ရာ တည်နေရာနှင့် စခန်း၏အခင်းအကျင်းတို့က စခန်းကို မည်သို့ ထူထောင်သည်၊ ကြီးထွားစေသည်၊ ပြောင်းလဲသည်၊ တိုးတက်စေသည်၊ နောက်ဆုံးပိတ်သိမ်းသည်ဆိုသည့် လုပ်ငန်းစဉ်နှင့် အလားတူ အရေးကြီးပေသည်။

နောက်ဆုံးခိုလှုံရာ ဖြစ်သည့်စခန်း

နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများအတွက် စခန်းသည် အသင့်လျော်ဆုံး အကူးအပြောင်းကာလ နေရာချထားမှု ဟုတ် မဟုတ် ဆိုခြင်းသည် ဖြစ်ရပ်အားလုံးအတွက် ဦးစွာ စဉ်းစားရမည့်အချက်ဖြစ်သည်။ စခန်းများသည် နောက်ဆုံး ရွေးချယ်ခိုနားရာ ဖြစ်သည်။ အခြား နည်းလမ်းများသည် အသုံးပြုနိုင်ဖွယ် သို့မဟုတ် လိုလားနှစ်သက်ဖွယ် မဖြစ် သည့်အခါမှသာ စခန်းများကို ထူထောင်ရမည်။ လူများအနေဖြင့် ၄င်းတို့၏ အသက်မွေးဝမ်းကျောင်းနှင့် နေအိမ်များမှ ဖယ်ရှားခံထားရမည်ဆိုသည့်အချက်၊ သဘာဝဘေး သို့မဟုတ် ပဋိပက္ခအန္တရာယ် ကျရောက်ခြင်းမရှိတော့သည့် အချိန် တွင် ၄င်းတို့အနေဖြင့် ဆက်လက် နေရပ်စွန့်ခွာရွှေ့ပြောင်းနေရစေရန် အားပေးသကဲ့သို့ ဖြစ်စေနိုင်သည့်အချက်များကို အထူးတလည် စဉ်းစားရမည်။ အကယ်၍ နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများအနေဖြင့် အိမ်ရှင်မိသားစုများနှင့် အတူ နေထိုင်နေသည့်အခါ သို့မဟုတ် မြို့ပြကျေးလက် တစ်နေရာတွင် မိမိဖာသာ အခြေချ နေထိုင်နေသည့်အခါမျိုးများတွင် စခန်းတစ်ခု ထူထောင်ခြင်းထက် ထို အခြားနည်းလမ်းအပေါ် ပံ့ပိုးကူညီပေးခြင်းက ပိုမိုသင့်လျော်မှုရှိနိုင်သဖြင့် အကျိုးအကြောင်း ဖေဖန်ဆုံးဖြတ်ရပေမည်။ ဤအခန်းအနေဖြင့်မူ အစိုးရအာဏာပိုင်များ အနေဖြင့် အဖွဲ့အစည်းများ ပါဝင်လျက် နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများနှင့်အတူ ဖြစ်နိုင်ဖွယ်နည်းလမ်းအားလုံးအား စဉ်းစားသုံးသပ်လိမ့် မည်ဟု ယူဆ ထားသည်။ သက်ဆိုင်သူအားလုံးကို ထည့်သွင်းစဉ်းစားရန် ဖြစ်သည်။

- ➔ အစားအစာနှင့် ဝန်ဆောင်မှုများ ပေးအပ်ရာတွင် ထိရောက်ရန် လိုအပ်မှု
- ➔ ကာကွယ်စောင့်ရှောက်မှု နှင့် ကျန်းမာရေး အန္တရာယ် ကျရောက်နိုင်ခြေများနှင့် စပ်လျဉ်းသည့် ပူပန်မှုများ
- ➔ သဘာဝ ပတ်ဝန်းကျင် ယိုယွင်းနိုင်ခြေများ
- ➔ စခန်းတွင် နေထိုင်ရသော ဘဝအပေါ် စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများ
- ➔ ပတ်ဝန်းကျင် ရပ်ရွာများ၏ သက်ရောက်မှုများ

စခန်းများကို ရေတိုအတွက် မျှော်မှန်းထူထောင်ကြခြင်း ဖြစ်သော်လည်း အစီအစဉ် ချမှတ်ရာတွင် ရေရှည် လိုအပ်ချက်များ၊ တိုးချဲ့မှုများနှင့် မမျှော်လင့်သော အဖြစ်အပျက်များအတွက် အမြဲတစေ ထည့်သွင်းပြင်ဆင်ထားရမည်။ ထို့ပြင် စခန်းအတွက် ဝန်ဆောင်မှု၊ အခြေခံ အဆောက်အဦ၊ ပိုင်ဆိုင်ပစ္စည်းများနှင့် ဆက်စပ်၍ အိမ်ရှင်ရပ်ရွာလူထု၏ လိုအပ်ချက်များကို ထည့်သွင်း စဉ်းစားရပေမည်။ ကျောင်းဆောင်များ၊ ခန်းမများ၊ လမ်းများ၊ ဓာတ်ကြိုးများ သို့မဟုတ် ရေတွင်းများကဲ့သို့ ဝန်ဆောင်မှုနှင့် အခြေခံ အဆောက်အဦများသည် နေရပ်စွန့်ခွာနေထိုင်သူများ ပြန်သွားသည့်အခါ ဒေသခံ ရပ်ရွာအတွက် အကျိုးရှိစေလိမ့်မည်။ ဆန့်ကျင့်ဘက်အားဖြင့်မူ စုစည်းနေထိုင်ရာနေရာများအဖြစ် ယာယီအသုံးပြုရန် အဆင့်နိမ့်ခံရသည့် အဆောက်အဦးများမှာ ဒေသခံရပ်ရွာလူထုအတွက် ဆိုးကျိုး သက်ရောက်စေပေလိမ့်မည်။ စခန်းပိတ်သိမ်းချိန်တွင် ယင်းပိုင်ဆိုင်ပစ္စည်း များအား ဖြည်းဖြည်းချင်း လွှဲပြောင်းပေးရာတွင် ကျိုးကြောင်းသက်ဆိုင်သူများအား အစကတည်းက ပါဝင်သတ်မှတ် သဘောတူညီမှု ရှိစေရမည်။ စခန်းထူထောင်ခြင်း/ တိုးတက်အောင် လုပ်ဆောင်ခြင်း နှင့် ပိတ်သိမ်းခြင်းတို့သည် အစကနဦးကပင် အပြန်အလှန် ဆက်စပ်လျက် ရှိပေသည်။

စခန်းထူထောင်ခြင်း/ တိုးတက်အောင် လုပ်ဆောင်ခြင်း၊ ပိတ်သိမ်းခြင်းတို့အတွက် အစိုးရ အာဏာပိုင်များတွင် တာဝန်

ရှိသည် မှန်သော်လည်း စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် အစုအဖွဲ့/ကဏ္ဍ ဦးဆောင်အဖွဲ့အစည်း၏ အကူအညီ ရယူ လျှက် စခန်းဘဝစက်ဝန်း ဖြစ်စဉ်တလျှောက် ဆောင်ရွက်ချက်များအားလုံးသည် ပြီးပြည့်စုံစေရန်၊ အများပါဝင်မှု ရှိစေရန်၊ ကောင်းစွာ ပေါင်းစပ်ညှိနှိုင်းမှု ရှိစေရန်၊ နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများ၏ အခွင့်အရေးကို စောင့်ရှောက်နိုင်ရန် ဆောင်ရွက်ရမည်။ အချို့သော အခြေအနေများတွင် အထူးသဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်သည့် နေရပ် စွန့်ခွာရွှေ့ပြောင်းရမှုများတွင် စခန်းစီမံခန့်ခွဲမှုနှင့် စခန်းပေါင်းစပ်ညှိနှိုင်းမှု အခန်းကဏ္ဍများကို အစိုးရအာဏာပိုင်များမှ ပိုင်ဆိုင်ထိန်းသိမ်းရွက်လာလျှက်ရှိကြောင်းမှာလည်း မှတ်သားဖွယ် ဖြစ်ပေသည်။

## အဓိက အရေးကိစ္စများ

### စခန်းထူထောင်ခြင်း/ တိုးတက်အောင် လုပ်ဆောင်ခြင်း

**မိမိဖာသာ ထူထောင်ထားသော စခန်းများ/အလိုအလျောက် ပေါ်ပေါက်လာသော စခန်းများ**

လူသားချင်းစာနာထောက်ထားမှု အကူအညီများ ရောက်ရှိလာချိန်တွင် လူများအနေဖြင့် နေရပ်မှထွက်ခွာကာ မိမိတို့ဖာသာ ထူထောင်ထားသောစခန်းများ/အလိုအလျောက် ပေါ်ပေါက်လာသောစခန်းများတွင် နေထိုင်ပြီး ဖြစ်နေခြင်းမျိုး မကြာခဏ တွေ့ကြုံရသည်။ ထိုအခါ တည်ရှိပြီးအနေအထားအပေါ် တိုးတက်အောင် မည်သို့ဆောင်ရွက်မည်ကို စဉ်းစားရပေမည်။ မိမိတို့ဖာသာ နေရာချထားသောစခန်းများ/ အလိုအလျောက် ပေါ်ပေါက်လာသောစခန်းများသည် များသောအားဖြင့် ချို့တဲ့သော/ အန္တရာယ် ကြုံရနိုင်သောနေရာများတွင် တည်ရှိလေ့ရှိကြသည် သို့မဟုတ် လုံခြုံမှု မရှိ သည့်နေရာများနှင့် နီးကပ်စွာ တည်ရှိတတ်သည်။ နေရာကို အသုံးပြုရန် ခွင့်ပြုချက်မှာလည်း အလွတ်သဘော ဖြစ်နေ တတ်ပြီး ပြန်လည်ညှိနှိုင်းရန် လိုအပ်လေ့ရှိသည်။ တခါတရံတွင် လူဦးရေ ထူထပ်လွန်းနေခြင်း၊ ပမာဏ ကြီးလွန်းနေ ခြင်းမျိုး ရှိတတ်သဖြင့် နိုင်ငံတကာ စံနှုန်းများနှင့်သော်လည်းကောင်း၊ (မီးတားလမ်းများထားရှိခြင်း၊ မျက်နှာပြင် ရေဆင်းစနစ်များ၊ ကျောင်းများ၊ ဖြန့်ဝေရေး ဌာနများ၊ ရေပေးစနစ်များ၊ အပန်းဖြေ နေရာများကဲ့သို့ အခြေခံ အဆောက် အဦများကဲ့သို့) ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် အသုံးပြုလျှက်ရှိသည့် ကောင်းမွန်သော လုပ်ကိုင်ပုံစနစ်များနှင့် သော်လည်းကောင်း ကိုက်ညီစေရန် အဆင့်လိုက် ပြုပြင်မွမ်းမံခြင်းများ ပြုလုပ်ရန် လိုအပ်တတ်သည်။

### ကျောင်းကို ကျောင်းအဖြစ် အသုံးမပြုတော့သည့်အခါ

ကျောင်းများ၊ သိုလှောင်ရုံများ၊ အားကစားရုံများ၊ စက်ရုံများ သို့မဟုတ် ဒေသဆိုင်ရာ အစိုးရ အဆောက်အဦများအား နေရပ်စွန့်ခွာနေထိုင်သူများ ယာယီနေထိုင်ရန် အသုံးပြုလေ့ရှိကြသည်။ ယင်းတို့ကို စုစည်းနေထိုင်ရာနေရာများဟု ခေါ်ကြပြီး ယင်းတို့သည် မိမိတို့ဖာသာ နေရာချထားခြင်း သို့မဟုတ် အစီအစဉ်တကျ နေရာချထားခြင်း ဖြစ်နိုင်သည်။ ပြည့်စုံသော သို့မဟုတ် အခြားသော နည်းလမ်းတစ်ရပ် မရှိသေးမီ ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်သူများအား ထို ယာယီနေထိုင်စရာများမှ စွန့်ခွာရန် ဖိအားပေးခံရခြင်းမျိုးလည်း ရှိတတ်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ အနေဖြင့် ကနဦးကပင် ဒေသန္တရ အစိုးရ အရာရှိများ၊ အခြား ပါဝင်ပတ်သက်သူများနှင့်အတူ အဆိုပါကိစ္စကို ကိုင်တွယ် ဖြေရှင်း သင့်သည်။

ဘေးအန္တရာယ်တစ်ခုခု ကြုံရပြီးနောက် ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်သူများအား နေရာချထားရန် ကျောင်းများကို မကြာခဏ အသုံးပြုလေ့ရှိကြသည်။ ၂၀၁၀ ထိုင်းရေဘေး၊ ၂၀၁၃ ဖိလစ်ပိုင် ဟိုင်ယန် ဆိုင်ကလုန်းဘေး၊ ၂၀၁၄ တွန်ဂါ အပူပိုင်း ဆိုင်ကလုန်း အိုင်ယန်ဘေးတို့တွင် အလားတူ ဥပမာများ တွေ့ရသည်။ လူအများစုအတွက်မူ မုန်တိုင်း လွန်မြောက်သွားသည်နှင့် ပြန်လည်ထူထောင်ရေး စတင်ပြီဖြစ်သည်။ အချို့သော ဘေးဒုက္ခကျရောက်လွယ်သော လူအုပ်စုအချို့အနေဖြင့်မူ မိမိတို့ဖာသာ ပြန်လည်ထူထောင်နိုင်စွမ်းမရှိဘဲ စုစည်းနေထိုင်ရာနေရာများတွင် ဆက်လက် နေထိုင်ရတတ်သည်။

အခြေအနေအား မူလအနေအထားသို့ အမြန်ပြန်ရောက်ရန် ဖိအားများ မြင့်တက်လာသည့် အားလျော်စွာ ကျောင်းများနှင့် အခြားအများပြည်သူသုံး အဆောက်အဦများကို ပုံမှန်လုပ်ငန်းများအတွက် ပြန်လည်ဖွင့်လှစ်ပေးရန် လိုအပ်လာ စမြဲ ဖြစ်သည်။ ထိုအခါ ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်သူများအနေဖြင့် အကျပ်အတည်း ကြုံရတော့သည်။ စခန်း စီမံခန့်ခွဲမှုအေဂျင်စီ အနေဖြင့် အောက်ပါအချက်များကို ဆောင်ရွက်ရမည်။

➔ ကြုံတွေ့နေရသော အရေးကိစ္စကို အစုအဖွဲ့ ဦးဆောင်အဖွဲ့အစည်း သိရှိစေရမည်။

- ➔ စုစည်းသဘောတူထားသော ရပ်တည်ချက်တစ်ရပ်ကို သတ်မှတ်လျှက် အိမ်ရှင်အစိုးရနှင့် အခြား ပါဝင်ပတ်သက်သူများအား ဆက်သွယ်အသိပေးရမည်။
- ➔ နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများ နေရာယူထားသည့် အဆောက်အဦများတွင် ပုံမှန်လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် အစီအစဉ်များနှင့် စပ်လျဉ်း၍ အိမ်ရှင်ရပ်ရွာလူထုနှင့် ဒေသန္တရ အစိုးရအား ပါဝင်ဆောင်ရွက်စေရမည်၊ အသိပေးထားရမည်။

နောက်ခံအခြေအနေအပေါ် မူတည်၍ မိမိတို့ဖာသာ နေရာချထားသောစခန်းများကို ပြန်လည်စုဖွဲ့ခြင်း သို့မဟုတ် ပြန်လည်နေရာချထားခြင်းများသည် ပစ္စည်းနှင့် ဂန်ဆောင်မှုများ လတ်တလောဖြန့်ဝေပေးရေးလောက် အလျင်လိုဦးမည် မဟုတ်ပေ။ အကယ်၍ စခန်းနေရာတွင် လူများ နေရာယူပြီးမှ နေရာချထားရန် ဆောင်ရွက်ပါက လူအချို့ အနေဖြင့် အခြားနေရာသို့ သို့မဟုတ် စခန်းတစ်ခုတည်းအတွင်း၌ပင် ပြောင်းရွှေ့ရန် ဆန္ဒရှိမည် မဟုတ်ပေ။ ယင်းတို့၏ လိုလားမှုအခြေအနေကို သိရှိရန် လိုအပ်သည်။ လူမျိုးစုအလိုက် သို့မဟုတ် လာရင်းဒေသအလိုက် နေရာတစ်ခုခုတွင် စုစည်းနေထိုင်ရသည့် အကြောင်းရင်းများမှာ ရုတ်တရက်မပေါ်လွင်ဘဲ ရှိနိုင်သည် သို့မဟုတ် လက်ခံနိုင်ဖွယ် မဟုတ်ဟု ထင်မြင်ခံရနိုင်သည်။ လူဦးရေသိပ်သည်းမှု မြင့်မားနေပါက လူအချို့ကို နေမြဲနေစေပြီး အချို့ကို ရွှေ့ပြောင်း ပေးခြင်းဖြင့် လျှော့ချနိုင်သည်။ လူများအနေဖြင့် မူလစုစည်းထားသည့် အစီအစဉ်များအလိုက် နေရာအသစ်တွင် ပြန်လည်စုစည်းခွင့် ရသင့်သည်။

ပြန်လည် စုဖွဲ့စီစဉ်ခြင်းအားဖြင့် စီမံခန့်ခွဲမှုအား ပိုမို၍ လွယ်ကူစေသည်၊ ထိရောက်စေသည်၊ ပါဝင်ဆောင်ရွက်ခွင့် ရစေသည်၊ လုံခြုံစေသည်။ နေထိုင်သူများအနေဖြင့် ယင်းတို့ အခြေချသည့်နေရာကြောင့် အန္တရာယ် တစ်စုံတစ်ရာ ကြုံရအံ့ဆဲဆဲ ဖြစ်သည့်အခါ သို့မဟုတ် စခန်းနေရာအား မည်သို့ ဖွဲ့စည်းတည်ဆောက်ထားသည် ဆိုသည့်အချက်က ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အရေးကိစ္စများကို ဖြစ်ပေါ်စေသည့်အခါ ပြန်လည်နေရာချထားရန် သို့မဟုတ် ပြန်လည် စုဖွဲ့စီစဉ်ရန် အဆောတလျင် စဉ်းစားရမည်။ မိမိဖာသာ ထူထောင်ထားသော စခန်းများ၏ တည်နေရာ နှင့် စပ်လျဉ်း၍ မည်သူက မြေယာပိုင်ဆိုင်ခွင့်ရှိသည်ကို သတ်မှတ်ရန်၊ မြေယာကို အသုံးပြုရန် မည်သို့ အစီအစဉ် ပြုလုပ် ထားသည်ကို သိရှိရန်လည်း အရေးကြီးသည်။

အခြားစခန်းတစ်ခုမှ ပြန်လည်နေရာရွှေ့ပြောင်းခြင်းကြောင့် အသစ်ထပ်မံ ရောက်လာသူများ ရှိပါက သို့မဟုတ် နေရပ်ပြန်သူများကြောင့် စခန်းရှိ လူဦးရေ လျော့ကျသွားပါက တည်ရှိနှင့်ပြီး စခန်းတစ်ခုအား ပြန်လည်စုဖွဲ့စီစဉ်ရန် လိုအပ်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ အနေဖြင့် မိမိတို့ဖာသာ ထူထောင်ထားသောစခန်းတစ်ခုတွင်လည်း အစီအစဉ်တကျ ထူထောင်ထားသော စခန်းတစ်ခုနည်းတူပင် ပြန်လည်စုဖွဲ့စီစဉ်ခြင်းကို အလားတူ တာဂန်ယူဆောင်ရွက်ရမည်၊ တူညီ သော စံနှုန်းများကို ကျင့်သုံးရမည်။ နေထိုင်မှု အခြေအနေ၊ ဂန်ဆောင်မှုများ နှင့် ကာကွယ်စောင့်ရှောက်မှု တိုးတက်စေ ရန် ရည်သန်လျှက် ယင်းကို ဆောင်ရွက်ရမည်။

## အစီအစဉ်တကျ ထူထောင်ထားသော စခန်း

ယေဘုယျအားဖြင့် စခန်းထူထောင်သည့်အဆင့်တွင် နေရာရွေးချယ်ခြင်း နှင့် နေရာစီစဉ်ချထားခြင်းတို့ မလွဲမသွေ ပါဂင်သည်။ အကောင်းဆုံးမှာ နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများ မရောက်ရှိမီ နေရာကို ရွေးချယ်ပြီး အစီအစဉ်ချထား ရန် ဖြစ်သည်။ သို့ရာတွင် များသောအားဖြင့် လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများ ရောက်ရှိလာချိန်တွင် ယင်းတို့အနေဖြင့် နေရာချထားပြီးဖြစ်ကာ တတ်စွမ်းသမျှ စီစဉ်ထားရှိပြီး ဖြစ်နေတတ်သည်။ ထိုအခါ အခြေအနေကို ပိုမိုတိုးတက်စေရန်သာ စဉ်းစားရတော့မည်ဖြစ်သည်။ ဘေးအန္တရာယ် ကျရောက်လေ့ရှိသော နိုင်ငံများတွင် စခန်းနေရာ ရွေးခြင်း နှင့် အခြား ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများစွာကို ကြိုတင်စီစဉ် ဆောင်ရွက်ထားနိုင်သည်။ အထူးသဖြင့် နေရာစွန့်ခွာရွှေ့ပြောင်းရခြင်းသည် ရာသီအလိုက် မိုးလေဂသ အခြေအနေနှင့် ဆက်စပ်ဖြစ်ပေါ်ခြင်း ဖြစ်တတ်သည်။ အောက်ပါ ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို ဆောင်ရွက်ထားနိုင်သည်။

- ➔ အစိုးရအာဏာပိုင်များ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ခြင်း
- ➔ ဒေသခံ ရပ်ရွာများနှင့် ထိရောက်သော ဆက်သွယ်ရေးလမ်းကြောင်းများ ထူထောင်ခြင်း
- ➔ မြေယာနှင့် အဆောက်အဦများ သတ်မှတ်ရွေးချယ်ခြင်း
- ➔ နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများအား နေထိုင်ခွင့်ပေးရမည့်နေရာရှိ ရေ၊ စားကျက်မြေဆိုင်ရာ အခွင့်အရေး များ၊ စိုက်ပျိုးမြေအသုံးပြုနိုင်မှုများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို နားလည်သိရှိထားခြင်း

➔ နေထိုင်စရာများ (တဲများ)၊ အစားအစာ နှင့် လူသုံးပစ္စည်းများ ကြိုတင်နေရာ ချထားခြင်း

## ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - အမြဲတမ်း အရေးပေါ်အခြေအနေသာ ဖြစ်မနေသင့်ပါ၊ တုံ့ပြန်ဆောင်ရွက်မှုမှ ကြိုတင်ပြင်ဆင်မှုသို့ ပြောင်းလဲပါ။

နမီဘီယားသည် ဘေးအန္တရာယ် ကျရောက်တတ်သော နိုင်ငံတစ်ခုဖြစ်ပြီး ရာသီအလိုက် ရေလွှမ်းမိုးမှုများနှင့် ရလဒ်အားဖြင့် ရာသီအလိုက် နေရပ်စွန့်ခွာရွှေ့ပြောင်းရခြင်းများ ကြုံတွေ့လေ့ရှိသည်။ ၂၀၁၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှုက နေရပ်စွန့်ခွာရွှေ့ပြောင်းရခြင်းအပေါ် နိုင်ငံ၏ တုံ့ပြန်ပုံ အလှည့်အပြောင်းတစ်ခု ဖြစ်စေခဲ့သည်။ စခန်း အစီအစဉ်ချမှတ်ခြင်းနှင့် စီမံခန့်ခွဲမှုသည် အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေး ကိစ္စမျှသာမကပဲ ရာသီအလိုက် အစီအစဉ် ချမှတ်ခြင်း နှင့် ကြိုတင်ပြင်ဆင်မှုတို့ လိုအပ်ကြောင်း အာဏာပိုင်များအနေဖြင့် အသိအမှတ် ပြုလာခဲ့သည်။

၂၀၁၁ခုနှစ် တွင် ရေလွှမ်းမိုးမှုများအပြီး၌ ခန့်မှန်းခြေအားဖြင့် လူ ၁၇,၀၀၀ ကို စခန်းများသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ အစိုးရ ဦးဆောင်သော ပူးတွဲဆန်းစစ်မှုက စခန်းစီမံခန့်ခွဲမှုအပိုင်းတွင် လစ်ဟာမှုများ ရှိနေကြောင်း တွေ့ရှိခဲ့သည်။ ယင်းသည် ရာသီအလိုက် ကြုံတွေ့နေရသည့် ကိစ္စဖြစ်သဖြင့် လတ်တလောအားဖြင့် ပြည့်စုံသော စီမံခန့်ခွဲမှု ပေးရန် သော်လည်းကောင်း၊ နေရပ်စွန့်ခွာရွှေ့ပြောင်းရမှုအပေါ် နိုင်ငံ၏ စီမံခန့်ခွဲနိုင်စွမ်းကို ခိုင်မာလာစေရန်သော်လည်း ကောင်း နှစ်မျိုးစလုံးအပေါ် အဓိကထား ဆောင်ရွက်ခဲ့သည်။ ယင်းသို့ လုပ်ဆောင်ရာတွင် ဒေသအဆင့် လုပ်ဆောင် သူများအား အနာဂတ်တွင် အလားတူအခက်အခဲများ ကြုံရပါက တုံ့ပြန်ဆောင်ရွက်နိုင်စေမည့် လုပ်ကိုင်နိုင်စွမ်း ရှိလာစေရန် ထိရောက်ထက်မြက်သော နည်းလမ်းဖြင့် ဆောင်ရွက်ပေးခဲ့သည်။ အစိုးရအာဏာပိုင်များနှင့် ဘေး အန္တရာယ်ကျရောက်နိုင်ခြေ စီမံခန့်ခွဲရေးဆိုင်ရာ အဓိက လုပ်ဆောင်နေသူများအား စခန်း ညှိနှိုင်းဆောင်ရွက်မှု နှင့် စခန်းစီမံခန့်ခွဲမှု စွမ်းဆောင်ရည် တည်ဆောက်ပေးရေး အစီအစဉ်ကို အကောင်အထည်ဖော်ခဲ့သည်။

စခန်းညှိနှိုင်းဆောင်ရွက်မှု နှင့် စခန်းစီမံခန့်ခွဲမှု စွမ်းဆောင်ရည် ဆန်းစစ်မှုအပေါ် မဟာဗျူဟာကို အခြေပြုခဲ့သည်။ ယင်းဆန်းစစ်မှုက လစ်ဟာမှုများနှင့် စိန်ခေါ်မှုများကို တိကျစွာ ဖော်ထုတ်ပေးခဲ့သည်။ မဟာဗျူဟာတွင် အောက်ပါ အချက်များ ပါဝင်သည်။

➔ နောက်ခံအခြေအနေနှင့်ကိုက်ညီအောင် ပြုပြင်ထားသော သင်တန်းသင်ခန်းစာအစုနှင့် ဆောင်ရွက်ပုံနည်းလမ်းများ
➔ နိုင်ငံအဆင့် စည်းရုံးရေး လှုပ်ရှားမှု
➔ လတ်တလော တုံ့ပြန်ဆောင်ရွက်မှုအတွက် အခြေခံ စခန်း ညှိနှိုင်းဆောင်ရွက်မှု နှင့် စခန်းစီမံခန့်ခွဲမှု စွမ်းဆောင်ရည် သင်တန်း
➔ ရေရှည်အတွက် စခန်း ညှိနှိုင်းဆောင်ရွက်မှု နှင့် စခန်းစီမံခန့်ခွဲမှု စွမ်းဆောင်ရည် တည်ဆောက်နိုင်ရန် နောက်ထပ် နည်းပြသင်တန်းများ

ခြောက်လအတွင်း၌ နိုင်ငံအနေဖြင့် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဒေသန္တရအဆင့်ရှိ အဓိက အဖွဲ့အစည်းများအတွင်း စခန်းညှိနှိုင်းဆောင်ရွက်မှု နှင့် စခန်းစီမံခန့်ခွဲမှု သင်တန်းဆရာများ ပျိုးထောင်နိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ယင်းဆရာများက စခန်းအဆင့် တုံ့ပြန်ဆောင်ရွက်နေသူ ၁၆,၀၀၀ ကို သင်တန်းပေးနိုင်ခဲ့သည်။

နမီးဘီယားသည် ဘေးအန္တရာယ်များ ပြွမ်းတီးနေဆဲပင်ဖြစ်ပြီး ရာသီအလိုက် နေရပ်စွန့်ခွာရွှေ့ပြောင်းရသည့် အန္တရာယ် ကို ကြုံတွေ့နေရဆဲဖြစ်သည်။ ၂၀၁၁ခုနှစ်မှ ရရှိခဲ့သော သင်ခန်းစာ၊ စခန်းညှိနှိုင်းဆောင်ရွက်မှု နှင့် စခန်းစီမံခန့်ခွဲမှုကို ဘေးအန္တရာယ်ကျရောက်နိုင်ခြေ စီမံခန့်ခွဲမှု၏ အဓိက အစိတ်အပိုင်းတစ်ရပ်အဖြစ် ခိုင်မာလာစေရန် စဉ်ဆက်မပြတ် အားထုတ်မှုတို့ကြောင့် နိုင်ငံအနေဖြင့် ရေတိုအားဖြင့်ရော ရေရှည်အားဖြင့်ပါ အနာဂတ်တွင် ဘေးအန္တရာယ်ကြောင့် နေရပ်စွန့်ခွာရွှေ့ပြောင်းရခြင်းများအတွက် ပိုမို အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

## အစီအစဉ်တကျ ထူထောင်ထားသော စခန်းများအတွက် နေရာရွေးချယ်ခြင်း

စခန်းနေရာရွေးချယ်ခြင်းသည် အချက်များစွာအပေါ် မူတည်သည်။ နေရာ၏ အရွယ်အစားနှင့် အခြေအနေ၊ ရင်းမြစ်များ ရရှိနိုင်မှု အပေါ်တွင်လည်းကောင်း၊ ပေးအပ်နိုင်မည့် ဘေးကင်းလုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေး၊ ဓလေ့ ထုံးစံနှင့် လူမှုရေးဆိုင်ရာ စဉ်းစားရန်အချက်များ အပေါ်၌လည်းကောင်း မူတည်သည်။ ထို့အပြင် နေရာတစ်ခုအား ရွေးချယ်ရာတွင်

လက်လှမ်းမီ အသုံးပြုနိုင်မှု၊ ပတ်ဝန်းကျင် ရပ်ရွာများနှင့် ယှဉ်တွဲ ရပ်တည်ရမှု၊ ဘူမိအနေအထား နှင့် မြေမျက်နှာသွင်ပြင်၊ သစ်ပင်သစ်တောများ၊ သဘာဝပတ်ဝန်းကျင်အပေါ် ကျရောက်နိုင်ဖွယ်ရှိသည့် သက်ရောက်မှုများ၊ ရောဂါဘယ ဖြစ်ပွားနိုင်သည့် ပတ်ဝန်းကျင်အခြေအနေများ၊ အခြား အများပြည်သူ ကျန်းမာရေးဆိုင်ရာ ကိစ္စများ စသည်တို့ကို ထည့်သွင်းစဉ်းစားရသည်။ တခါတရံတွင် မြေသို့မဟုတ် အဆောက်အဦများ၏ တန်ဖိုးနိမ့်မှုကို အခြေခံ၍ နေရာရွေးချယ်ကြသည့်အတွက် အခြားတစ်နေရာလောက် သင့်တော်ခြင်း မရှိဘဲ ဖြစ်တတ်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ နှင့် အစုအဖွဲ့/ကဏ္ဍ ဦးဆောင်သူအနေဖြင့် စံနှုန်းများ၊ ရင်းမြစ်များ၊ ဓလေ့ထုံးစံနှင့် လူမှုရေး ကိစ္စများကို ထည့်သွင်းတွက်ဆလျှက် ဖြစ်နိုင်သမျှ အကောင်းဆုံးအဖြေကို အသုံးပြုရန် တိုက်တွန်းရမည်။

### ဘေးအန္တရာယ်ပြ မြေပုံပြုစုခြင်း

နေရာရွေးချယ်ရာတွင် ကနဦးစဉ်းစားရမည့် အချက်မှာ ရေလွှမ်းမိုးမှုများ၊ မုန်တိုင်းများ၊ ငလျင်များကဲ့သို့ ဘေးအန္တရာယ် များမှ ကင်းဝေးစေရန် ဖြစ်သည်။ သို့ဖြစ်၍ ဘေးအန္တရာယ်ပြ မြေပုံပြုစုခြင်းကို တပါတည်း ဆောင်ရွက်ရန် လိုအပ်သည်။ ယခင်က လူနေထိုင်ရန် မသင့်လျော်သောနေရာများကို နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများအတွက် အသုံးပြုခြင်းမျိုး မကြာခဏ ဖြစ်တတ်သည်။

☛ ဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ အချက်အလက်များ ထပ်မံသိရှိလိုပါက - အခန်း (၁၂) ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် လုံခြုံရေး - အခန်းကို ကြည့်ပါ။

### စုစည်းနေထိုင်ရာနေရာများအတွက် နေရာရွေးချယ်ရာတွင် စဉ်းစားရန်အချက်များ

စုစည်းနေထိုင်ရာနေရာများ ထူထောင်ရန် အရေးတကြီးလိုအပ်သည့်အခါ ကျွမ်းကျင်သူထံမှ အကူအညီရယူပြီး အောက်ပါအချက်များကို စဉ်းစားသုံးသပ်ပါ။

- ➔ ရေနှင့် သန့်ရှင်းရေးဆိုင်ရာ အခြေအနေများ၊ မီးကြိုးသွယ်တန်းထားရှိမှု၊ ဖျူစ်များ တပ်ဆင်ထားရှိမှု၊ ချက်ပြုတ် အပူပေးနိုင်သည့် အသုံးအဆောင်များ စသည်ဖြင့် အဆောက်အဦ၏ အခြေအနေ
- ➔ အဆောက်အဦ၏ သွင်ပြင်လက္ခဏာ - နေထိုင်ရာနေရာများနှင့် အများသုံးနေရာများအကြား ခွဲခြားခြင်း/ သီးသန့်ဖြစ်စေခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိအခြေအနေ သို့မဟုတ် ဖြစ်နိုင်ဖွယ်အခြေအနေများ။ ယင်းတို့အား ရည်ရွယ်သည့်အတိုင်း အသုံးပြုနိုင်ရန် ပိတ်ထားနိုင်သော အခန်းနေရာများသည် မှန်ကန်သောအတိုင်းအတာများ ရှိရမည်။
- ➔ အဆောက်အဦအား အသုံးပြုမှု - လက်ရှိတွင် ပညာရေး နှင့် ကျန်းမာရေးအတွက် အသုံးပြုနေပါက လက်ရှိအသုံးပြုမှု အပေါ် မည်သို့သက်ရောက်မှုရှိမည်ကို စဉ်းစားရမည်။ အသုံးမပြုဘဲထားသည့် ဟိုတယ်များ၊ သိုလှောင်ရုံများ သို့မဟုတ် စက်ရုံများကဲ့သို့ အဆောက်အဦများတွင်မူ ယင်းတို့၏ ကြံ့ခိုင်မှုကို စဉ်းစားရန် ဖြစ်သည်။
- ➔ အဆောက်အဦ၏ ပိုင်ဆိုင်မှု - ပုဂ္ဂလိကပိုင်ဖြစ်ပါက ဖယ်ရှားခံရခြင်း၊ အတင်းအကျပ် ဒုတိယအကြိမ် နေရပ်စွန့်ခွာရွှေ့ပြောင်းရခြင်းများ ကြုံရနိုင်သည်။ အစိုးရ သို့မဟုတ် လူမှုရေး အဆောက်အဦများကို ပိုမိုဦးစားပေး အသုံးပြုသင့်သည်။ အများပိုင် ဖြစ်ပါကလည်း စီမံခန့်ခွဲမှု ဖွဲ့စည်းပုံက အဟန့်အတားတစ်ရပ် ဖြစ်လာနိုင်သည်။
- ➔ အရွယ်အစား - နေထိုင်သူ ၁၀၀ အောက်သာ ဆန့်သည့် အဆောက်အဦများတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ရယူအသုံးပြုနိုင်ရန်ခက်ခဲနိုင်သည်။ သို့ရာတွင် နေထိုင်သူများအကြား စည်းလုံးမှု ပိုမိုမြင့်မားပြီး ကျားမကဏ္ဍကွဲပြားမှုအပေါ် အခြေခံသော အကြမ်းဖက်မှု ဖြစ်ပွားနိုင်ခြေ လျော့နည်းသည်။ နေထိုင်သူ ၁၀၀ ထက် ပို သော စုစည်းနေထိုင်ရာနေရာများတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လူ ၁၀၀ ကျော်ထံ ထောက်ပံ့နိုင်မည်။ လုံခြုံရေး၊ ကျားမကဏ္ဍ ကွဲပြားမှုအပေါ် အခြေခံသော အကြမ်းဖက်မှုဆိုင်ရာ အန္တရာယ် ဖြစ်နိုင်ခြေများ ပိုမြင့်လာပြီး စည်းလုံးမှု အားနည်းမည်။
- ➔ အသုံးပြုရန် ကြာမြင့်မည့်အချိန် - ရေရှည်နေရပ်စွန့်ခွာရွှေ့ပြောင်းရသည့် အခြေအနေမျိုးတွင် နေထိုင်ရန်နေရာ တိုးချဲ့ရန်

လိုအပ်ချက်ရှိလာနိုင်သည်ကို ထည့်သွင်းစဉ်းစားထားရမည်။
Collective Centre Set-Up, Collective Centre Guidelines အခန်း ၈ ၊ စာမျက်နှာ ၅၈ မှ ကိုးကားရယူထားသည်။

## တည်နေရာ

### *လုံခြုံရေး*

စခန်းတစ်ခု၏ တည်နေရာသည် နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများ၏ လုံခြုံမှုကို တိုးတက်စေနိုင်သကဲ့သို့ ဆုတ်ယုတ်စေခြင်းလည်းဖြစ်နိုင်သည်။ အိမ်ရှင်ရပ်ရွာလူထုနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများအကြား ခိုင်မာသော ဆက်ဆံရေးများရှိခြင်း၊ လုံခြုံရေးတပ်ဖွဲ့များနှင့် နီးကပ်ခြင်း၊ ရင်းမြစ်များ ပေါများခြင်းတို့သည် ကာကွယ်စောင့်ရှောက်မှု ရစေသည့်အချက်များပင် ဖြစ်သည်။ ရန်လိုသော ရပ်ရွာများနှင့် နီးကပ်မှု၊ သောင်းကျန်းသူ စခန်းများနှင့် နီးကပ်မှု၊ ရင်းမြစ်များ ရှားပါးသည့်နေရာ ဖြစ်မှုတို့သည် အနှုတ်သဘောဆောင်သည့် အချက်များ ဖြစ်သည်။ ဖြစ်သင့်သည်မှာ စခန်းတစ်ခုသည် ရှေ့တန်း၊ နယ်စပ်၊ မိုင်းရှိသည့်နေရာ သို့မဟုတ် အခြားအန္တရာယ်များ ရှိရာ နေရာနှင့် ကီလိုမီတာ ၅၀ သို့မဟုတ် ခြေလျင် တစ်ရက်ခရီး အကွာတွင် တည်ရှိရန်ဖြစ်သည်။ ထို့ပြင် စခန်းသည် မိုင်း ရှိသည့်နေရာနှင့် နီးနေပါက စခန်းတွင်နေထိုင်သူများအတွက် မိုင်းသတိပြုရေး အထူးသင်တန်းများကို စခန်းစီမံခန့်ခွဲမှုအေဂျင်စီ နှင့် အခြား အထူးပြုအေဂျင်စီများမှ ပို့ချရမည်။

☛ လုံခြုံရေးနှင့် စပ်လျဉ်း၍ အချက်အလက်များ ထပ်မံသိရှိလိုပါက - အခန်း (၁၂) ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် လုံခြုံရေး - အခန်းကို ကြည့်ပါ။

### *လက်လှမ်းမီအသုံးပြုနိုင်မှု*

ပံ့မှန် အထောက်အပံ့များ ပေးပို့ရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန်၊ ကျန်းမာရေး စောင့်ရှောက် မှုကဲ့သို့ မရှိမဖြစ် ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန်တို့အတွက် စခန်းများသည် လွယ်ကူစွာ လက်လှမ်းမီသည့် အနေအထားတွင် ရှိရမည်။ စခန်း မထူထောင်မီက ရှိနှင့်ပြီးသော ဝန်ဆောင်မှုများသည် စခန်းတည်နေရာ အနီး တွင် ရှိနေပါက စခန်းတွင် နေထိုင်သူများလည်း တန်းတူရည်တူ ရယူအသုံးပြုနိုင်ရန် အစိုးရအာဏာပိုင်များ၊ သက်ဆိုင်ရာ ရပ်ရွာများနှင့် ညှိနှိုင်းရမည်။

### *ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု*

အမျိုးသားဥယျာဉ်များ၊ ဘေးမဲ့တောများ၊ ကာကွယ်ထိန်းသိမ်းထားသောနေရာများ အနီးတွင်လည်းကောင်း ရေကန်များ၊ သစ်တောများ သို့မဟုတ် ရေဝေရေလဲဒေသများကဲ့သို့ ထိခိုက်လွယ်သည့် သဘာဝစနစ်များ အနီး တွင်လည်းကောင်း စခန်းများကို မထူထောင်သင့်ပေ။ ထိုကဲ့သို့သော နေရာများမှ ၁၅ ကီလိုမီတာ သို့မဟုတ် တစ်ရက် ခြေလျင်ခရီးအကွာတွင် စခန်းများ တည်ရှိပါက အကောင်းဆုံးဖြစ်သည်။ အခြားရွေးချယ်ရန် နည်းလမ်း မရှိပါက ကျူးကျော်ဝင်ရောက်မှု မရှိစေရန် အစောင့်များ ထားရှိခြင်းကဲ့သို့ ကြိုတင်ပြင်ဆင်မှုများ စီစဉ်ဆောင်ရွက် ရမည်။ ဘာသာရေး သို့မဟုတ် ဓလေ့ထုံးတမ်းအရ အရေးပါသည့် ပွဲတော်များ၊ အထိမ်းအမှတ်နေရာများ၊ သမိုင်း ဝင် အဆောက်အဦများ၊ အမှတ်တရ နေရာများ၊ သင်္ချိုင်းများစသည်တို့နှင့် အကွာအဝေးကိုလည်း ထည့်သွင်း စဉ်းစားရမည်။

အချို့ကိစ္စများမှာ သိရှိဖော်ထုတ်ရန် မလွယ်ပေ။ မြေမြှုပ်မိုင်းများရှိခြင်း၊ ညစ်ညမ်းနေခြင်း၊ ရေလွှမ်းမိုးမှုနှင့် မြေပြိုမှု ကဲ့သို့ ဘေးအန္တရာယ်များ ကျရောက်တတ်ခြင်း သို့မဟုတ် ပိုင်ဆိုင်မှု အငြင်းပွားနေခြင်းကဲ့သို့ အကြောင်းရင်းများ ကြောင့် နေရာတစ်ခုကို စွန့်ပစ်ထားခြင်း သို့မဟုတ် မည်သည့်အခါမှ အသုံးမပြုဘဲရှိခြင်းများ ဖြစ်တတ်ပြီး နေရာ လွတ် ရှားပါးစေတတ်သည်။ ဒေသခံ စီမံကိန်းရုံးများ၊ မိုင်းရှင်းလင်းရေး အေဂျင်စီများ၊ ကျေးလက်ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ နှင့် စိုက်ပျိုးရေး ဝန်ကြီးဌာနများစသည်တို့မှ အကြံဉာဏ် ရယူသင့်သည်။

အရည်ဖြစ်စေ၊ အခဲဖြစ်စေ စွန့်ပစ်ပစ္စည်းများအတွက် စီမံခန့်ခွဲခြင်းသည်လည်း အခြား ပူပန်ဖွယ်ကိစ္စ တစ်ရပ်ပင် ဖြစ်သည်။ များသောအားဖြင့် အစိုင်အခဲ စွန့်ပစ်ပစ္စည်းများကို စခန်းအတွင်း၌ စွန့်ပစ်တတ်ကြသည်။ မြေပေါ် မြေအောက် ရေအရင်းအမြစ်များ မညစ်ညမ်းစေရေးနှင့် အစိုင်အခဲ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းကို စခန်းအတွင်း ၌ တွင်းများဖြင့် သော်လည်းကောင်း သို့မဟုတ် စခန်းအပြင်သို့စွန့်ပစ်ခြင်းဖြင့် သော်လည်းကောင်း စနစ်တကျ ဆောင်ရွက်ရေးတို့အတွက် အလေးထား ဆောင်ရွက်ရန် လိုအပ်သည်။

ဆေးရုံ သို့မဟုတ် အသေးစား လုပ်ငန်း များမှ စွန့်ပစ်ပစ္စည်းများအတွက်မူ မီးပြင်းဖိုဖြင့် မီးရှို့ဖျက်ဆီးခြင်းကဲ့သို့ သီးသန့်နည်းလမ်းများ အသုံးပြုရန် လိုအပ်သည်။ သန့်ရှင်းရေး အသုံးအဆောင်များ ရှိနှင့်ပြီးဖြစ်သည့် စုစည်းနေထိုင်ရာနေရာများအတွက်မူ ယင်းတို့ကို ဆန်းစစ်ပြီး အသုံးပြုမည့် လူဦးရေအတွက် လုံလောက်သည့် ပံ့ပိုးမှုမပေးနိုင်ကြောင်း တွေ့ရှိရပါက ယင်းတို့ကို ပိုမိုကောင်းမွန် အောင် ဆောင်ရွက်ရမည်။

☛ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းနှင့် စပ်လျဉ်း၍ အချက်အလက်များ ထပ်မံသိရှိလိုပါက - အခန်း (၁၄) ရေ၊ ပတ်ဝန်းကျင် နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး - ကို ကြည့်ပါ။

နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများနှင့်အတူ ပါလာသော ကြီးမားသည့် ကျွဲနွားတိရစ္ဆာန်အုပ်များအတွက် စားကျက် မြေ၊ ရေနှင့် နေရာလွတ်တို့အတွက် စဉ်းစားရမည်။ ကြီးမားပြီး ထိန်းချုပ်ခြင်းမရှိသော တိရစ္ဆာန်အုပ်များက ရှားပါး သော ရင်းမြစ်များအတွက် အပြိုင်အဆိုင်ဖြစ်စေခြင်း၊ မြေလွှာပျက်စီးခြင်းနှင့် တိုက်စားခြင်းများ ဖြစ်စေနိုင်သဖြင့် ဒေသခံရပ်ရွာများနှင့် ပဋိပက္ခဖြစ်စေမည့် အကြောင်းတစ်ရပ် ဖြစ်လာနိုင်သည်။ ဒေသဓလေ့ထုံးတမ်း၊ ဘာသာရေး စည်းကမ်းများ၊ အများပြည်သူ ကျန်းမာရေးအတွက် အန္တရာယ် ကျရောက်နိုင်ခြေတို့အပေါ် အခြေခံ၍ သားသတ်ရုံ များ ထားရှိရေးကိုလည်း စဉ်းစားသင့်သည်။

ဖြစ်လေ့ဖြစ်ထရှိသော ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ အသိပညာပေးထားခြင်းအားဖြင့် တင်းမာမှုများ လျော့နည်းစေမည့်အပြင် လုပ်ငန်း၏အဆင့်တိုင်းတွင် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအပေါ် အထောက်အကူ ဖြစ်စေမည် ဖြစ်သည်။ ပါဝင်သူအားလုံးအနေဖြင့် ဒေသန္တရစည်းမျဉ်းများ နှင့် လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာရမည်။

☛ ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ အချက်အလက်များ ထပ်မံသိရှိလိုပါက - အခန်း (၆) သဘာဝပတ်ဝန်းကျင် - ကို ကြည့်ပါ။

## အခြေအနေများ

*အရွယ်အစား*

စဖီးယားစီမံချက်အရ လူတစ်ဦးလျှင် အနည်းဆုံးအားဖြင့် လိုအပ်သည့် နေရာအကျယ်အဝန်းမှာ ၄၅ စတုရန်း မီတာ ဖြစ်သည်။ ယင်း အတိုင်းအတာတွင် လမ်းများ၊ ခြေသွားလမ်းများ၊ အများသုံး ချက်ပြုတ်ရန်နေရာများ၊ ပညာရေးဆိုင်ရာ အဆောက်အဦများ၊ အပန်းဖြေရန်နေရာများ၊ သန့်ရှင်းရေး၊ မီးတားလမ်းများ၊ စီမံအုပ်ချုပ်မှုဆိုင်ရာနေရာ၊ ရေ သိုလှောင်ရန်နေရာ၊ ဖြန့်ဝေရန်နေရာ၊ ဈေးများ၊ သိုလှောင်ရန်နေရာ၊ အိမ်ထောင်စုတစ်စုချင်း အလိုက် အကန့် အသတ်ဖြင့် မီးဖိုချောင်သုံး စိုက်ပျိုးနေရာများ ပါဝင်သည်။ အကယ်၍ အများသုံးဝန်ဆောင်မှုများကို စခန်းပြင်ပရှိ ရှိနှင့်ပြီးသောဌာနများမှ ပေးအပ်ပါက အနည်းဆုံးအားဖြင့် လိုအပ်သည့် နေရာအကျယ်အဝန်းမှာ ၃၀ စတုရန်း မီတာ ဖြစ်သည်။ ယင်းအတိုင်းအတာတွင် လမ်းများ၊ လမ်းသွယ်များ၊ ဈေးများ၊ ကျန်းမာရေးဌာနများ၊ ကျောင်းများ၊ စီမံ အုပ်ချုပ်ရေး ဌာနများကဲ့သို့ အများဆိုင်နေရာများပါဝင်သည်။ ဥယျာဉ်စိုက်ပျိုးခြင်း သို့မဟုတ် တိရစ္ဆာန်ငယ်များ မွေးမြူခြင်းကဲ့သို့ လုပ်ငန်းများ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခြေအနေအရရော ယဉ်ကျေးမှုအရပါ ခွင့်ပြုပါက အနည်းဆုံးအားဖြင့် လိုအပ်သည့် နေရာအကျယ်အဝန်းကို ၄၅ စတုရန်းမီတာ သတ်မှတ်သင့်သည်။

ယေဘုယျအားဖြင့် စခန်းတွင် နေထိုင်သူဦးရေမှာ ၂၀,၀၀၀ မကျော်သင့်ပေ။ သို့မှသာ ထိုက်သင့်သော ဝန်ဆောင်မှု များ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး စည်းလုံးမှုလည်းရှိမည်။ သို့ရာတွင် နေရပ်စွန့်ခွာရွှေ့ပြောင်းရမှု ပမာဏ ကြီးမားခြင်း သို့မဟုတ် သင့်လျော်သောမြေ မရှိခြင်းတို့ကြောင့် စခန်းများအနေဖြင့် လူအရေအတွက် ပိုမိုလက်ခံရတတ်သည်။ ယင်းအခြေအနေတွင် ပတ်ဝန်းကျင်အနီးအနား၌ စခန်းများ ထူထောင်ရန်ဖြစ်သည်။ အများဆုံး ခွင့်ပြုနိုင်သော လူဦးရေကို သတ်မှတ်ကာ အစိုးရအာဏာ ပိုင်များအား အသိပေးထားရမည်။ သို့မှသာ သတ်မှတ်ပမာဏ၏ ၇၅ ရာခိုင်နှုန်းသို့ ရောက်ရှိခြင်းကဲ့သို့ သတ်မှတ်ပမာဏတစ်ခု ရောက်ရှိသည့်အခါ နေရာအသစ်တစ်ခုကို စတင်ရှာဖွေကာ လူသစ်များ အတွက် ကြိုတင်ပြင်ဆင်ရမည်။

သဘာဝအားဖြင့် လူဦးရေ တိုးပွားခြင်းကိုလည်း ထည့်သွင်းစဉ်းစားရမည်။ ယင်းမှာ တစ်နှစ်လျှင် ၃ - ၄ ရာခိုင်နှုန်း ရှိတတ်သည်။ လူဦးရေသိပ်သည်းမှု မြင့်မားသောနေရာများတွင် စိတ်ပိုင်းဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်ခြင်းကဲ့သို့ ထပ်တိုး အန္တရာယ်များ ရင်ဆိုင်ရတတ်ကြောင်း သတိပြုရမည်။

**ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - လက်ဘနွန်ရှိ စုစည်းနေထိုင်ရာနေရာများ၏ အရွယ်အစားများနှင့် အမျိုးအစားများ၊ ၂၀၁၃**

လက်ဘနွန်နိုင်ငံအတွင်း ဆီးရီးယားမှ ဒုက္ခသည်များစွာ ဝင်ရောက်လာသဖြင့် စုစည်းနေထိုင်ရာနေရာများ အမျိုးမျိုး ထူထောင်ခဲ့ရသည်။ ကျောင်းများ၊ အများစည်းဝေးရာခန်းမများ၊ မပြီးစီးသေးသော ပုဂ္ဂလိက အဆောက်အဦများကို အဆင့်မြှင့်တင်ပြီး နယ်စပ်ဖြတ်ကျော်ဒုက္ခသည်များအနက် ဘေးအန္တရာယ်ကျရောက်လွယ်မှု အရှိဆုံးသူများကို လက်ခံခဲ့သည်။ စုစည်းနေထိုင်ရာနေရာများ၏ အရွယ်အစားများမှ အတန်ပင် ကွဲပြားသည်။ အကြီးမားဆုံး စခန်းများတွင် မိသားစု ၁၇၀ (လူ ၈၅၀)၊ အခြားစခန်းများတွင် မိသားစု ၆၀ (လူ ၄၀၀)၊ အသေးဆုံးစခန်းများတွင် မိသားစု ၂၀ (လူ၁၀၀) ခန့်စီ နေရာချထားခဲ့သည်။

### *ဘူမိအနေအထားနှင့် မြေမျက်နှာသွင်ပြင်*

လျှောစောက် ၂ နှင့် ၆ ရာခိုင်နှုန်း အကြားရှိသော အနည်းငယ်မျှ စောင်းနေသည့် မြေအနေအထားက သဘာဝ အလျောက် ရေစီးရေလာ ကောင်းစေပြီး စိုက်ပျိုးရေးအတွက်လည်း ကောင်းမွန်သည်။ မြေ ပြန့်ပြူးသောနေရာများတွင် ရေစီးရေလာပြဿနာ ရှိတတ်ပြီး ရေများ အိုင်နေခြင်းမျိုး ဖြစ်တတ်သည်။ ယင်းအခြေအနေမျိုးတွင် ခြင်ကဲ့သို့ ရောဂါ သယ်ဆောင်သည့် ပိုးမွှားများ ပေါက်ဖွားစေနိုင်သည်။ လျှောစောက် ၆ ရာခိုင်နှုန်းထက် ကျော်လွန်သော မြေမျိုး သည်လည်း အဆောက်အဦ ဆောက်လုပ်သင့်သည့် မျက်နှာပြင်မျိုး မရှိခြင်း၊ မြေပြိုခြင်း နှင့် ရေစီးကြောင်း ကျရောက် နိုင်သည့် အန္တရာယ်ရှိခြင်းတို့ကြောင့် အသုံးပြုရန် မသင့်ပေ။

☛ ရောဂါပိုးသယ်ဆောင်သော ပိုးမွှားများမှတစ်ဆင့် ဖြစ်ပွားသော ကူးစက်ရောဂါများနှင့် ပိုးမွှားနှိမ်နင်းရေးတို့နှင့် စပ်လျဉ်း၍ အချက် အလက်များ ထပ်မံသိရှိလိုပါက - အခန်း (၁၄) ရေ၊ ပတ်ဝန်းကျင် နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး - ကို ကြည့်ပါ။

ရေစုပ်ယူနိုင်သော မြေအမျိုးအစားမှာ အထူးသဖြင့် ဆောက်လုပ်ရေး နှင့် အိမ်သာများအတွက် လိုလားဖွယ်ဖြစ်သည်။ အကယ်၍ မြေသည် သဲဆန်လွန်းပါက အိမ်သာနှင့် အခြားအဆောက်အဦများ ပြိုကျလိမ့်မည်။ ကျောက်သား ထူထပ်လွန်းသော မြေတွင် နေထိုင်စရာနှင့် အိမ်သာ ဆောက်လုပ်ရန် အခက်ကြုံမည်ဖြစ်ပြီး ဥယျာဉ်စိုက်ပျိုးရန်လည်း ခက်ခဲပေလိမ့်မည်။ ယေဘုယျအားဖြင့် စခန်းရှိ အဓိကအဆောက်အဦများသည် မိုးရာသီတွင် ရေမျက်နှာပြင်အမြင့် ထက် သုံးမီတာ အမြင့်တွင် ရှိသင့်သည်။

### ရေ၊ ထင်း နှင့် ဆောက်လုပ်ရေးပစ္စည်းများကဲ့သို့ ရင်းမြစ်များ ရရှိနိုင်မှု

ရေရရှိနိုင်မှုသည် နေရာရွေးရာတွင် အရေးအကြီးဆုံး အချက်ဖြစ်သည်။ ရေပြတ်သွားပါက ရောဂါဘယနှင့် သေကြေမှုများ၊ ပဋိပက္ခများ ဖြစ်ပွားစေနိုင်သည်။ နေရာတစ်ခုကို မရွေးချယ်မီ စခန်း၏ ခန့်မှန်း နေ့စဉ် ရေလိုအပ်ချက်ကို သတ်မှတ်ရန် အရေးကြီးသည်။

ရေကို လုံလောက်သော ပမာဏအားဖြင့် တစ်နှစ်ပတ်လုံး ရရှိနိုင်ရမည်၊ လက်လှမ်းမီ အသုံးပြုနိုင်ရမည်။ မိုးရာသီတွင် မြေအောက်ရေနှင့် မြေပေါ်ရေမျက်နှာပြင်သည် ထင်မြင်ချက်မှားလောက်ဖွယ် မြင့်မားသော်လည်း ခြောက်သွေ့သော ရာသီတွင် အလွန်အမင်း နိမ့်ကျသွားနိုင်သည်။ ရေသယ်ကားများဖြင့် သယ်ယူခြင်း သို့မဟုတ် ဝေးကွာသောနေရာမှ ရေစုပ်စက် ဖြင့် သယ်ယူခြင်းတို့ကို ဖြစ်နိုင်ပါက ရှောင်ရှားပါ။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် စရိတ်ကြီးမြင့်ပြီး ပျက်စီး ပြတ်တောက်နိုင်ကာ လုံခြုံရေးအရ အန္တရာယ်ကျရောက်လွယ်သည်။

အနယ်အနှစ်များ ဖယ်ရှားခြင်း၊ သန့်စင်ခြင်းတို့ကို ဆောင်ရွက်ရန် ထိရောက်သော နည်းလမ်းများစွာ ရရှိနိုင်ပြီဖြစ်၍ စခန်းနေရာရွေးချယ်ရာတွင် ရေ၏ အရည်အသွေးမှာ အရေးအတွက်ပမာဏလောက် ပြဿနာ မရှိတော့ပေ။ သို့ရာတွင် ယင်းအချက်မှာ သတ္တုဓာတ်များစွာ ရေတွင် ပါဝင်နေခြင်းကို မဆိုလိုပေ။ ယင်းသို့သော အခြေအနေတွင်မူ သီးသန့် စစ်ဆေးမှုများ ပြုလုပ်ရမည်။

☛ ရေပေးဝေမှုဆိုင်ရာ စံနှုန်းများ၊ အညွှန်းကိန်းများနှင့် စပ်လျဉ်း၍ အချက်အလက်များ ထပ်မံသိရှိလိုပါက - အခန်း (၁၄) ရေ၊ ပတ်ဝန်းကျင် နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး - ကို ကြည့်ပါ။

ချက်ပြုတ်ခြင်း နှင့်/သို့မဟုတ် အပူဓာတ်ပေးခြင်းအတွက် လောင်စာသည် ထည့်သွင်းစဉ်းစားရမည့် အခြား အရေးကြီး ရင်းမြစ်တစ်ရပ်ဖြစ်သည်။ အထူးသဖြင့် ထင်းသည် အဓိက လောင်စာရင်းမြစ် ဖြစ်သည့်အခါ စခန်းရှိသူများအတွက် လိုအပ်နိုင်မည့် ချက်ပြုတ်ရန်နှင့် အပူပေးရန် လိုအပ်ချက်အတွက် ဆန်းစစ်မှုတစ်ရပ် ပြုလုပ်ရန် လိုအပ်နိုင်သည်။ ထင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဒေသ ပတ်ဝန်းကျင် သို့မဟုတ် စီးပွားရေး အခြေအနေကို သိရှိထားရန် လိုအပ်သည်။ များသောအားဖြင့် လောင်စာ သက်သာသော မီးဖိုများ နှင့် စွမ်းအင်ချွေတာသည့် အလေ့အထများကို စတင်အသုံးပြုစေပြီး အခြားသော ထင်းချွေတာသည့် နည်းလမ်းများကိုလည်း လေ့လာစူးစမ်းရမည်။
စခန်းမှ အသွားအပြန် ၁၅ ကီလိုမီတာ/ ခြေလျင်တစ်ရက်ခရီး အကျယ်ရှိသည့် ပတ်ဝန်းကျင်တွင် လောင်စာထင်း ရနိုင်မှု အခြေအနေကို လေ့လာဆန်းစစ်ရမည်။

**လောင်စာထင်း အသုံးပြုမှု**

လူတစ်ဦးလျှင် တစ်နေ့စာ ထင်းအသုံးပြုမှု ၁.၆ မှ ၂.၈ ကီလိုဂရမ် ရှိပြီး ရာသီဥတု၊ အစားအစာ ရင်းမြစ်များနှင့် ဓလေ့ထုံးစံ အပေါ် မူတည်သည်။

**လောင်စာထင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု**

လုံခြုံမှုမရှိသည့် ပတ်ဝန်းကျင်တွင် လောင်စာထင်း ရှာဖွေခြင်းသည် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အန္တရာယ်ရှိသော နေ့တဓူဝလုပ်ငန်း ဖြစ်လာသည်။ စခန်းနေရာ အနီးဝန်းကျင်တွင် လုံလောက်သော လောင်စာထင်း မရှိခြင်းက အမျိုးသမီးများအား ကွာဝေးသောနေရာများသို့ သွားရောက်ရစေသည်။ ထိုမှတစ်ဆင့် မလျော်မကန် ပြုမှုများ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် အနှောက်အယှက်ပေးမှုများ ဖြစ်ပွားစေသည်။ ယင်းပြဿနာကို လျော့နည်း စေသည့် လောင်စာချွေတာသော မီးဖိုများ အသုံးပြုခြင်း အပါအဝင် အခြားနည်းလမ်းများကို အခန်း (၆) သဘာဝ ပတ်ဝန်းကျင် တွင် ဖော်ပြထားသည်။

စခန်းနေရာကို ရွေးချယ်သည့်အချိန်တွင် ဆောက်လုပ်ရေးပစ္စည်းများ ရရှိနိုင်မှုကိုလည်း ဆန်းစစ်လေ့လာရမည်။ အများအားဖြင့် အသုံးပြုလေ့ကြသည့်ပစ္စည်းများ၊ ယင်းတို့ကို စခန်းနေရာအသစ်တွင် ရရှိနိုင်မှု၊ သို့မဟုတ် ယင်းပစ္စည်း များကို မရရှိနိုင်ပါက အခြားရရှိနိုင်သောပစ္စည်းများကို စိစစ်ဆုံးဖြတ်ရမည်။ ဆန်းစစ်ချက်များအရ ပတ်ဝန်းကျင်ကို မထိခိုက်နိုင်ဟု ဖော်ပြပါက စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ဆောက်လုပ်ရေးပစ္စည်းများကို အိမ်ရှင်အသိုက်အဝန်းထံမှ ရယူရန်အတွက် စီစဉ်ဆောင်ရွက်သင့်သည်။ ဤသို့ဆောင်ရွက်ခြင်းသည် နေရပ်စွန့်ခွာရွှေ့ပြောင်းရသည့် လူထု အနေဖြင့် ပစ္စည်းများကို မိမိတို့ဖာသာ စုဆောင်းခြင်းထက် ပိုမို ထိရောက်ကောင်းမွန်နိုင်သည်။ ဤသို့သော အစီအစဉ်သည် ကုန်ကျစရိတ်ကို သက်သာစေသည့်အပြင် အိမ်ရှင်ရပ်ရွာလူထုကို စီးပွားရေး အထောက်အပံ့ များပေးနိုင်သောကြောင့် ယင်းတို့နှင့် ကောင်းမွန်သောဆက်ဆံရေးကိုလည်း တည်ဆောက်ပေးသည်။ သို့သော်ငြား လည်း ယင်းသို့ဆောင်ရွက်ရန် မဖြစ်နိုင်ပါက ပစ္စည်းများကို အခြားနေရာများမှ ရယူသင့်သည်။ ဆောက်လုပ်ရေး ပစ္စည်းများကို ရေရှည်ခံသည့်ရင်းမြစ် သို့မဟုတ် ရေရှည်ရရှိနိုင်သည့် ရောင်းချသူများထံမှ ရယူကြောင်း၊ အထူးသဖြင့် ယင်း သစ်များသည် ယုံကြည်ထိုက်သောအေဂျင်စီမှ ထောက်ခံထားသည့် သစ်များဖြစ်ကြောင်းတို့ကို သေချာစေရန် သတိပြု ဆောင်ရွက်ရမည်။

## သစ်ပင်များနှင့် သဘာဝပေါက်ပင်များ

အရိပ်အာဝါသ ရရှိရန်၊ မြေဆီလွှာတိုက်စားခံရခြင်းကို လျော့နည်းစေရန်၊ ဖုန်မှုန့်များကို လျှော့ချရန် နှင့် နောက်ဆုံးတွင် စခန်းနေရာ ပြန်လည်ထူထောင်ခြင်းကို အဟုန်မြှင့်တက်စေရန်တို့အတွက် စခန်းနေရာရှိ သစ်ပင်များ၊ သဘာဝ ပေါက်ပင်များနှင့်

အပေါ်ယံမြေဆီလွှာများကို အတတ်နိုင်ဆုံး ထိန်းသိမ်းရမည်။ သစ်ပင်များနှင့် သဘာဝပေါက်ပင်များ စိုက်ပျိုးခြင်းကို အစီအစဉ်ရေးဆွဲပြီး တိုက်တွန်းအားပေးသင့်သည်။

☛ ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ အချက်အလက်များ ထပ်မံသိရှိလိုပါက - အခန်း (၆) သဘာဝပတ်ဝန်းကျင် - အခန်းကို ကြည့်ပါ။

## ပတ်ဝန်းကျင်ဆိုင်ရာနှင့် ရောဂါဘယဖြစ်ပွားနိုင်သည့် အန္တရာယ်များ

ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ဆီးနှင်းများ ထူထပ်စွာကျခြင်းနှင့် အခြားသော ပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များစသည့် ဘေးအန္တရာယ်ကျရောက်နိုင်သည့် စခန်းနေရာများကို ရှောင်ရှားရမည်။ အချို့သော အခြေအနေများတွင် ဤအန္တရာယ်များသည် ရာသီအလိုက် ချဉ်းနင်းဝင်ရောက်လာမှသာ သိသာထင်ရှားလာသည်။ အစိုးရအာဏာပိုင်များနှင့် တိုင်ပင်ဆွေးနွေးခြင်းသည် ပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များကို တားဆီးရန် သို့မဟုတ် အနည်းဆုံး ကြိုတင် ခန့်မှန်းရန် အထောက်အကူပြုနိုင်သည်။

ငှက်ဖျား သို့မဟုတ် မြစ်အနီးအနားတွင် ဖြစ်ပွားသည့် မျက်စိကွယ်ရောဂါ (river blindness) စသည့် ကပ်ပါးပိုးကြောင့် ဖြစ်သည့်ရောဂါများ ကဲ့သို့ ကျန်းမာရေးဆိုင်ရာအန္တရာယ်များသည် ချက်ချင်း သိသာထင်ရှားသည့် အန္တရာယ်များ မဟုတ်နိုင်ပါ။ စခန်းနေရာ တည်ဆောက်ပြုပြင်မှုကော်မတီတွင် ပါဝင်သည့် ကျန်းမာရေးအေဂျင်စီများသည် ဒေသ တွင်းရှိ ဆေးခန်းများသို့ သွားရောက်ပြီး ယင်းနေရာဒေသတွင် ဖြစ်လေ့ရှိသည့် ကျန်းမာရေးဆိုင်ရာ အန္တရာယ်များ ဖြစ်လာနိုင်ခြေကို ဖော်ထုတ်ရမည်။

☛ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အချက်အလက်များ ထပ်မံသိရှိလိုပါက - အခန်း (၁၆) ကျန်းမာရေး စောင့်ရှောက်မှုနှင့် အစာအဟာရ - အခန်းကို ကြည့်ပါ။

### ပထဝီဒေသဆိုင်ရာ သတင်းအချက်အလက်စနစ် (GIS) နည်းပညာများကို စခန်းများတွင် အသုံးပြုခြင်း

အဓိက အခြေခံအဆောက်အအုံ နှင့် လူဦးရေတို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များနှင့် ပတ်သက်ပြီး စခန်းနေရာ၏ ပထဝီအနေအထားကို မြေပုံပေါ်တွင် နေရာချရန်အတွက် စခန်းစီမံခန့်ခွဲမှုတွင် GIS နည်းပညာကို အသုံးပြုသည်။ ဥပမာ - GIS သည် စခန်းအစီအစဉ်ရေးဆွဲသူတစ်ဦးအား မီတာ ၅၀၀ အတွင်းရှိ ရေရရှိရာ နေရာ နှင့် နေထိုင်စရာများအကြား ဆက်စပ်မှုကို မြေပုံပေါ်တွင် နေရာချစေနိုင်ရန် အထောက်အကူပြုသည်။ ယင်းနောက် စခန်း၏ မည်သည့်အပိုင်းများသည် ရေရရှိနိုင်မှု အနိမ့်ဆုံး စံနှုန်းများနှင့် မကိုက်ညီသည်ကို ယင်းက ဖော်ပြပေးသည်။

အုပ်စုများနှင့် လူတစ်ဦးချင်းတို့သည် စခန်းတွင် မည်သည့်နေရာများ၌ နေထိုင်သည်ကို ဖော်ပြသည့် အသေးစိတ် လူဦးရေဆိုင်ရာ သတင်းအချက်အလက်များကို မြေပုံပေါ်တွင်နေရာချရန်အတွက် GIS သည် စွမ်းဆောင်ရည်ရှိသော အားကောင်းသည့် ကိရိယာတစ်ခုဖြစ်သည်။ ထို့ကြောင့် လူဦးရေ အချက်အလက်များကို အသုံးပြုသည့်အခါ ကာကွယ် စောင့်ရှောက်ရေး ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရန်၊ အချက်အလက်များကို သင့်တင့်စွာ စုပေါင်းထားရန် အရေး ကြီးသည်။ သို့မှသာ ဘေးအန္တရာယ် ကျရောက်လွယ်သူများကို မဆိုင်သူများက သိရှိဖော်ထုတ်ခြင်း မပြုနိုင်ရန် ထိန်းသိမ်း ထားရှိနိုင်မည်။

ဥပမာ - စခန်းအဆင့်တွင် ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေခံ၍ ဖြစ်ပွားသော အကြမ်းဖက်မှု ကြုံခဲ့ရသူများကို မြေပုံ ပေါ်တွင် နေရာချခြင်းသည် အသက်ရှင်လွတ်မြောက်ခဲ့သူများ၏ အမည်များကို မြေပုံပေါ်တွင် မရရှိနိုင်သည့်တိုင် ယင်း တို့၏ နေအိမ်တည်နေရာ အတိအကျကို ဖော်ပြလိမ့်မည်။ ထို့ကြောင့် GIS ဖြင့် သတင်းအချက်အလက်များကို မြေပုံ ပေါ်တွင် နေရာချခြင်း၏ အသုံးဝင်မှုကို အစီအစဉ်အရ လိုအပ်ချက်များ၊ အချက်အလက် လျှို့ဝှက်ထားရှိမှု ဆိုင်ရာ အခြေခံမှုများ၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်တို့နှင့် ချိန်ညှိရပေမည်။

ထို့ပြင် အန္တရာယ်များကို စိစစ်ခြင်းနှင့် တည်နေရာများ၏ ပထဝီသွင်ပြင်နှင့် ဖွဲ့စည်းတည်ဆောက်ပုံတို့ကို သိပ္ပံနည်းကျ လေ့လာ စိစစ်ပိုင်းခြားခြင်းတို့အတွက် GIS သည် အလွန်အသုံးဝင်သည်။

## ယဉ်ကျေးမှု ဓလေ့ထုံးစံ နှင့် လူမှုရေးကိစ္စများ

နေရပ်စွန့်ခွာရွှေ့ပြောင်းရသည့် အခြေအနေတွင် ယဉ်ကျေးမှု ဓလေ့ထုံးစံ နှင့် လူမှုရေးကိစ္စများသည် စခန်းတည်နေရာ ရွေးချယ်ရာတွင် အရေးကြီးသောအချက်တစ်ရပ် ဖြစ်သည်။ အစိုးရအာဏာပိုင်များအနေဖြင့် သင့်လျော်သည့်နေရာ တစ်ခုကို

အလျင်စလို ရှာဖွေနေသည့်အခါမျိုးတွင် ယင်းအချက်သည် ဒုတိယ ဦးစားပေးအချက်ပင် ဖြစ်သည်။

အကျွမ်းတဝင်မရှိသော နေရာသစ်တစ်ခုသို့ ရွှေ့ပြောင်းရာတွင် ရွှေ့ပြောင်းသူများရော ပတ်ဝန်းကျင်ရှိ လူများပါ ခံစားရမည့် စိတ်ရှုပ်ထွေးခြင်း နှင့် စိတ်တင်းကျပ်ခြင်းများကို စခန်းဝန်ထမ်းများအနေဖြင့် နားလည်ရပေမည်။ ဥပမာအားဖြင့်

- ရွှေ့လျားသွားလာနေတတ်သောအုပ်စုများအနေဖြင့် ယခုအခါ အသိုက်အဝန်းနှင့်အတည်တကျနေရန် ဖိအား ပေးခံရခြင်း
- ယခင်က မြို့ပြတွင်နေထိုင်ခဲ့သူများအနေဖြင့် ယခုအခါ တစ်စိတ်တစ်ပိုင်းအားဖြင့် ကျေးလက်ဆန်သော ဝန်း ကျင်တွင် နေထိုင်ရခြင်း
- ယခင်က အဆင်ပြေပြေ နေထိုင်ခဲ့သူများအနေဖြင့် ယခုအခါ စုစည်းနေထိုင်ရာနေရာတစ်ခုအတွင်း ကျပ်သိပ် သော နေရာထိုင်ခင်းတွင် မျှဝေနေထိုင်ရခြင်း
- လူမျိုးအားဖြင့်၊ ဘာသာအားဖြင့်၊ ပထဝီအနေအထားအားဖြင့် ခြားနားသောအုပ်စုများအနေဖြင့် ယခုအခါ နေရာ နှင့် ရင်းမြစ်များကို မျှဝေသုံးစွဲရခြင်း

စခန်း၏ ဖွဲ့စည်းပုံကို ယဉ်ကျေးမှုဓလေ့ထုံးစံ အရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း သင့်လျော်မှု ရှိစေရန် မည်သို့ပြင်ဆင်သင့်သည်ကို နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများထံမှ အကြံပြုချက်များရယူရန် အရေးကြီး ပေ သည်။ ယင်းသို့အားဖြင့် အကျွမ်းဝင်ပြီးသား စံနှုန်းများ၊ အပြုအမူများနှင့် ဓလေ့ထုံးတမ်းများကို ဆက်လက် ဆောင်ရွက် နိုင်စေလိမ့်မည်။ လိုအပ်ပါက စခန်းဝန်ထမ်းများအတွက် စိတ်နှင့် လူမှုရေးပိုင်းဆိုင်ရာ အထောက်အပံ့နှင့် သင်တန်းများ ပေးရမည်။

နေရပ်စွန့်ခွာရွှေ့ပြောင်းရသူ နှင့် အိမ်ရှင်အသိုက်အဝန်းများအကြား လုပ်ငန်းများ အပြိုင်အဆိုင်လုပ်ဆောင်ရခြင်း ရှိနိုင် သည်။ သို့သော် များသောအားဖြင့် ၎င်းတို့သည် စီးပွားရေးလုပ်ငန်း၊ လုပ်အားဖလှယ်မှုနှင့် ကုန်သွယ်မှု လုပ်ငန်းတို့မှ တဆင့် အပြန်အလှန် အကျိုးအမြတ်များ ရရှိကြသည်။ လူမျိုးရေးပဋိပက္ခများကြောင့် ထူထောင်ထားသော စခန်းများ နေရာများတွင် အထူးဂရုစိုက်ရမည်။ အလွန့်အလွန် ကြီးမားသော စခန်းများကို ပိုမိုသေးငယ်သော အိမ်ရှင်ရပ်ရွာများ အနီးအနားတွင် မထားရှိသင့်ပါ။ စခန်း အရွယ်အစား၊ ဖွဲ့စည်းပုံနှင့် လိုအပ်ချက်များ ပြောင်းလဲသည့်အခါ စခန်းကို စီမံ ခန့်ခွဲနိုင်သည့် အိမ်ရှင်ရပ်ရွာလူထု၏ စွမ်းရည်အပေါ် ဆန်းစစ်ချက်တစ်ရပ် ပြုလုပ်သင့်သည်။

စခန်းနေရာရွေးချယ်စဉ် စခန်းလူထုအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများကို ထည့်သွင်းစဉ်းစား သင့်သည်။ ယင်းအခွင့်အလမ်းများမှာ ဟင်းသီးဟင်းရွက် စိုက်ခင်းများ၊ အသေးစား လယ်လုပ်ငန်း၊ တိရစ္ဆာန် မွေးမြူရေး၊ လက်မှုပစ္စည်းများ ပြုလုပ်ခြင်း၊ ဆိုင်ဖွင့်လှစ်ခြင်း၊ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းနှင့် အရေးအကြီး ဆုံးဖြစ်သည့် ဒေသခံအသိုက်အဝန်းရှိ ကုန်သွယ်မှု သို့မဟုတ် အလုပ်အကိုင် အခွင့်အလမ်းများ ဖြစ်နိုင်သည်။ စခန်း အတော်များများသည် ကျေးလက်တောနယ်တွင် မတည်ရှိပါ။ ထို့ကြောင့် စုစည်းနေထိုင်ရာနေရာတစ်ခုတွင် အမှန် တကယ်တည်ရှိသည့် အသက်မွေးဝမ်းကျောင်းများသည် မြေယာများကို အသုံးပြုနိုင်သည့်နေရာများရှိ အသက်မွေး ဝမ်းကျောင်းများနှင့် ကွဲပြားသည်။ စခန်းလူထုသည် များသောအားဖြင့် ကျေးလက်ဒေသများမှ ပေါက်ဖွားလာကြသဖြင့် ယင်းတို့သည် မြို့ပြ၏ လုပ်သားဈေးကွက်နှင့် လိုက်လျောညီထွေမဖြစ်ခြင်း၊ သို့မဟုတ် အိမ်ရှင်ရပ်ရွာအတွင်း အလုပ် သင်အဖြစ်နှင့် အသက်မွေးပညာ သင်ယူရန် အခွင့်အလမ်းများ၊ လုပ်ခစားအလုပ် သို့မဟုတ် မိမိဖာသာ အလုပ်ခန့်အပ် လုပ်ကိုင်ခြင်း (self-employment) အခွင့်အလမ်းများကို အသုံးမပြုတတ်ခြင်းများ ရှိနိုင်သည်။

☛ အသက်မွေးဝမ်းကျောင်းနှင့် စပ်လျဉ်း၍ အချက်အလက်များ ထပ်မံသိရှိလိုပါက - အခန်း (၁၈) အသက်မွေး ဝမ်းကျောင်း - အခန်းကို ကြည့်ပါ။

## မြေယာနှင့် အဆောက်အဦများ ရယူအသုံးပြုနိုင်မှု

စခန်းနေရာများကို ဖော်ထုတ်သတ်မှတ်ခြင်းနှင့် အချို့သောနေရာများကို ရှောင်ရှားခြင်းအတွက် စဉ်းစားရာတွင် အမျိုးမျိုးသော ပါဝင်ပတ်သက်သူများ၌ ကိုယ်ပိုင် လုပ်ပိုင်ခွင့်များ ရှိနေတတ်ကြသည်။ သို့ဖြစ်၍ လုံခြုံရေး သို့မဟုတ်ဒေသ၏ အရင်းအမြစ်များနှင့် စပ်လျဉ်းသည့် ပဋိပက္ခများကို ရှောင်ရှားရန်ဟူသော အကြောင်းပြချက်များဖြင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းရသူများသည် သီးခြားတည်ရှိသော၊ ဝေးလံသော သို့မဟုတ် မသင့်လျော်သော စခန်းနေရာများတွင် အခြေချ ရနိုင်သည်။

ဖြစ်နိုင်ခြေရှိသော စခန်းနေရာတစ်ခုကို သတ်မှတ်ပြီးပါက မြေပိုင်ဆိုင်မှုနှင့် မြေယာအခွင့်အရေးများကို ရှင်းလင်းပြရန်

အရေးကြီးသည်။ အချို့သောနိုင်ငံများတွင် ဤအခွင့်အရေးများကို မှတ်တမ်းတင်မထားဘဲ မြေကို ဓလေ့ထုံးတမ်း ဆိုင်ရာ အခွင့်အရေးများအောက်တွင် ထားရှိခြင်းများ ရှိနိုင်သည်။ ဤအခြေအနေမျိုးများတွင် ဒေသခံ အသိုက်အဝန်း များနှင့် ခေါင်းဆောင်များကို ပါဝင်စေရန် အရေးကြီးသည်။ ဓလေ့ထုံးတမ်းအရ မြေယာသုံးစွဲခွင့်များနှင့် စပ်လျဉ်း၍ အလွန် သတိထား ဆင်ခြင်ရမည်။ စခန်းနေရာကို အသုံးပြုရန် အစိုးရအာဏာပိုင်များ၏ သဘောတူခွင့်ပြုချက်ကို နေရပ်စွန့်ခွာရွှေ့ပြောင်းသူများနှင့် အိမ်ရှင်ရပ်ရွာ ခေါင်းဆောင်များက ကန့်ကွက်နိုင်သည်။ တခါတရံတွင် အစိုးရ အာဏာပိုင်က အများပိုင်မြေများပေါ်တွင် စခန်းနေရာများအတွက် စီစဉ်ပေးခြင်းလည်း ရှိနိုင်သည်။ သို့ရာတွင် မြေ သည် ပုဂ္ဂလိကပိုင်မြေဖြစ်ပါက ပိုင်ရှင်များအတွက် လျော်ကြေး၊ နစ်နာကြေးများကို ညှိနှိုင်းရာတွင် အစိုးရအာဏာပိုင် များက ဦးဆောင်သင့်သည်။ ပုဂ္ဂလိကပိုင်မြေကို အသုံးပြုမှုသည် အစိုးရက ပြဋ္ဌာန်းထားသည့် တရားဝင်သော၊ ဥပဒေ နှင့် ညီညွတ်သော လုပ်ထုံးလုပ်နည်းများပေါ်တွင် အခြေခံရမည်ဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေများနှင့်လည်း အညီဖြစ်ရမည်။ နယ်စပ်ဖြတ်ကျော်ဒုက္ခသည်များနှင့် ပြည်တွင်း နေရပ်စွန့်ခွာနေထိုင်သူများဆိုင်ရာ လုပ်ငန်းများသည် ကနဦး စီစဉ်ထားသည်ထက် ပို၍ ကြာရှည်တတ်သည်။ ထို့ကြောင့် နောင်တွင် စခန်းနေရာပြောင်းရွှေ့ရခြင်းကို ရှောင်ရှားနိုင်ရန်အတွက် မြေကို ကာလရှည်ကြာ ရယူထားရန် အရေးကြီးသည်။ ကာလရှည်ကြာ ရယူထားရန်အတွက် သဘောတူစာချုပ်တွင် သက်တမ်းတိုးခြင်းဟူသော အပိုဒ်ငယ် ပါရှိရန် လိုအပ်ပေမည်။

များသောအားဖြင့် စခန်းနေရာ သတ်မှတ်ခြင်းသည် ပါဝင်ပတ်သက်သူများအားလုံး၏ လုပ်ပိုင်ခွင့်များအကြား အပေး အယူ နည်းဖြင့် ညှိနှိုင်းရရှိထားသော သဘောတူညီချက်ပေါ်တွင် မူတည်သည်။ မြေ သို့မဟုတ် အဆောက်အဦနှင့် စပ်လျဉ်းပြီး ဖြစ်လာနိုင်သော ပဋိပက္ခအချို့သည် အခါရာသီအလျောက် ဖြစ်ပေါ်ပြီး ဆန်းစစ်မှု ပြုလုပ်နေစဉ်အတွင်း ချက်ချင်း သိသာထင်ရှားလေ့ မရှိပါ။ ဥပမာ - မွေးမြူထားသော တိရစ္ဆာန်အုပ်များ ရာသီအလိုက် ရွှေ့ပြောင်းမှုအတွက် လိုအပ်ချက်များ သို့မဟုတ် ပညာရေး ပြက္ခဒိန် အချိန်ဇယားတို့ ပါဝင်သည်။ မေးမြန်းရမည့် အဓိက မေးခွန်းအချို့မှာ -

၁။ နေရာ သို့မဟုတ် အဆောက်အဦကို အခြေချနေထိုင်မှုအတွက် အသုံးပြုမထားပါက အဘယ်ကြောင့် အသုံးမပြုဘဲ ထားပါသလဲ။

၂။ နေရာ သို့မဟုတ် အဆောက်အဦကို အခြားသောကိစ္စရပ်များ (စားကျက်မြေများ၊ ကျောင်းများ၊ ကျန်းမာရေးဌာန များ) အတွက် အသုံးပြုထားလျှင် ယင်းတို့အစား စခန်းတစ်ခု တည်ထောင်မည်ဆိုပါက ဘာတွေ ဖြစ်လာမည်နည်း။ အဆောက်အဦတစ်ခုဖြစ်ပါက ယခင်လုပ်ငန်းများကို မည်သည့်နေရာတွင် ဆက်လက် ဆောင်ရွက်သွားမည်နည်း။ အကယ်၍ အဆိုပါ လုပ်ငန်းများကို အခြားတစ်နေရာတွင် မဆောင်ရွက်နိုင်ပါက လူမှုရေး၊ နိုင်ငံရေး၊ လုံခြုံရေးနှင့် စီးပွားရေးတို့တွင် မည်သည့် အကျိုးဆက်များ ဖြစ်လာမည်နည်း။

၃။ အဆောက်အဦတစ်ခုဖြစ်ပါက ဖွဲ့စည်းတည်ဆောက်ပုံကို ပြုပြင်မွမ်းမံနိုင်ပါသလား၊ ယင်းသို့ဆောင်ရွက်ရန် အတွက် ခွင့်ပြုမိန့်ကို မည်သို့ ရယူနိုင်မည်နည်း။

### အန္တရာယ်ရှိသော နေရာများ/ အဆောက်အဦများ

နေရာတစ်ခုကို နေထိုင်စရာအတွက် ရည်ရွယ်၍ ရွေးချယ်ရာတွင် အောက်ပါနေရာများ/အဆောက်အဦများကို ရှောင်ရှားရမည်။

- ရေကြီးခြင်း သို့မဟုတ် မြေပြိုခြင်းအစရှိသည့် သဘာဝအန္တရာယ်များနှင့် ဆက်စပ်ဘေးအန္တရာယ်များ ကျရောက် လွယ်သော နေရာများ/ အဆောက်အဦများ
- ပတ်ဝန်းကျင်ယိုယွင်းမှုကြောင့် ထိခိုက်မှုရှိနိုင်သည့် နေရာများ/အဆောက်အဦများ (ဥပမာ - သစ်တော ပြုန်းတီးခြင်း သို့မဟုတ် ရေ အရင်းအမြစ်များ လျော့နည်းလာခြင်း)
- စက်မှုလုပ်ငန်းမှ အညစ်အကြေးများကြောင့် ညစ်ညမ်းနေသည့် နေရာများ/အဆောက်အဦများ၊ ဥပမာ - ဓာတုပစ္စည်း များကြောင့် မြေဆီလွှာများ ညစ်ညမ်းခြင်း၊ သို့မဟုတ် မြေအောက်ရေနှင့် ရေကြောင်းများသို့ စိမ့်ဝင်သွားနိုင်သည့် စွန့်ပစ်ပစ္စည်းများကို ကောင်းစွာထိန်းသိမ်းထားမှု မရှိခြင်း
- ကျန်းမာရေးဆိုင်ရာ အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသည့် နေရာများ/အဆောက်အဦများ၊ ဥပမာ ကွင်းထဲတွင် မစင်စွန့်ရာနေရာများ သို့မဟုတ် ခြင်များပေါက်ဖွားသည့် ရွှံ့ညွှန်များအနီးတွင် တည်ရှိသည့် ကျောင်း အဆောက်အဦ များ
- မြေမြှုပ်ဗုံးများနှင့် အခြားပေါက်ကွဲတတ်သော ပစ္စည်းများ၏ အန္တရာယ်ကျရောက်နိုင်သောနေရာများ/ အဆောက်အဦ

များ။ ဥပမာ - မပေါက်ကွဲသေးသော ပစ္စည်းများ (UXOs) သို့မဟုတ် စစ်မှကြွင်းကျန်သည့် ပေါက်ကွဲနိုင်သည့်ပစ္စည်း များ (ERWs)

စခန်းတည်ထောင်မှုနှင့်စပ်လျဉ်းပြီး အဖွဲ့အစည်းများအားလုံး၏ အခွင့်အရေးများ၊ တာဝန်ဝတ္တရားများနှင့်တကွ သဘောတူညီချက်များအားလုံးကို မှုကြမ်းရေးဆွဲရန်အတွက် အစုအဖွဲ့၊ကဏ္ဍ ဦးဆောင်အေဂျင်စီနှင့် အစိုးရအာဏာပိုင်များသည် နားလည်မှုစာချွန်လွှာတစ်ရပ်ကို ပြင်ဆင်နိုင်သည်။ စခန်းတည်ထောင်မှုနှင့် ဆက်စပ်သည့်ကိစ္စရပ်များ အားလုံးကို အိမ်ရှင်အသိုက်အဝန်းနှင့် အပြည့်အဝ ဆွေးနွေးရမည်။ သို့ဖြင့် စခန်းအသိုက်အဝန်း၏ လိုအပ်ချက်များနှင့် ယင်းတို့ ၏ သက်ရောက်မှုကို အများက နားလည်နိုင်ပေမည်။ စံ သတ်မှတ်ချက်များနှင့် တန်ဖိုးများအပါအဝင် လိုက်နာရမည့် အိမ်ရှင်အသိုက်အဝန်း၏ နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ကျင့်ဝတ်များကို ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြောဆိုရမည်။

ဖြစ်နိုင်မည်ဆိုပါက စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် နားလည်မှုစာချွန်လွှာပြင်ဆင်ရာတွင် ပါဝင်သင့်သည်။ အေဂျင်စီတွင် စာချွန်လွှာမိတ္တူတစ်စောင်လည်း ရှိထားသင့်သည်။ ထို့ပြင် အေဂျင်စီဝန်ထမ်းများနှင့် စခန်းလူထုတို့သည် နားလည်မှုစာချွန်လွှာတွင် ပါရှိသော အကြောင်းအရာများကို နားလည်စေရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီက ဆောင်ရွက် ရမည်။ အထောက်အထားကို ဒေသခံဘာသာစကားသို့ ဘာသာပြန်ဆိုကာ သက်ဆိုင်သူအားလုံးထံ ဝေမျှသင့်သည်။ နေရပ်စွန့်ခွာရွှေ့ပြောင်းရသောလူထုရှိ အုပ်စုအားလုံးသည် အဆိုပါ သတင်းအချက်အလက်များကို ညီတူညီမျှ ကြည့်ရှု အသုံးပြုနိုင်စေရန်အတွက် နည်းလမ်းအမျိုးမျိုးကို အသုံးပြုရမည်။

**မြေငှားရမ်းခြင်းနှင့် မြေဝယ်ယူခြင်း**

နေရပ်စွန့်ခွာရွှေ့ပြောင်းရသည့် လူထုကို လက်ခံရန်အတွက် မြေ သို့မဟုတ် အဆောက်အဦများ ငှားရမ်းခြင်း သို့မဟုတ် ဝယ်ယူခြင်းသည် နေရပ်စွန့်ခွာရွှေ့ပြောင်းသူများမဟုတ်သည့် ဘေးအန္တရာယ်ကျရောက်လွယ်သော အိမ်ငှား အိမ်ထောင်စုများအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိနိုင်သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့ အစည်းထံမှ ပိုမိုများပြားသည့် ငှားရမ်းခကို လိုချင်သော အခွင့်အရေးသမား အိမ်ရှင်များသည် ယင်းတို့အား အိမ်ခန်း များမှ နှင်ထုတ်နိုင်သည်။ ယင်းသည် ဒေသတွင်းရှိ မြေနှင့် အိမ်ဈေးကွက်အပေါ် တွင်လည်း မကောင်းသော ရေရှည် အကျိုးဆက်များ ရှိစေနိုင်သည်။ ယင်းအစား မြေနှင့်အဆောက်အဦများကို အစိုးရအာဏာပိုင်များ၊ ပါဝင်ပတ်သက်သူ များ၏ ကောင်းစွာနားလည်သိရှိပြီး သဘောတူညီချက်ဖြင့် အားဖြည့်သင့်သည်။

## စခန်းနေရာကို စီစဉ်ခြင်း

အစုအဖွဲ့၊ကဏ္ဍ ဦးဆောင်အေဂျင်စီသည် ကော်မတီတစ်ခုကို ဖွဲ့စည်းကောင်း ဖွဲ့စည်းနိုင်သည်။ ယင်းကော်မတီကို များသောအားဖြင့် စခန်းနေရာ တည်ဆောက်ပြုပြင်မှုကော်မတီ (Site Development Committee - SDC) ဟု ခေါ်ကြသည်။ ယင်းကော်မတီတွင် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများအားလုံးနှင့် နည်းပညာကျွမ်းကျင်သူများ ပါဝင် သည်။ အမျိုးမျိုးသော စခန်းနေရာများကို ထည့်သွင်းစဉ်းစားပြီး ဥပဒေရေးရာကိစ္စရပ်များကို ဆောင်ရွက်နေသည့် တစ်ချိန်တည်းမှာပင် SDC သည် စခန်းအတွက် အမှန်တကယ် စတင်စီစဉ်ရမည်။

**နည်းလမ်းတစ်ခု - ရုပ်ပိုင်းဆိုင်ရာ စခန်းနေရာဖြင့် စတင်ခြင်း**

စခန်းနေရာကို စီစဉ်ခြင်း သို့မဟုတ် ပြန်လည်စီစဉ်ခြင်း၏ ပထမဆုံးအဆင့်မှာ ရရှိအသုံးပြုနိုင်သော နေရာလပ်များနှင့် လူဦးရေသိပ်သည်းမှုတို့ကို ဖော်ထုတ်တွက်ချက်ခြင်း ဖြစ်သည်။ စခန်းနေရာနယ်နိမိတ်ကို ရှင်းလင်းစွာ သတ်မှတ်ခြင်း၊ ရေကြီးမှုအန္တရာယ်၊ လျှောစောက် သို့မဟုတ် အခြားသော ဘေးအန္တရာယ်များ သို့မဟုတ် စခန်းရှိ လက်ရှိ အခြေခံ အဆောက်အဦများကြောင့် အသုံးမပြုသင့်သည့်နေရာများကို ဖယ်ထုတ်ခြင်းတို့ဖြင့် ပထမအဆင့်ကို ဆောင်ရွက်သည်။ တခါတရံတွင် စခန်းနေရာသည် ရည်ရွယ်ထားသော လူဦးရေအတွက် အလွန် သေးငယ်နေတတ်သည်။ နောက်ထပ် နေရာလပ်များ သို့မဟုတ် ဆင့်ပွား စခန်းနေရာများ တောင်းခံရန်အတွက် အချိန်လိုအပ်သည်။ အကယ်၍

စခန်းနေရာသည် အလွန်သိပ်သည်းပါက စခန်းတွင်း နေထိုင်သူများ၏ ကျန်းမာရေး၊ လုံခြုံရေး၊ ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့် နှင့် ဂုဏ်သိက္ခာ တို့အပေါ် ကြီးမားသော သက်ရောက်မှုများ ရှိလိမ့်မည်။

စခန်းနယ်နိမိတ်များကို သတ်မှတ်ပြီးသည်နှင့် စခန်းနေရာစီစဉ်ရန်အတွက် မြေအနိမ့်အမြင့်၊ ရေနုတ်မြောင်း စနစ်များ နှင့် လက်လှမ်းမီစေရန် အစီအစဉ်များ၊ အသုံးပြုမည့် ဖုန်များ သတ်မှတ်ခြင်း နှင့် လမ်းစနစ်တို့ကို အာရုံစိုက် ဆောင်ရွက် သင့်သည်။ တခါတရံ လမ်းစနစ်ကို မီးတားစနစ်အဖြစ်လည်း နှစ်မျိုး အသုံးပြုသည်။

အခြေကျပြီးသော စခန်းနေရာတစ်ခုဖြစ်ပါက လက်ရှိစခန်းနေရာအတွင်း၌ လက်လှမ်းမီနိုင်မှု၊ ရေနုတ်မြောင်းစနစ် နှင့် ဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်လာစေရန် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် လက်ရှိ အခြေချရာနေရာအတွင်း၌ စခန်း နေရာကို အဆင့်မြှင့်တင်သင့်သလား၊ သို့မဟုတ် စခန်းတွင်းရှိ အိမ်ထောင်စုအားလုံးကို အစီအစဉ်တကျ ရွှေ့ပြောင်းပြီး အလုံးစုံ ပြန်လည်စီစဉ်ပြင်ဆင်ရန် လိုအပ်သလား စသည်တို့နှင့် စပ်လျဉ်းပြီး ဆုံးဖြတ်ချက်ချရန် လိုအပ်သည်။

စခန်းနေရာအသစ်များအတွက် ဤအချိန်သည် မြေကွက်အရွယ်အစားများနှင့် အသိုက်အဝန်း ခင်းကျင်းဖွဲ့စည်းပုံ တို့ကို စဉ်းစားရမည့်အချိန် ဖြစ်သည်။

စုစည်းနေထိုင်ရာနေရာများအတွက် မီးဘေးထွက်ပေါက်များ၊ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များ - ဥပမာ အထပ် မြင့်များရှိ နံရံများ/အကာအရံများ၊ အခြေခံအဆောက်အဦများ သန့်ရှင်းခြင်းနှင့် အချောသတ်ခြင်းများကို ဆောင်ရွက် ရနိုင်သည် သို့မဟုတ် ပြန်လည်ဆောင်ရွက်ရနိုင်သည်။ အခြေခံ ဝန်ဆောင်မှုများသည် နေရာတကျ ဖြစ်သွားပြီးသည် နှင့် မိသားစုတစ်ခုစီအလိုက် နေရာခွဲတမ်းများကို ချပေးနိုင်မည်။

**အခြားသော နည်းလမ်းတစ်ခု - မိသားစုဖြင့် စတင်ခြင်း**

ထိရောက်စွာ စခန်းနေရာ စီစဉ်မှု၏ အဓိကအချက်မှာ စခန်း၏ အသေးငယ်ဆုံးသော အဆောက်အဦ အကွက်များမှ စတင်ခြင်း ဖြစ်သည်။ - တစ်ဦးချင်းပုဂ္ဂိုလ်နှင့် အိမ်ထောင်စုများ - ဤသို့ဆောင်ရွက်ခြင်းဖြင့် အရေးကြီးသော ကိစ္စရပ်များဖြစ်သည့် ကြားအကွာအဝေးနှင့် ဝန်ဆောင်မှုများကို ပြည့်ပြည့်ဝဝ ကိုင်တွယ်ဖြေရှင်းစေနိုင်မည်။

ရပ်ရွာများသို့ လုပ်ပိုင်ခွင့်လွှဲပြောင်းပေးသည့် နည်းလမ်းကိုအသုံးပြုပြီး စခန်းနေရာ တည်ဆောက်ပြုပြင်မှုကော်မတီ အနေဖြင့် ရပ်ရွာရှိ အသေးဆုံးယူနစ် ဖြစ်သော မိသားစုတစ်စု သို့မဟုတ် အိမ်ထောင်စု တစ်စုနှင့် ဦးစွာဆွေးနွေးမည်။ ယင်းနောက် ယင်းတို့နှင့် သက်ဆိုင်သည့်၊ အနီးအနားတွင် နေထိုင်သည့်သူများထံသို့ တိုးချဲ့လာကာ ရှင်းလင်းသော ပုံစံတစ်ခု ထွက်ပေါ်လာသည်အထိ ဆွေးနွေးမှုကို ဆောင်ရွက်သွားမည်။ စခန်းနေရာ အသစ်များအတွက် UNHCR's လက်စွဲစာအုပ်က အကြံပြုထားသည်မှာ U ပုံသဏ္ဍာန် သို့မဟုတ် H ပုံသဏ္ဍာန် အစုအဝေးပုံစံဖြစ်သည်။ စုစည်း နေထိုင်ရာနေရာများအတွက် မိသားစုအများအပြား နေထိုင်သော ပိုမိုကြီးမားသည့် အခန်းများအတွင်း၌ ကိုယ်ရေး ကိုယ်တာ လွတ်လပ်ခွင့်အတွက် မည်သို့ဖန်တီးမည်နှင့် စပ်လျဉ်းပြီး သတ်မှတ်ရန် လိုအပ်မည်။ မိသားစုများ၏ ပတ်လည်တွင် ဝေမျှအသုံးပြုရသည့် အဆောက်အဦများ ဖြစ်သည့် ရေအိမ်များ၊ ဆေးကြောလျှော်ဖွပ်ရန်နေရာများ သို့မဟုတ် အပန်းဖြေရန်နေရာများနှင့် တွေ့ဆုံရန်နေရာများ ရှိနိုင်သည်။

အောက်ပါဇယားသည် မိသားစုယူနစ်များကို ရပ်ကွက်များ၊ အကွက်များ၊ ပိုမိုကြီးမားသော ယူနစ်များနှင့် စခန်းအဆင့်ထိ ဖြစ်လာစေရန် မည်သို့ အုပ်စုဖွဲ့နိုင်ကြောင်း ဥပမာတစ်ခုကို ဖော်ပြထားသည်။ ဤဇယားသည် လူဦးရေ အများဆုံး ၂၀,၀၀၀ အတွက် ဖြစ်သည်။ သို့သော် တွက်ဆ၍ရနိုင်သော စခန်းအရွယ်အစားနှင့် အခြားအကြောင်းရင်းများပေါ်တွင် အခြေခံ၍ ယင်းကို ပြင်ဆင်မွမ်းမံရမည်။ ဥပမာ - တစ်ခုတည်းသောစခန်းတွင် အမျိုးမျိုးသော အုပ်စုများ နေထိုင် နေခြင်း။

| ပိုမိုသေးငယ်သော ယူနစ် | ပိုမိုကြီးမားသော ယူနစ် | ယူနစ်တစ်ခုစီရှိ ခန့်မှန်း လူဦးရေ |
|---|---|---|
| မိသားစု သို့မဟုတ် အိမ်ထောင် ၁ စု | | လူဦးရေ ၄ ဦးမှ ၆ ဦး |
| မိသားစု သို့မဟုတ် အိမ်ထောင် ၁၆ စု | အစု ၁ ခု (1 community) | လူဦးရေ ၈၀ ဦး |
| ရပ်ကွက် ၁၆ ခု | အကွက် ၁ ခု (1 block) | လူဦးရေ ၁,၂၅၀ ဦး |
| အကွက် ၄ ခု | နယ်မြေ ၁ ခု (1 sector) | လူဦးရေ ၅,၀၀၀ ဦး |
| နယ်မြေ ၄ ခု | စခန်း ၁ ခု | လူဦးရေ ၂၀,၀၀၀ ဦး |

**လိပ်စာ စနစ်များ**

စခန်းဖွဲ့စည်းပုံသည် ရှင်းလင်းလာသည်နှင့်အမျှ လိပ်စာစနစ်တစ်ခုကိုလည်း ရေးဆွဲသင့်သည်။ ဤသို့ ဆောင်ရွက်ခြင်းသည် နယ်မြေများ၊ အကွက်များနှင့် မိသားစုနေအိမ်များကို ရှာဖွေဖော်ထုတ်စေနိုင်မည့်အပြင် အစီအစဉ်ချမှတ်ခြင်းကို လွယ်ကူချောမွေ့စေမည်။ နောက်ဆုံးတွင် ယင်းသည် သီးခြားလိုအပ်ချက်ရှိသော လူများနှင့် ရပ်ရွာခေါင်းဆောင်များ ကို ရှာဖွေရာတွင်လည်း အရေးပါလာမည်။ စာဖြင့်ရေးသားထားသော အမည်များ သို့မဟုတ် နံပါတ်များကို သင်္ကေတ များ၊ ရုပ်ပုံများ သို့မဟုတ် အရောင်များဖြင့် ပူးတွဲအသုံးပြုထားပါက ကလေးများနှင့် စာမဖတ်တတ်သောသူများသည် စခန်းဝန်းကျင်တွင် လမ်းများကို ပိုမိုလွယ်ကူစွာရှာဖွေနိုင်လိမ့်မည်။ လိပ်စာစနစ်တစ်ခု၏ ဥပမာမှာ အောက်ပါအတိုင်း ဖြစ်သည်။

နယ်မြေ - လက်တင်ဘာသာဖြင့် ရေးသားထားသော ဂဏန်းများ (1, 2, 3...)

အကွက် - အက္ခရာအကြီး (A, B, C...)

မိသားစုနေအိမ်များ - လက်တင်ဘာသာဖြင့် ရေးသားထားသော ဂဏန်းများ (12, 13, 14...)

ယေဘုယျအားဖြင့် ရပ်ကွက်များကို လိပ်စာစနစ်တွင် ကျော်သွားသည်။ ထို့ကြောင့် လိပ်စာများတွင် အစိတ်အပိုင်း အများအပြား မပါရှိတော့ပါ။ သို့ဖြစ်၍ မိသားစုတစ်စု၏ အဆောက်အဦတစ်ခုသည် 3-C-54 ဖြစ်နိုင်သည်။ (နယ်မြေ ၃၊ အကွက် C ၊ အိမ် ၅၄)

ရောမဘာသာဖြင့် ရေးသားထားသော ဂဏန်းများ I, II, III, IV ကို ရံဖန်ရံခါ အသုံးပြုကြသည်။ ယင်းတို့ကို ကွန်ပြူတာအချက်အလက်စနစ် အတွင်းသို့ ထည့်သွင်းသည့်အခါ ယင်းတို့ကို ဂဏန်းများအဖြစ် မမှတ်ယူကြောင်းကို သတိပြုရမည်။

## သီးခြားလိုအပ်ချက်များရှိသောလူများနှင့် အန္တရာယ်ကျရောက်နိုင်သော အုပ်စုများနှင့် ဆက်စပ်သည့် စခန်းနေရာ စီစဉ်ခြင်း

သက်ရွယ်ကြီးသူများ၊ ကလေးငယ်များ၊ ရင်ခွင်ပိုက်ကလေးများ၊ မသန်မစွမ်းသူများ၊ အမျိုးသမီးများကဲ့သို့ အန္တရာယ်ရှိနိုင်ခြေ မြင့်မားသည့်လူများ စသော သီးခြားလိုအပ်ချက်များရှိသောလူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အတွက် အဖွဲ့အစည်းတိုင်းတွင် နည်းလမ်းများရှိကြသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်ရမည်ဖြစ်ပြီး ယင်းတို့ကို ကူညီထောက်ပံ့ရမည်။ အလားတူ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကာကွယ်စောင့်ရှောက်ရေးအေဂျင်စီနှင့် အတူတကွပူးပေါင်းပြီး အထူးသဖြင့် ဘေး အန္တရာယ် ကျရောက်လွယ်သူများ သို့မဟုတ် သီးခြားလိုအပ်ချက်များအတွက် ကူညီပံ့ပိုးပေးနေမှုများကို ပြည့်ပြည့်ဝဝ မရရှိသူများကို ဖော်ထုတ်ပြီး လိုအပ်ချက်များကို ဖြည့်တင်းပေးရမည်။ အခြေအနေ အတော်များများတွင် တရားဝင် အုပ်ထိန်းသူမရှိသည့် အရွယ်မရောက်သေးသူများ ကဲ့သို့ ဘေးအန္တရာယ် ကျရောက်လွယ်သူများကို ပြုစုစောင့်ရှောက် သော အိမ်ရှင်မိသားစုများသည် ထပ်ဆောင်း အထောက်အပံ့များ လိုအပ်နိုင်သည်။

အချို့သောအခြေအနေများတွင် အန္တရာယ်ကျရောက်နိုင်သည့် အုပ်စုများကို အထူးအဆောက်အဦတွင် အခြေချ စေရန်မှာ ယဉ်ကျေးမှုအရ ပိုမိုသင့်လျော်သည်။ ဥပမာ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများကို အစုအဝေး တစ်ခုတည်းတွင် ထားရှိခြင်း။ ယေဘုယျအားဖြင့် ဤအချက်ကို အားမပေးပါ။ အဘယ်ကြောင့်ဆိုသော် ဤသို့ ဆောင်ရွက်ခြင်းသည် အဆိုပါ အုပ်စုများကို သီးခြားခွဲထားသကဲ့သို့ ဖြစ်နေခြင်း၊ ယင်းတို့ကို ရပ်ရွာ၏ ကာကွယ်မှုမရှိဘဲ ထားရှိသကဲ့သို့ ဖြစ်နေခြင်းတို့ကြောင့် ဖြစ်သည်။

## ပိုမိုကြီးမားသော သွင်ပြင်လက္ခဏာများဖြင့် အမျိုးအစား ပိုင်းခြားသတ်မှတ်ခြင်း

မိသားစုယူနစ်များနှင့် ရပ်ရွာများကို အကြမ်းဖျင်း ပြင်ဆင်စီစဉ်ပြီး၊ အရေးတကြီးဆောင်ရွက်ရန်လိုသည့် လက်ရှိ နေထိုင်စရာများကို ပြန်လည်စုဖွဲ့ခြင်းများ ပြီးစီးသည့်နောက်တွင် မိသားစုနေအိမ်များနှင့် အသိုက်အဝန်းဆိုင်ရာ သွင်ပြင်လက္ခဏာ များကို လက်ရှိ သွင်ပြင်လက္ခဏာများဖြစ်သော မြစ်များ၊ ကျောက်တုံးပေါများသော နေရာဒေသများ သို့မဟုတ် လက်ရှိလမ်းမများနှင့်

တိုက်ဆိုင်ပြီး မြေပုံပေါ်တွင် နေရာချသည်။

စခန်းနေရာ ဆန်းစစ်မှုများသည် နောင်တွင် ဖြစ်လာနိုင်သော ပြဿနာများကို ဖော်ထုတ်ရမည်။ ထို့ပြင် အဓိက ဝန်ဆောင်မှုများဖြစ်သော ကျန်းမာရေး၊ ပညာရေး၊ ရေနှင့် သန့်ရှင်းရေး အဆောက်အဦများကို မသင့်လျော်သောနေရာ များတွင် တည်ဆောက်ခြင်းမှ တားဆီးရမည်။ ဆန်းစစ်မှုများသည် ရေနုတ်မြောင်းစနစ်နှင့် မီးတားလမ်း လိုအပ်ချက် များနှင့် တိုးချဲ့နိုင်သောနေရာများကို ဖော်ထုတ်နိုင်သည်။ ထို့ပြင် ဒေသထွက် သဘာဝအရင်းအမြစ်များကို ရေရှည် အသုံးပြုနိုင်မှု နှင့် အလွန်အကျွံ သုံးစွဲမှုတို့ကိုလည်း ဆန်းစစ်သုံးသပ်နိုင်သည်။

အသိုက်အဝန်းဆိုင်ရာ စခန်းအဆင့် သွင်ပြင်လက္ခဏာများ နှင့် စပ်လျဉ်းသည့် အထွေထွေလမ်းညွှန်ချက်များအတွက် အောက်ပါဇယားကို ကိုးကားနိုင်သည်။ အောက်ပါတို့သည် ကိုးကားရန်အတွက်မျှသာဖြစ်ပြီး တဦးချင်းအဆင့် သွင်ပြင် လက္ခဏာများကို စီစဉ်တည်ဆောက်ရာတွင် ကျွမ်းကျင်သူများအနေဖြင့် လိုအပ်မည့် သီးခြားတိကျသော သတင်း အချက်အလက်များသည် အခြားသင်ခန်းစာအပိုင်းများတွင် ပါရှိသည်။ အချို့သောကိစ္စရပ်များအတွက် သက်ဆိုင်ရာ နိုင်ငံ၏ စံနှုန်းများကို အသုံးပြုကြသည်။ ယင်းတို့ကို စဖီးယား၊ UNHCR၊ UNESCO နှင့် United States Agency for International Development Field Operations Guide (USAID FOG) တို့မှ ထုတ်နုတ်ထားခြင်း ဖြစ်သည်။

**စခန်းနေရာ စီစဉ်ခြင်းအတွက် လမ်းညွှန်ချက်များ**

| အဆောက်အဦ အမျိုးအစား | | လူဦးရေ | မှတ်ချက် |
|---|---|---|---|
| စခန်းနေရာ | စုစုပေါင်း မြေကွက်လပ် | လူတစ်ဦးလျှင် ၃၀ - ၄၅ စတုရန်းမီတာ | |
| နေထိုင်ရာ နေရာ | အမိုးအကာရှိသော နေရာ | လူတစ်ဦးလျှင် ၃.၅ စတုရန်းမီတာ | |
| | မီးတားလမ်းများ | အဆောက်အဦ ထူထပ်သည့်နေရာ မီတာ ၃၀၀ တိုင်းတွင် ၅၀ မီတာ ရှိသော မြေကွက်လပ် | |
| | ရေ ရရှိရာနေရာ | အမျိုးအစားနှင့် ရေထွက်နှုန်းပေါ်တွင် မူတည်၍ လူဦးရေ ၈၀ - ၅၀၀ လျှင် ရေ ရရှိရာနေရာ ၁ ခု | နေအိမ်မှ ၅၀ - ၁၀၀ မီတာ အကွာ တွင် ရှိရမည်။ မြင့်မားသော နေရာ များတွင် သဘာဝအားဖြင့် စီးဆင်းစေသော စနစ် (gravity-fed system) ကို အသုံးပြုသည်။ |
| | အိမ်သာများ<br>ဆေးကြောသန့်စင်ရာနေရာ | အိမ်ထောင်စု တစ်စုလျှင် ၁ ခု မှ လူဦးရေ ၂၀ - ၅၀ ထိ ၁ လုံး လူဦးရေ ၂၀၀ - ၅၀၀ လျှင် ဆေးကြောသန့်စင်ရာနေရာ ၁ ခု | နေအိမ်မှ ၆ - ၅၀ မီတာအကွာတွင် တည်ရှိရမည်၊ အလွန်ဝေးကွာပါက အသုံးမပြုကြပါ။ ရေထွက်ရှိရာနေရာမှ ၃၀ မီတာ အကွာတွင် တည်ရှိရမည်။ |
| | - သန့်ရှင်းရေး လုပ်ရာနေရာ<br>- လျှောက်လမ်းများ<br>- ကလေးပျော် မြေကွက်လပ်များရှိ မီးပေးစနစ် | | လုံခြုံရေးကို တိုးမြှင့်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းရန် နှင့် ညအချိန်တွင် အိမ်သာ စသည်တို့ကို သုံးစွဲနိုင်ရန် |

| | | | |
|---|---|---|---|
| | အမှိုက်ပုံးများ | အစု တစ်ခုလျှင် ၂ ပုံး | မြေမမြှုပ်သည့်နေရာများတွင် မိသားစု ၁၀ စုလျှင် ၁၀၀ လီတာ ပုံး ၁ ပုံး ၊ လူနေထိုင်သည့် နေရာများမှ မီတာ ၁၀၀ အကွာ |
| ကျန်းမာရေး စောင့်ရှောက်မှု အဆောက်အဦ များ | လွှဲပို့ရန် ဆေးရုံ | စခန်း ၁၀ခု လျှင် ၁ ရုံ (လူဦးရေ ၂၀၀,၀၀၀) | |
| | မီးပေးစနစ် | | လုံခြုံရေးကို တိုးမြှင့်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းရန် နှင့် ညအချိန်တွင် အိမ်သာ စသည်တို့ကို သုံးစွဲနိုင်ရန် |
| | ကျန်းမာရေးစင်တာ | စခန်း ၁ ခု လျှင် ၁ ခု (လူဦးရေ ၂၀၀၀၀) | |
| | အိမ်သာများ | လူနာ ၂၀ -၁၅ ထိ ၁ လုံး၊ ပြင်ပလူနာ ၂၀ - ၅၀ ထိ ၁လုံး | |
| | ဆေးဝါးအမှိုက်များ စွန့်ပစ်ရာ နေရာ | | |
| ကျွေးမွေးရေး ဌာန | ကျွေးမွေးရေး ဌာန | စခန်း ၁ ခု လျှင် ၁ ခု (လူဦးရေ ၂၀,၀၀၀) | |
| | အိမ်သာများ | လူကြီး ၂၀ - ၅၀ လျှင် ၁ လုံး၊ ကလေး ၁၀ -၂၀ လျှင် ၁ လုံး | |
| | မီးပေးစနစ် | အိမ်သာ | လုံခြုံရေးကို တိုးမြှင့်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းရန် နှင့် ညအချိန်တွင် အိမ်သာ စသည်တို့ကို သုံးစွဲနိုင်ရန် |
| ကျောင်းများ | ကျောင်း အဆောက်အဦး စာသင်ခန်း အရွယ်အစား ညွှန်ကြားချက်များ | နယ်မြေတစ်ခုလျှင် ၁ ကျောင်း (လူဦးရေ ၅,၀၀၀) ယေဘုယျအားဖြင့် ကျောင်းသား ၄၀ အတွက် စာသင်ခန်းတစ်ခု၏ စံအရွယ် အစားသည် ၆.၂၀ x ၅.၇၅ မီတာ မှ ၆.၂၀ x ၆.၅၀ မီတာထိ | |
| | မူလတန်းကြို အတန်းများ | ကျောင်းသား ၄၀ ဦးထိ □ ၁ကုဗမီတာ/ ကျောင်းသားတစ်ဦး။ ကျောင်းသား ၄၈ ဦးထိ □ ၀.၇၄ ကုဗမီတာ/ ကျောင်းသားတစ်ဦး။ | |

| | | | |
|---|---|---|---|
| | မီးပေးစနစ် | | လုံခြုံရေးကို တိုးမြှင့်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် ညအချိန်တွင် အိမ်သာ စသည်တို့ကို သုံးစွဲနိုင်ရန် |
| | ၁ တန်း - ၃ တန်း | ကျောင်းသား ၄၀ ဦးထိ ☐ ၁ကုဗမီတာ/ ကျောင်းသားတစ်ဦး။ ကျောင်းသား ၄၈ ဦးထိ ☐ ၀.၈၃ ကုဗမီတာ/ ကျောင်းသားတစ်ဦး။ | |
| | ၄ တန်း - ၆ တန်း | ကျောင်းသား ၄၀ ဦးထိ ☐ ၁ ကုဗမီတာ/ ကျောင်းသားတစ်ဦး။ | |
| | ရွက်ဖျင်တဲ စာသင်ခန်း ညွှန်ကြားချက်များ | ၅၅ စတုရန်းပေ ရွက်ဖျင်တဲသည် ကလေး ၄၀ - ၄၅ ဦးထိ ဝင်ဆံ့နိုင်သည်။ | အိမ်သာ |
| | အိမ်သာများ | မိန်းကလေး ၃၀ ဦးလျှင် ၁ လုံး၊ ယောက်ျားလေး ၆၀ ဦးလျှင် ၁ လုံး | |
| ဈေးများ | ဈေးများ | စခန်း ၁ ခု လျှင် ဈေး တစ်ဈေး (လူဦးရေ ၂၀,၀၀၀) | |
| | အိမ်သာများ | ဆိုင်ခန်း ၂၀ - ၅၀ လျှင် ၁ လုံး | |
| ဖြန့်ဝေရေး နေရာများ | ဖြန့်ဝေရေးနေရာ | စခန်း ၁ ခု လျှင် ၄ ခု (လူဦးရေ ၂၀,၀၀၀) | လေးလံသောပစ္စည်းများကို လွယ်ကူ စွာ သယ်ယူရန်အတွက် ပိုမိုမြင့်မား သော နေရာတွင် ထားရှိပါ။ |
| သုသာန် | သုသာန် | | |
| လက်ခံသည့် အဆင့်နှင့် အကူးအပြောင်း အဆင့် စခန်းများ | အိမ်သာများ မီးပေးစနစ် | လူဦးရေ ၅၀ လျှင် ၁ လုံး ( အမျိုးသမီး အမျိုးသား အချိုး - ၃ း ၁) | လုံခြုံရေးကို တိုးမြှင့်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် ညအချိန်တွင် အိမ်သာ စသည်တို့ကို သုံးစွဲနိုင်ရန် |
| စီမံခန့်ခွဲမှု နေရာများ | အစိုးရအာဏာပိုင်များ/ ကာကွယ်ရေးရုံးများ၊ ကုလ သမဂ္ဂ အေဂျင်စီများ၊ အန်ဂျီအို များအတွက်ရုံးများ စည်းဝေးရန် နေရာများ၊ သိုလှောင်ရုံများ အား ကွပ်ကဲသည့် ဝန်ဆောင်မှု များ အပါအဝင် | | |

| | | | |
|---|---|---|---|
| | ထရပ်ကားများကို စခန်းတွင်း မမောင်းနှင်စေရန်နှင့် ဂိုဒေါင် လုံခြုံရေးအတွက် ပုံမှန်အားဖြင့် ဂင်ပေါက်အနားတွင် တည်ရှိသည်။ | | |
| | အိမ်သာများ | | |
| | မီးပေးစနစ် | | လုံခြုံရေးကို တိုးမြှင့်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းရန် နှင့် ညအချိန်တွင် အိမ်သာ စသည်တို့ကို သုံးစွဲနိုင်ရန် |

**စခန်းများတွင် မီးပေးစနစ်**

အများဆိုင်နေရာများတွင် မီးပေးစနစ်လိုအပ်ပြီး စခန်းများတွင် အမျိုးမျိုးသော ရည်ရွယ်ချက်များအတွက် တပ်ဆင်ကြသည်။ အလင်းရောင်သည် ညအချိန်တွင် ပစ္စည်းများ အသုံးပြုနိုင်စွမ်းကို တိုးမြှင့်ပေးသည်။ ထို့ပြင် ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးအသိမှတဆင့် မကောင်းသော ရည်ရွယ်ချက်ရှိသူများ သို့မဟုတ် သားရဲတိရစ္ဆာန်များ၏ရန်မှ ကာကွယ်ပေးသည်။ ကျိုးကြောင်းဆီလျော်သည့် နေရာတိုင်းတွင် မီးပေးထားသင့်သည်။ အဓိကနေရာများဖြစ်သော သန့်ရှင်းရေး အဆောက်အဦများ၊ အဂင်အထွက်နေရာများ၊ အဓိကလမ်းဆုံများ၊ အဓိကနေရာများ၊ လူသွားလမ်းများ၊ စခန်းရုံးခန်းများ၊ ကျန်းမာရေးဌာနများတွင် မီးပေးထားသင့်သည်။ ကိစ္စရပ်များအားလုံးတွင် ဤတပ်ဆင်မှုများကို အစီအစဉ်အတိုင်း ဆောင်ရွက်ရန် လိုအပ်ပြီး ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် ဘဏ္ဍာငွေလည်း လိုအပ်သည်။

အိမ်ထောင်စုများအဆင့်တွင် ရံဖန်ရံခါ၌ တစ်ကိုယ်ရေသုံး လက်ကိုင်မီးများကို ပံ့ပိုးပေးသည်။ လက်ကိုင်မီးများကို အမျိုးမျိုး အသုံးပြုနိုင်ပြီး ယင်းတို့သည် ကျားမကဏ္ဍကွဲပြားမှုအပေါ် အခြေပြုသည့် အကြမ်းဖက်မှုများ လျှော့ချရန် ရည်ရွယ်၍ ကောင်းစွာအစီအစဉ် ချမှတ်ထားသော လုပ်ငန်းများ၊ ညွှန်းပို့စနစ်များကို ဖြည့်စွက်ပေးသင့်သည်။

ကုန်ကျစရိတ် ပိုမိုမြင့်မားသည့် နေရောင်ခြည်စွမ်းအင်သုံး အလင်းပေး ကိရိယာများကို မိုဘိုင်းဖုန်းများကို အားသွင်းရန် အတွက်လည်း အသုံးပြုနိုင်သည်။

အထက်ပါ သွင်ပြင်လက္ခဏာများ အပြင် အောက်ပါတို့ကိုလည်း ထည့်သွင်းစဉ်းစားရမည်။

## လမ်းမများနှင့် လူသွားလမ်းများ

အဓိက လမ်းမကြီးအပြင် စခန်းတွင် အမျိုးမျိုးသော နယ်မြေများ၊ အကွက်များ၊ အစုများကို ဆက်သွယ်ပေးသည့် စခန်းတွင်း လမ်းများ၊ လူကူးလမ်းများ၊ လူသွားလမ်းများလိုအပ်သည်။ များသောအားဖြင့် လူသွားလမ်းများနှင့် လမ်းမ များ သည် လူအများစု တစ်ဦးနှင့်တစ်ဦး ဆက်သွယ်သည့် နေရာများဖြစ်ကြပြီး ယင်းနေရာများတွင် အရပ်ဈေးများကို တည် ကြသည်။ သို့သော် ယင်းတို့သည် ပြစ်မှုကျူးလွန်သူတို့ ဂင်ရောက်ရာလမ်းကြောင်းနှင့် ထွက်ပြေးလွတ်မြောက်ရာ လမ်းကြောင်းများလည်း ဖြစ်ကြသည်။ ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်၊ လုံခြုံရေးနှင့် အရေးပေါ်ယာဉ်များကို လျှင်မြန်စွာ ရယူအသုံးပြုနိုင်မှုနှင့် လုံခြုံရေး လှည့်ကင်းများအတွက် ကောင်းမွန်သော မြင်ကွင်းများ၊ ယင်းတို့အကြား ဟန်ချက်ကို ရှာဖွေရမည်။ လမ်းမများနှင့် လူသွားလမ်းများ ဘေးပတ်ဂန်းကျင်တွင် ချုံပုတ်များ ရှင်းလင်းနေရန် လိုအပ်သည်။

ဗဟို အဆောက်အဦများ သို့မဟုတ် ပိုမိုကြီးမားသော အခြေခံအဆောက်အဦ အနီးတွင် တည်ရှိသော စခန်းများ၏ နေထိုင်စရာများအနီးတွင် လူအသွားအလာပိုမိုများပြားနိုင်သည်။ ဗဟို အဆောက်အဦများ နှင့် ဂေးကွာသော နေရာတွင်ရှိသည့် အသိုက်အဂန်းများသည် အထီးကျန်သည်ဟု ခံစားရနိုင်သည်။ လူအဂင်အထွက် ရုတ်ခြည်း ပိုမို များပြားလာနိုင်သကဲ့သို့ လူများ စွန့်ခွာသွားသည့် နေထိုင်စရာများလည်း ပိုမိုများပြားလာနိုင်သည်။ အခြေအနေ နှစ်ခုလုံးတွင် ခြားနားသော လုံခြုံရေးဆိုင်ရာ အန္တရာယ်များကို စိစစ်ပြီး ယင်းတို့ကို လျော့နည်းအောင် ဆောင်ရွက်ရန် လိုအပ်သည်။

### အများဆိုင်နေရာများ၊ စီးပွားရေးလုပ်ငန်း နေရာများနှင့် အပန်းဖြေရာနေရာများ

နေရာလွတ်များနှင့် အပန်းဖြေရာနေရာများ၊ သာမန် တွေ့ဆုံရာနေရာများနှင့် ဘာသာရေးတွေ့ဆုံပွဲများအတွက် နေရာများကို ဖော်ထုတ်သတ်မှတ်ရမည်။ လက်ရှိနှင့် အနာဂတ်ဈေးကွက် လိုအပ်ချက်များအတွက် ကျယ်ပြန့်သည့်နေရာ လွတ်ကို ထည့်သွင်းစဉ်းစားရမည်။ ကလေးများနှင့် ဆယ်ကျော်သက်လူငယ်များအတွက် ကစားကွင်းများ သို့မဟုတ် ကလေးပျော်နေရာများ လိုအပ်သည်။ ယင်းနေရာများကို မသန်မစွမ်းကလေးများ အပါအဝင် ကလေးများအားလုံးက အလွယ်တကူအသုံးပြုနိုင်ရမည်။ အထူးသဖြင့် ဆယ်ကျော်သက်လူငယ်များအတွက် အဓိကထားဆောင်ရွက် သင့် သည်။ ဥပမာ ဘောလုံးကွင်းများ၊ လူမှုရေးအသင်း၊ ကလပ်များ၊ ဖြစ်နိုင်မည်ဆိုပါက ကစားကွင်းများကို နေထိုင်စရာ များထက် ပိုနိမ့်သောနေရာများတွင်ထားရှိသင့်သည်။ အဘယ်ကြောင့်ဆိုသော် သဘာဝပေါက်ပင်များကို ဖယ်ရှားခြင်း ကြောင့် ရေမျက်နှာပြင် မြင့်တက်လျှံကျလာနိုင်သောကြောင့်ဖြစ်သည်။ လုံခြုံရေးဆိုင်ရာအကြောင်းရင်းများကြောင့် အပန်းဖြေနေရာများကို အတန်အသင့် အလယ်ဗဟိုကျသောနေရာတွင် ထားရှိသင့်သည်။ ဘေးပတ်ဝန်းကျင်ရှိ ထူထပ် သော ချုံပုတ်များကို ရှင်းလင်းထားသင့်သည်။ ယာဉ်အသွားအလာများပြားသောလမ်းမကြီးများနှင့် ဝေးသည့် အန္တရာယ်ကင်းသည့်နေရာတွင် ထားရှိသင့်သည်။

### စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း

အသိုက်အဝန်းတွင် တက်ကြွသော စိုက်ပျိုးရေးသမားများ သို့မဟုတ် ခိုင်မာသည့် တိရစ္ဆာန် မွေးမြူရေး အစဉ်အလာ ရှိပါက တိရစ္ဆာန်မွေးမြူရေး သို့မဟုတ် အကြီးစားစိုက်ပျိုးရေးတို့အတွက် နောက်ထပ် မြေအပိုများကို ထည့်သွင်းစဉ်းစား ရမည်။ ကျန်းမာရေးဆိုင်ရာ အန္တရာယ်များကို လျော့နည်းစေရန်အတွက် တိရစ္ဆာန်များကို စခန်း အပြင်ဘက်တွင် ထားရှိရမည်။ သီးခြားရေချိုးရာနေရာများထားရှိရန်၊ ယင်းနေရာများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးကို သေချာစွာ ဆောင်ရွက်ရန်၊ စခန်းတစ်လျှောက်တွင် တိရစ္ဆာန်များ အထိန်းအကွပ်မဲ့ လျှောက်သွားမှုကို တားဆီးရန်၊ ဒေသခံ လူထု သို့ ရောဂါများ မကူးစက်စေရန်တို့အတွက် အထူးဂရုပြုဆောင်ရွက်ရမည်။

စခန်းတွင်နေထိုင်သူများအား ဖြစ်နိုင်သည့် အတိုင်းအတာတစ်ခုထိ ပါဝင်လာစေရန် အစိုးရအာဏာပိုင်များသည် ဒေသခံအသိုက်အဝန်းတို့နှင့်အတူ နည်းလမ်းတစ်ရပ်ကို ရေးဆွဲပြုစုရမည်။ စခန်းတွင် နေထိုင်သူများသည် စိုက်ပျိုး ရေးကို အာရုံစိုက်ထားပါက လယ်သမားများအား ကောက်ပဲသီးနှံ သုံးလေးမျိုး စိုက်ပျိုးနိုင်စေရန် သို့မဟုတ် ယင်းတို့နှင့် လုံးဝ အကျွမ်းတဝင်မရှိသည့် ပတ်ဝန်းကျင်အခြေအနေနှင့် အသားကျစေရန် နည်းပညာ အကူအညီအချို့ လိုအပ်နိုင် သည်။ နေရပ်စွန့်ခွာရွှေ့ပြောင်းသူများနှင့် အိမ်ရှင် အသိုက်အဝန်းများအကြား အလွတ်သဘော စီစဉ်ဆောင်ရွက်မှု များကိုလည်း အများအားဖြင့် တွေ့ရှိရသည်။

#### တွန်းထုတ်သည့်အချက်များ နှင့် ဆွဲဆောင်သည့်အချက်များ

တွန်းထုတ်သည့်အချက်များ နှင့် ဆွဲဆောင်သည့်အချက်များ ဟူသော ဝေါဟာရကို လူသားချင်းစာနာထောက်ထားမှု နယ်ပယ်များတွင် မကြာခဏ အသုံးပြုကြသည်။ စခန်းအခြေအနေတစ်ခုတွင် တွန်းထုတ်သည့်အချက်ဆိုသည်မှာ လူတစ်ဦးကို စခန်းပတ်ဝန်းကျင်မှ တွန်းထုတ်သည့် သို့မဟုတ် လူတစ်ဦးကို စခန်းပတ်ဝန်းကျင်မှ ထွက်ခွာသွားစေရန် တိုက်တွန်းသည့် ဖြစ်ရပ် သို့မဟုတ် သွင်ပြင်လက္ခဏာ တစ်ရပ်ဖြစ်သည်။ ယင်းသို့ ဖြစ်ရသည့်အကြောင်းရင်းမှာ အသိုက်အဝန်းတွင်း ပဋိပက္ခများ၊ မနှစ်မြို့ဖွယ် အခြေအနေများ၊ ဖိနှိပ်ချုပ်ချယ်မှု၊ အဆောက်အဦ သို့မဟုတ် မြေမှ ဖယ်ရှားရန် ဖိအားပေးမှု၊ လူ့အခွင့်အရေးကို လျစ်လျူရှုမှု၊ အကူအညီနှင့် ဝန်ဆောင်မှုများ မရရှိမှုတို့ကြောင့် ဖြစ်နိုင်သည်။ ဆွဲဆောင်သည့်အချက်ဆိုသည်မှာ လူတစ်ဦးကို စခန်းသို့ ဆွဲဆောင်သည့် ဖြစ်ရပ် သို့မဟုတ် သွင်ပြင် လက္ခဏာ တစ်ရပ်ဖြစ်သည်။ ယင်းသို့ ဖြစ်ရသည့်အကြောင်းရင်းမှာ နေထိုင်မှုအခြေအနေ ပိုမိုကောင်းမွန်ခြင်း၊ ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း၊ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များ၊ မိသားစု သို့မဟုတ် အသိုက်အဝန်း ပြန်လည်ပေါင်းစည်းမှု တို့ကြောင့် ဖြစ်နိုင်သည်။

### စခန်းထူထောင်ခြင်း/ တိုးတက်အောင်လုပ်ဆောင်ခြင်း တာဝန်ဝတ္တရားများ

စခန်းစီမံခန့်ခွဲမှုအဖွဲ့စီသည် အထက်တွင် ဖော်ပြထားသည့်အတိုင်း စခန်းနေရာရွေးချယ်ခြင်းနှင့် စခန်းအစီအစဉ်

ချမှတ်ခြင်း လုပ်ဆောင်ချက်များတွင် ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိသည်။

ရွေးချယ်ထားသည့် စခန်းနေရာများကို အသုံးပြုရန် သီးသန့်အခွင့်အရေးကို နေရပ်စွန့်ခွာရွှေ့ပြောင်းသူများမှ ရရှိ နိုင်စေရန် အတွက် စခန်းအခြေစိုက်သင့်သည့်နေရာကို ဖော်ထုတ်သတ်မှတ်ရန်မှာ အဓိကအားဖြင့် အစိုးရအာဏာပိုင် များ၏ တာဝန်ဖြစ်သည်။ ဖြစ်ရပ်အတော်များများတွင် ပုဂ္ဂလိကပိုင်မြေအတွက် နစ်နာကြေး၊ လျော်ကြေးကို ညှိနှိုင်းရာ တွင်လည်း အစိုးရအာဏာပိုင်များက ဦးဆောင်ကြသည်။ သို့သော် အချို့သော အရာရှိများသည် စခန်းနေရာ ရွေးချယ်မှု စံသတ်မှတ်ချက်များကို သတိမမူမိဘဲ၊ ဂရုမပြုဘဲ ရှိတတ်သည်။ စံသတ်မှတ်ချက်များသည် ဖွဲ့စည်း တည်ဆောက်ပုံအရ သင့်တော်မှု၊ ဘေးကင်းရေးဆိုင်ရာ စဉ်းစားရန်အချက်များ၊ သို့မဟုတ် ရေနှင့် သန့်ရှင်းရေး ဝန်ဆောင်မှုများအတွက် နည်းပညာလိုအပ်ချက်များအရ စိစစ်သတ်မှတ်ပေးနိုင်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းနေရာ ရွေးချယ်မှု၊ ရေနှင့် လူထုအတွက် စားကျက်မြေနှင့် စိုက်ပျိုးရေးမြေ ရယူအသုံးပြုခွင့်များနှင့် ဆက်စပ်ပြီး အိမ်ရာ၊ မြေနှင့် အဆောက်အဦဆိုင်ရာ ကိစ္စရပ်များနှင့်လည်း ကြုံတွေ့ရနိုင်သည်။ မြေနှင့် စပ်လျဉ်းပြီး မည်သူက မြေယာပိုင်ဆိုင်ခွင့်ရှိသည်ကို ဆုံးဖြတ်ရန်၊ စခန်းနယ်နိမိတ်ကို သတ်မှတ်ရန်တို့သည် များသောအားဖြင့် ခက်ခဲနိုင် သည်။

များသောအားဖြင့် အစုအဖွဲ့ကဏ္ဍ ဦးဆောင်အေဂျင်စီသည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအပါအဝင် အခြားသော အဓိက ပါဝင်ပတ်သက်သူများနှင့်အတူ အစိုးရအာဏာပိုင်များနှင့် ဆွေးနွေးကာ ပံ့ပိုးကူညီပေးသည်။ ယင်းတို့သည် နည်းပညာ ဆိုင်ရာ ဆန်းစစ်မှုများကိုအကြံပြုနိုင်ရမည်။ ထင်မြင်ချက်များလည်းပေးနိုင်ရမည်။ စခန်းလူထု၏လိုအပ်ချက်များနှင့်အခွင့်အရေးများကိုလည်း တောင်းခံပေးနိုင်ရမည်။ စခန်းနေရာ တည်ဆောက်ပြုပြင်မှုကော်မတီကို ဖွဲ့စည်းလျှင် ယင်းကော်မတီတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၊ အစီအစဉ် ရေးဆွဲရေးနှင့် စစ်တမ်းကောက်ယူရေး အစိုးရအာဏာပိုင်များ၊ နည်းပညာ ကျွမ်းကျင်သူများ၊ ကုလသမဂ္ဂ အေဂျင်စီ များ၊ လုံခြုံရေးတပ်ဖွဲ့များ၊ အိမ်ရှင်လူထု ခေါင်းဆောင်များ၊ နေရပ်စွန့်ခွာရွှေ့ပြောင်းသူများ၏ ကိုယ်စားလှယ်များ ပါဝင် သင့်သည်။ ဤသို့ဆောင်ရွက်ခြင်းသည် ပါဝင်သူများအားလုံးအတွက် မိမိတို့လည်း ပါဝင်ပိုင်ဆိုင်သည်ဟူသော သဘောထားကို အမြင့်မားဆုံး ဖန်တီးပေးလိမ့်မည်။

စခန်းကို ထူထောင်စဉ်နှင့် တိုးတက်အောင် လုပ်ဆောင်စဉ်တွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အောက်ပါတို့ကို လုပ်ဆောင် သင့်သည်။

- အစီအစဉ်ချမှတ်ခြင်းနှင့် ထူထောင်ခြင်း ကိစ္စရပ်များအတွက် ယင်း၏ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုဖြင့် တည် ဆောက်ပြုပြင်မှု ကော်မတီကို ပံ့ပိုးပေးသင့်သည်။
- ရရှိထားသော အချက်အလက်များကို အခြေပြု၍ စိတ်ဖြာလေ့လာခြင်းနှင့် ဆုံးဖြတ်ချက်ချရာတွင် အစုအဖွဲ့၊ ကဏ္ဍ ဦးဆောင်အေဂျင်စီကို ကူညီပေးသင့်သည်။ စခန်းကို တရားဝင်ထူထောင်ပြီးသည်နှင့် ကော်မတီကို ဖျက်သိမ်းလိုက်နိုင်သည်။ သို့မဟုတ် ကော်မတီသည် စခန်း၏ အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်မှု အပေါ်တွင် ပြန်လည်အာရုံစိုက်နိုင်သည်။
- စခန်းထူထောင်ခြင်း/ တိုးတက်အောင်လုပ်ဆောင်ခြင်းတို့သည် စခန်းလူထု၊ ဝန်ထမ်းများနှင့် အိမ်ရှင်လူထု တို့အတွက် မည်မျှ အသုံးဝင်သည်ကို စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးကာ လိုအပ်သလို ပြင်ဆင်ညှိနှိုင်း၊ ပူးပေါင်းဆောင်ရွက်စေရမည်။
- နေရပ်စွန့်ခွာရွှေ့ပြောင်းသူများနှင့် ယင်းတို့၏ အိမ်ရှင်များကို စခန်းနေရာရွေးချယ်မှု၊ စခန်းအစီအစဉ် ချမှတ်မှုနှင့် တိုးတက်အောင် လုပ်ဆောင်မှုတို့တွင် ပါဝင်စေရမည်။ ဤအဖွဲ့များကို ထည့်သွင်းရန် ပျက်ကွက်ခြင်းသည် ဆက်ဆံရေးအားနည်းခြင်း၊ ဆူပူမှု နှင့် အကြမ်းဖက်မှုအထိ ဖြစ်စေနိုင်သည်။ အမျိုးသမီးများ၊ အရွယ်မရောက် သေးသူများ၊ ဘေးအန္တရာယ်ကျရောက်သည့် အုပ်စုများ သို့မဟုတ် သီးခြားလိုအပ်ချက်များရှိသော အုပ်စုများသည် ကော်မတီတွင် တတ်နိုင်သမျှ ကိုယ်စားပြုခြင်း ခံရသင့်သည်။
- လုံခြုံရေးနှင့် လူမှုရေးဆိုင်ရာ စဉ်းစားရန်အချက်များ၊ ကျားမကဏ္ဍကွဲပြားမှုများတို့နှင့် စပ်လျဉ်းပြီး နေထိုင် စရာများ၊ အခြေခံ အဆောက်အဦများ တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်း နှင့် အဆင့်မြှင့်တင်ခြင်းတို့အတွက် ပံ့ပိုး ညှိနှိုင်းဆောင်ရွက်သင့်သည်။
- ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ထိရောက်စွာ ဖြန့်ဝေနိုင်ရန်အတွက် အစီအစဉ် ရေးဆွဲသင့်သည်။ ဤသို့ ဆောင်ရွက်ရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ချက်ပြုတ်ခြင်း၊ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး အလေ့အထများကို နားလည်ရန် လိုအပ်သည်။
- ဖြန့်ဝေရေးဌာနများ၊ လူမှုရေးအဆောက်အဦများနှင့် လမ်းမများ၊ မြေအောက်ပိုက်လိုင်းများနှင့် ရေနုတ်မြောင်း များကဲ့သို့သော အခြေခံအဆောက်အဦများကို မည်သို့ အသုံးပြု၊ စီမံ၊ ထိန်းသိမ်းမည်ကို အစီအစဉ်ရေးဆွဲ သည့် အဆင့်တွင် အပြန်အလှန် နားလည်မှု တစ်ရပ်ကို တည်ဆောက်သင့်သည်။

## စခန်းပိတ်သိမ်းခြင်း

စခန်းပိတ်သိမ်းခြင်းသည် အခြေအနေအလိုက် ဆောင်ရွက်ရသော လုပ်ငန်းစဉ်ဖြစ်သည်။ စခန်းပိတ်သိမ်းခြင်းသည် အမျိုးမျိုးသော အကြောင်းရင်းများကြောင့်၊ အမျိုးမျိုးသော နည်းလမ်းများ၊ အဆင့်များတွင် ဖြစ်ပွားနိုင်သည်။ ယင်း နည်းလမ်းများ၊ အဆင့်များတွင် စနစ်တကျစီစဉ်ထားပြီး နေရပ်သို့ပြန်စေခြင်း သို့မဟုတ် အလှူရှင်များ၏ ထောက်ပံ့မှု တစ်စတစ်စ လျော့ပါးလာခြင်းကြောင့် အစီအစဉ်ချမှတ်ပြီး စနစ်တကျပိတ်သိမ်းခြင်းမှ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှု များ သို့မဟုတ် အစိုးရ၏ အတင်းအကျပ် စေခိုင်းမှုများကြောင့် ရုတ်တရက်၊ ဖရိုဖရဲ ပိတ်သိမ်းခြင်းတို့အထိ ပါဝင်သည်။ တခါတရံတွင် အကူအညီများ၊ ဝန်ဆောင်မှုများ ထောက်ပံ့မှုများ တစ်စတစ်စ လျော့နည်းသွား၍ ယင်း၏ အခြေခံ အဆောက်အဦများ သို့မဟုတ် လုပ်ငန်းများကို ဖယ်ရှားခံရခြင်းများလည်း ရှိသော်လည်း စခန်းသည် သူ့ဖာသာ ပိတ်သိမ်းမသွားဘဲ ရပ်ရွာ အသိုက်အဝန်းတစ်ခု အဖြစ် ရပ်တည်နေနိုင်သည်။ ယင်းသည် စီးပွားရေး သို့မဟုတ် လူမှုရေး လုပ်ဆောင်ချက်များအတွက် အလားအလာရှိသော အတည်တကျ အခြေချရာ နေရာသစ်၊ မြို့ သို့မဟုတ် နေရာတစ်ခု ဖြစ်လာနိုင်သည်။ ယင်းသည် ယခင်အခြေအနေသို့လည်း အလွယ်တကူ ပြန်လည်ရောက်ရှိသွားနိုင်သည်။

စခန်းပိတ်သိမ်းမှုသည် မည်သည့် အခြေအနေများကြောင့် ဖြစ်စေကာမူ စနစ်တကျ အစီအစဉ်ချမှတ်ပြီး ကောင်းစွာ ပေါင်းစပ်၊ ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အစိုးရအာဏာပိုင်များ၊ အခြားသော အဓိက ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းပြီး စနစ်တကျ ဆောင်ရွက်ရမည်။ စခန်းလူထုနှင့် အိမ်ရှင်လူထုများကို လုပ်ငန်းစဉ်တွင် ရေရှည်ပါဝင်ဆောင်ရွက်စေရန်လည်း အတူတကွ ဆောင်ရွက်ရမည်။

ဤသင်ခန်းစာအပိုင်းသည် အမှန်တကယ် စခန်းပိတ်သိမ်းခြင်းအပေါ်တွင် အာရုံစိုက်ထားသည်။ နယ်စပ်ဖြတ်ကျော် လုပ်ငန်းများ၊ သို့မဟုတ် ပြန်လည်ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး အကူအညီများကို အန္တရာယ်ကျရောက် လွယ်သည့် အုပ်စုများနှင့် စပ်လျဉ်း၍သာ ထည့်သွင်းပါဝင်မည်။

### ခက်ခဲသော အဆင့်

စခန်းပိတ်သိမ်းခြင်းသည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် အထူးသဖြင့် ခက်ခဲသောအဆင့်ဖြစ်သည်။ ယင်းသည် ရှည်လျားပြီး ရှုပ်ထွေးသော လုပ်ငန်းစဉ်တစ်ခု၏ အဆုံးတွင် ဖြစ်ပေါ်သည်။ ယင်းအချိန်သည် လူအများ ပင်ပန်းနေ သည့်အချိန်၊ စခန်းလူထုနှင့် ဝန်ထမ်းများသည် အနာဂတ်အတွက် ကြောင့်ကြလျက်ရှိသောအချိန်၊ အခြားသော အေဂျင်စီများ ထွက်ခွာနေသော သို့မဟုတ် ထွက်ခွာသွားပြီးသောအချိန် ဖြစ်နေတတ်သည်။ ယင်းအချိန်သည် ဘဏ္ဍာငွေနှင့် အရင်းအမြစ်များ နည်းပါးနေသောအချိန်လည်း ဖြစ်နိုင်သည်။ စခန်းနှင့် စခန်းစီမံခန့်ခွဲမှုလုပ်ငန်းများကို ပိတ်သိမ်းတော့မည်၊ တစ်စတစ်စ ရပ်ဆိုင်းတော့မည်ဟု ကြေညာလိုက်သည်နှင့်တစ်ပြိုင်နက် အင်အားနှင့် အာရုံ စူးစိုက်မှုများသည် ချက်ချင်းဆိုသလို ကျဆင်းသွားနိုင်သည်။ စခန်းကို တာဝန်ရှိရှိ ပိတ်သိမ်းရန်အတွက် အာရုံ စူးစိုက်မှုအသစ် လိုအပ်သည့်အချိန်၊ စခန်း၏ နောက်ဆုံးနေ့များတွင် လူထုကို အကူအညီနှင့် ကာကွယ် စောင့်ရှောက်မှုများပေးရန်၊ စခန်းနေရာကို စီမံခန့်ခွဲရန် အထူးခက်ခဲကြောင်းကို စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် တွေ့ရှိရနိုင်သည်။

### ရေရှည် တည်တံ့မည့် ဖြေရှင်းနည်းများ

စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အဓိကလုပ်ငန်းတာဝန်မှာ စခန်းလူထုအတွက် ရေရှည်တည်တံ့မည့် ဖြေရှင်းနည်းများကို ဖော်ထုတ်ရန်အတွက် အဓိကပါဝင်ပတ်သက်သူများနှင့်အတူ စခန်းလုပ်ငန်းတွင် ဆောင်ရွက်လုပ်ကိုင်ကြသည်။ ရေရှည်တည်တံ့မည့် ဖြေရှင်းနည်း ဟူသည့် ဝေါဟာရကို နေရပ်စွန့်ခွာရွှေ့ပြောင်းမှုများ အဆုံးသပ်သည့်အချိန်တွင် လုပ်ငန်းစဉ်ကို ဖော်ပြရန် အသုံးပြုကြသည်။ အခန်း ၁ တွင် ဖော်ပြထားသည့်တိုင်း ရေရှည်တည်တံ့မည့် ဖြေရှင်းနည်း သုံးမျိုးရှိသည်။

- ➔ မူလနေရပ်ဒေသသို့ ပြန်သွားခြင်း
- ➔ နေရပ်စွန့်ခွာရွှေ့ပြောင်းသူများ ခိုလှုံနေသည့် ဒေသခံ အသိုက်အဝန်းသို့ ပေါင်းစည်းခြင်း
- ➔ နိုင်ငံ၏ အခြားသောနေရာ သို့မဟုတ် အခြားတစ်နိုင်ငံတွင် ပြန်လည်နေရာချထားခြင်း

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အစုအဖွဲ့ကဏ္ဍ ဦးဆောင်အေဂျင်စီနှင့် ပူးပေါင်း၍ ရေရှည်တည်တံ့မည့် ဖြေရှင်းနည်းများ၊

ဆန္ဒအလျောက် နေရပ်ပြန်ခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်များ၊ အစိုးရအာဏာပိုင်များ၏ အခန်းကဏ္ဍများနှင့် စပ်လျဉ်း သည့် သင်တန်းများကို ပို့ချခြင်း၊ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းတို့ကို စခန်းအဆင့်တွင် ဆောင်ရွက်ရန် အတွက် အထောက်အကူပေးသည့်ကဏ္ဍမှ ပါဝင်သည်။ နေရပ်စွန့်ခွာရွှေ့ပြောင်းသူများအတွက် ရေရှည်တည်တံ့မည့် ဖြေရှင်းနည်းများမှ လွတ်လပ်စွာ အကျိုးကျေးဇူး ရရှိနိုင်မည့်အခြေအနေများ၊ ဘေးကင်းလုံခြုံပြီး လေးစားမှုရှိသည့် အခြေအနေများကို ထူထောင်ပေးရန်မှာ နိုင်ငံတော်တွင် အဓိကတာဝန် ရှိသည်။

## ဆန္ဒအလျောက် နေရပ်ပြန်ခြင်း

ဆန္ဒအလျောက်ဟု မှတ်ယူနိုင်ရန်အတွက် နေရပ်ပြန်ရန် ဆုံးဖြတ်ချက်သည် လွတ်လပ်မှုရှိပြီး သတင်း အချက်အလက်များပေါ်တွင် အခြေခံရမည်။ နေရပ်စွန့်ခွာရွှေ့ပြောင်းသူများသည် ၎င်းတို့၏ မူလနေရပ်၊ စွန့်ခွာလာသည့် သို့မဟုတ် ပြန်လည်နေရာချမည့် နိုင်ငံ သို့မဟုတ် နယ်ပယ်များရှိ အခြေအနေများနှင့် စပ်လျဉ်းသည့် တိကျသော၊ ဓမ္မဓိဋ္ဌာန် ကျသော နောက်ဆုံး သတင်းအချက်အလက်များကို ရရှိရန် အရေးကြီးသည်။ တခါတရံတွင် ဆန္ဒအလျောက် နေရပ်ပြန်ခြင်းသည် အလိုအလျောက် ဖြစ်ပေါ်လာသည်။ စခန်းမှ ထွက်ခွာရန် ဆုံးဖြတ်ပြီးသည်နှင့် အုပ်လိုက် သင်းလိုက် ထွက်ခွာပါက ထွက်ခွာမှုသည် အလွန်မြန်ဆန်နိုင်ပြီး လူအနည်းစုလိုက် ထွက်ခွာခြင်းဖြစ်ပါက ကာလ အတန်ကြာနိုင်သည်။ နေရပ်ပြန်ရန် အခြေအနေများ ဖြစ်ပေါ်လာသည့်အချိန်တွင် ဆန္ဒအလျောက် နေရပ်ပြန်ခြင်းသည် အစိုးရအာဏာပိုင်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီများက အစီအစဉ်ချမှတ်ထားသည့် စနစ် တကျ စီစဉ်ထားသော ဆောင်ရွက်ချက်တစ်ခုလည်း ဖြစ်နိုင်သည်။

ဆန္ဒအလျောက် နေရပ်ပြန်ခြင်းတွင် ကိုက်ညီရမည့် အခြေအနေ အမျိုးမျိုး ပါဝင်သည်။ ယင်းတို့သည် ဘေးကင်းရေး၊ လုံခြုံရေးနှင့် ဂုဏ်သိက္ခာဆိုင်ရာ မရှိမဖြစ် လိုအပ်ချက်များနှင့်လည်း ကိုက်ညီရမည်။ နေရပ်ပြန်နေစဉ်နှင့် နေရပ်ပြန်ပြီး နောက်တွင် ဘေးကင်းလုံခြုံသည့် ပတ်ဝန်းကျင်များ ရှိရမည်။ ယင်းတို့ကို အောက်ပါ စံသတ်မှတ်ချက် နှင့် တိုင်းတာရန် လိုအပ်သည်။

- ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေး။ ဥပမာ လက်နက်ကိုင် တိုက်ခိုက်မှု သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှု တို့မှ ကာကွယ်စောင့်ရှောက်ရေး။
- ပစ္စည်းဥစ္စာအားဖြင့် ဘေးကင်းမှု။ မြေ၊ ပစ္စည်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းလမ်းများကို အသုံးပြု ခွင့်များ။
- ဥပဒေကြောင်းအရ ဘေးကင်းမှု။ ဥပဒေအရ သာတူညီမျှ ဆက်ဆံရေး၊ နေရပ်စွန့်ခွာရွှေ့ပြောင်းရခြင်း ကြောင့် နှိမ့်ချဆက်ဆံခံရခြင်းများ မရှိစေရေး၊ အရင်းအမြစ်များကို ပြည့်ပြည့်ဝဝ အသုံးချခွင့်၊ ယခင်က အခွင့်အရေးများ ပြန်လည်ပြဋ္ဌာန်းပေးခြင်း။

ဂုဏ်သိက္ခာဟူသော ဝေါဟာရအတွက် အားလုံးက လက်ခံထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မရှိသော်လည်း ယင်းကို လက်တွေ့တွင် နေရပ်စွန့်ခွာရွှေ့ပြောင်းသူများ၏ လိုအပ်ချက်များ၊ အတွေးများနှင့် ဆန္ဒများကို လေးစားခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ယင်းမှာ နေရပ်စွန့်ခွာရွှေ့ပြောင်းသူများအပေါ် ထိခိုက်နစ်နာစေသော၊ နှိမ့်ချသော ဆက်ဆံရေး များ မရှိကြောင်းနှင့် ၎င်းတို့ကို နိုင်ငံတကာ စံနှုန်းများ၊ ဥပဒေများအတိုင်း ဆက်ဆံကြောင်း ဆိုလိုခြင်း ဖြစ်သည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အခန်းကဏ္ဍမှာ အစိုးရအာဏာပိုင်များ၊ အစုအဖွဲ့ကဏ္ဍ ဦးဆောင်အေဂျင်စီတို့နှင့် အနီးကပ် ညှိနှိုင်းကာ ဆန္ဒအလျောက် နေရပ်ပြန်ခြင်းဆိုင်ရာ သင့်လျော်သည့် လုပ်ငန်းစဉ်တစ်ရပ်အတွက် လိုအပ်ချက် များကို တောင်းခံရန်နှင့် ပါဝင်ပတ်သက်သူများ၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကို စခန်း အသိုက်အဝန်း အား အသိပေးရန် ဖြစ်သည်။

ဆန္ဒအလျောက် နေရပ်ပြန်ရာ လမ်းတစ်လျှောက်တွင် လွတ်လပ်စွာ သွားလာခွင့် ပေးရမည်။ ဆိုလိုရင်းမှာ နေရပ်စွန့်ခွာရွှေ့ပြောင်းသူများကို နေရပ်သို့ပြန်ရန်ဖြစ်စေ၊ နိုင်ငံ၏ အခြားတစ်နေရာတွင် ဆန္ဒအလျောက် အခြေချရန်ဖြစ်စေ ခွင့်ပြု ရမည်။ နေရပ်စွန့်ခွာရွှေ့ပြောင်းသူများသည် ခြွင်းချက်မရှိ နေရပ်သို့ပြန်နိုင်ရမည်ဖြစ်ပြီး ၎င်းတို့အတွက် အဆင်ပြေ သည့်နှုန်းဖြင့် ခရီးသွားလာနိုင်ရမည်။ လိုအပ်ပါက အဖွဲ့ရာယ်ကျရောက်လွယ်သောအုပ်စုအတွက် သီးသန့် စဉ်းစား ပေးသင့်သည်။ နေရပ်စွန့်ခွာရွှေ့ပြောင်းသူများကို ၎င်းတို့၏ ရွှေ့ပြောင်းနိုင်သော ပိုင်ဆိုင်မှုများကို ယူဆောင်သွားရန် ခွင့်ပြုရမည်။ ဆန္ဒအလျောက်နေရပ်ပြန်ခြင်းကို အစီအစဉ်ချမှတ်ရာတွင် မူလနေရပ်ဒေသရှိ ကျောင်းဖွင့်ချိန်၊ စိုက်ပျိုး ရာသီနှင့် စီးပွားရေးအရ အလားအလာ ကောင်းမှုတို့ကို ထည့်သွင်းစဉ်းစားရမည်။

## ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ၂၀၁၄ ခုနှစ်တွင် ဖိလစ်ပိုင်၌ သဘာဝဘေးအန္တရာယ် ကျရောက်ပြီး နောက် ရှည်ကြာသည့် နေရပ်စွန့်ခွာရွှေ့ပြောင်းမှုများ

ယေဘုယျအားဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် နေရပ်စွန့်ခွာရွှေ့ပြောင်းသူအများစုသည် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စတင်ရန်အတွက် ၎င်းတို့၏မူလနေရပ်သို့ ရက်အနည်းငယ်အတွင်း သို့မဟုတ် နာရီအနည်းငယ်အတွင်းမှာပင် ပြန်ကြသည်။ ဖြစ်ရပ်တစ်ခု ပြီးပြီးချင်း မပြန်ကြသူများသည် မိမိဖာသာ ပြန်လည်ထူထောင် ရေးအတွက် အားနည်းချက် ရှိသောသူများ ဖြစ်ကြသည်။ ယင်းကို ဖော်ထုတ်ပြီး ဖြေရှင်းရန် လိုအပ်သည်။ ဖိလစ်ပိုင် နိုင်ငံတွင် သဘာဝဘေးအန္တရာယ်အပြီး အတွေ့အကြုံများသည် အောက်ပါတို့ကို ဖော်ပြသည်။

- တစ်ဦးချင်းပုဂ္ဂိုလ်များ သို့မဟုတ် မိသားစုများသည် အလွန်အမင်း ခိုကိုးရာကင်းမဲ့နေပြီး နေထိုင်စရာ၊ အသုံး အဆောင်၊ ပစ္စည်းကိရိယာကဲ့သို့သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီထက် ပိုမို များပြားသော အကူအညီကို လိုအပ်နိုင်သည်။
- မိသားစုများသည် နယ်သစ်တွင် အလွတ်သဘော အခြေချသူများ ဖြစ်ကြပြီး စိုက်ပျိုးရေးလုပ်သားများလည်း ဖြစ်ခဲ့နိုင်သည်။ ယခင်က လယ်တော သို့မဟုတ် စိုက်ခင်းများတွင် နေထိုင်ခဲ့ကြပြီး လယ်တောများ၊ စိုက်ခင်းများ ပျက်စီးသွားခြင်းကြောင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများလည်း ပျောက်ဆုံးသွားခဲ့နိုင်သည်။
- မိသားစုများသည် အိမ်ပိုင်ရှင်များ မဟုတ်ခဲ့နိုင်ပါ၊ သို့သော် မြေငှားရမ်းခဲ့ကြနိုင်သည်။ ယခုအခါ ၎င်းတို့ကို ယခင် နေထိုင်ခဲ့သည့် နေရာများတွင် ပြန်လည်တည်ဆောက်ရန်အတွက် ခွင့်မပြုပါ။
- စုစည်းနေထိုင်ရာနေရာရှိ လူထုတစ်ခုလုံး ပါဝင်ကောင်း ပါဝင်နိုင်သည့် မိသားစုအုပ်စုများ နေခဲ့ကြသည့် နေရာဒေသကို ယခုအခါ ပြန်လည်မတည်ဆောက်ရသည့် ဇုန်ဟု မှတ်ယူထားသည်။ ထို့ကြောင့် ၎င်းတို့အနေဖြင့် ထို ယင်းနေရာဒေသတွင် ပြန်လည်ထူထောင်ရေး ပံ့ပိုးမှုများကို ရရှိရန် ပိုမိုခက်ခဲစေသည်။

အောက်ပါကိစ္စရပ်တစ်ခုစီကို နားလည်ရမည်ဖြစ်ပြီး ရေရှည်တည်တံ့မည့် ဖြေရှင်းနည်းများကို ဖော်ထုတ်ရမည်။ အစု အဖွဲ့ ဦးဆောင်အေဂျင်စီနှင့် အစိုးရအာဏာပိုင်များသည် ဤသီးခြားကိုင်တွယ်ဖြေရှင်းရမည့် ဖြစ်ရပ်များအတွက် ဖြေရှင်းနည်းများကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည်။ နေရပ်ပြန်ရန်အတွက် အဟန့်အတားများကို ဦးစွာ နားလည်ရန်နှင့် ယင်းတို့ကို သက်ဆိုင်ရာအာဏာပိုင်များအား အသိပေးရန်မှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ တာဝန် ဖြစ်သည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် နေရပ်ပြန်သည့်ကိစ္စရပ်များအတွက် အသိုက်အဝန်းခေါင်းဆောင်များနှင့် အမြဲ ဆက်သွယ်ရမည် ဖြစ်သော်လည်း ခေါင်းဆောင်များနှင့် တိုင်ပင်ခြင်းသက်သက်သည် မလုံလောက်ပါ။ ယင်းတို့၏ အမြင်များ သည် အားလုံး၏ဆန္ဒများကို ကိုယ်စားမပြုနိုင်ပါ။ စုပေါင်း ဆုံးဖြတ်ချက်ချခြင်းသည် လုံခြုံရေးနှင့် အသက်မွေးဝမ်း ကျောင်းများအရ တစ်ဦးချင်းစီ၏ လိုအပ်ချက်များကို ပယ်ချနိုင်သည့် အန္တရာယ်ရှိသည်။ ဤအချက်သည် ကျန်ရစ်ခဲ့ မည်ကို စိုးရိမ်သည့် အန္တရာယ်ကျရောက်နေသည့် အုပ်စုများအတွက် ပိုမို မှန်ကန်နိုင်သည်။

## အလိုအလျောက် နေရပ်ပြန်ခြင်း

နေရင်းဒေသ သို့မဟုတ် နေရပ်စွန့်ခွာရွှေ့ပြောင်းသည့်ဒေသရှိ အပြောင်းအလဲများသည် အလိုအလျောက် နေရပ်ပြန် ခြင်း စတင်စေနိုင်သည်။ နေရပ်ပြန်ရန် ကြိုးပမ်းနေသည့် ဘေးအန္တရာယ် ကျရောက်လွယ်သူများကို ဦးစားပေးရမည်။ တစ်ချိန်တည်းမှာပင် နေရပ်မပြန်သည့်သူများအတွက် ကာကွယ်စောင့်ရှောက်မှု နှင့် အထောက်အပံ့များကို ဆက်လက် ပံ့ပိုးပေးထားရမည်။

လမ်းခရီးရှိ အခြေအနေ သို့မဟုတ် ရွေးချယ်ထားသည့်နေရာသည် မလုံခြုံသည့်အချိန်မျိုးမှာပင်လျှင် နေရပ်စွန့်ခွာ နေထိုင်ရသူများသည် နေရပ်သို့ပြန်ရန်ဖြစ်စေ၊ အခြားနေရာတစ်ခုသို့ ထွက်ခွာရန်ဖြစ်စေ ဆုံးဖြတ်နိုင်သည်။ စခန်းစီမံ ခန့်ခွဲမှုအေဂျင်စီသည် နေရပ်ပြန်သည့် သို့မဟုတ် ထွက်ခွာရသည့် အကြောင်းရင်းကို ဖော်ထုတ်ရမည်။ ယင်းသည် အခြားသော ကိစ္စရပ်များကို မီးမောင်းထိုးပြနိုင်သည်။ ဥပမာ နိုင်ငံရေး သို့မဟုတ် စစ်ရေးဆိုင်ရာ အကြောင်းရင်း သို့မဟုတ် စိုးရိမ်ပူပန်မှုများ မြင့်တက်လာခြင်း။ အချို့သောအုပ်စုများသည် ခွဲခြားဆက်ဆံခံရသည်ဟု ခံစားရခြင်း သို့မဟုတ် စခန်းတွင်းတွင် အခြားအုပ်စုများ ရှိနေခြင်းကြောင့် မလုံခြုံဟု ခံစားရခြင်း တို့ကိုလည်း ညွှန်ပြနိုင်သည်။

အစားအစာ နှင့် ရေ သို့မဟုတ် အခြားဝန်ဆောင်မှုများ လုံလုံလောက်လောက် မရရှိခြင်း ကဲ့သို့သော အဆက်မပြတ်

တွေ့ကြုံနေရသည့် အခက်အခဲများသည် လူအများအား ထွက်ခွာသွားရန် ဖိအားပေးနိုင်သည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အဓိက ပါဝင်ပတ်သက်သူများနှင့် ညှိနှိုင်းကာ အခက်အခဲများ၊ လုံခြုံရေးနှင့် မြင့်တက်လာသော စိုးရိမ်ပူပန်မှုများကို ကိုင်တွယ်ဖြေရှင်းရမည်။ နေရပ်ပြန်ရေးကို တိုက်တွန်းရန်၊ မတိုက်တွန်းရန်သည် အခြေ အနေအပေါ်မူတည်ပြီး အစုအဖွဲ့ဦးဆောင်အေဂျင်စီ၊ ဝန်ဆောင်မှု ပံ့ပိုးပေးသူများ၊ အစိုးရအာဏာပိုင်များနှင့် တိုင်ပင် ဆုံးဖြတ်သင့်သည်။ အေဂျင်စီမှစီစဉ်သည့် နေရပ်ပြန်ခြင်းအစီအစဉ်အစား မိမိတို့ဖာသာ နေရပ်ပြန်ရန်ရွေးချယ်သည့် လူအများကို ဖော်ပြ ရန်အတွက် အလိုအလျောက် နေရပ်ပြန်ခြင်း ဟူသော ဝေါဟာရကို အသုံးပြုနိုင်သည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ယူဂန်ဒါ မြောက်ပိုင်းတွင် ရွှေ့လျားသွားလာမှုနှင့် ဆန္ဒအလျောက် နေရပ်ပြန်ခြင်း၊လူ့အခွင့်အရေး ဦးတည်ချက်မှ ရေးသားသော အစီရင်ခံစာ

လော့ဒ် လွတ်မြောက်ရေးတပ်ဖွဲ့များကြောင့် (Lord's Liberation Army) ကြောင့် နေရပ်စွန့်ခွာရွှေ့ပြောင်းရပြီးနောက်တွင် နေရပ်စွန့်ခွာရွှေ့ပြောင်းရသော အက်ခိုလီလူမျိုးများသည် အိမ်သို့ ပြန်လိုကြသည်။ ရေ၊ လမ်းမများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ကိရိယာများနှင့် သတင်းအချက်အလက်များ မရှိသည့်ကြားကပင် အိမ်သို့ပြန်သွားကြသည်။ ယူဂန်ဒါ၏ ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများဆိုင်ရာ အမျိုးသားရေးမူဝါဒတွင် ဆန္ဒအလျောက် နေရပ်ပြန်ခြင်းသည် လေးစား ထိန်းသိမ်းထားသည့် လူ့အခွင့်အရေးတစ်ခု ဖြစ်သည်။ ၎င်းတို့၏ နေအိမ်များ၊ နေရင်းအရပ်များသို့ ဆန္ဒ အ လျောက်၊ ဘေးကင်းစွာနှင့် ဂုဏ်သိက္ခာရှိစွာ ပြန်နိုင်ရန်အတွက် ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်သူများ၏ အခွင့်အရေး ကို တိုးမြှင့်ပေးရန် အစိုးရအနေဖြင့် ကတိကဝတ်ပြုထားကြောင်း ယင်းမူဝါဒက အခိုင်အမာ ပြောဆိုထားသည်။ လုပ်ငန်းစဉ်ကို ထိန်းချုပ်ရန် မကြိုးစားဘဲ နေရပ်ပြန်ရန်အတွက် အထောက်အကူပြု ပတ်ဝန်းကျင်တစ်ခု ပံ့ပိုးပေးရန်မှာ အစိုးရအဖွဲ့အစည်းများ၊ အစိုးရ အများပါဝင်သော အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ တာဝန် ဖြစ်သည်။ ဆန္ဒအလျောက် နေရပ်ပြန်ခြင်းကို ပံ့ပိုးရန်အတွက် -

- ➔ အတင်းအကျပ် နေရပ်စွန့်ခွာရွှေ့ပြောင်းစေခြင်းသည် အပြီးအပိုင် နိဂုံးချုပ်သွားပြီ ဖြစ်ကြောင်းကို အစိုးရက ရှင်းရှင်း လင်းလင်း ကြေညာရန် လိုအပ်သည်။
- ➔ အစိုးရသည် နေရပ်ပြန်ရန်အခွင့်အရေးကို အာမခံရန်နှင့် ဤကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းပြီး တစ်သမတ်တည်း ဖြစ်သော သတင်းစကားများကို ပေးပို့ရန် လိုအပ်သည်။
- ➔ အစိုးရနှင့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများတို့သည် လူများကို နေရပ်ပြန်ခြင်းမှ ဟန့်တားနိုင်သည့် သို့မဟုတ် နေရပ်ပြန်ရန် သဘောထားကို ယိမ်းယိုင်စေနိုင်သည့် ကိစ္စရပ်များကို တမင်ဖြစ်စေ၊ မတော်တဆဖြစ်စေ ပြုလုပ်ခြင်းကို ရှောင်ရှားရမည်။
- ➔ အက်ခိုလီ လူမျိုးများ နေထိုင်သည့် အရပ်ဒေသအားလုံးတွင် ပြစ်မှုနှင့် အခြားခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကျွမ်းကျင်လိမ္မာသော ရဲများကို အမြဲ ရှိနေစေသင့်သည်။
- ➔ နေရပ်စွန့်ခွာရွှေ့ပြောင်းသူများအား အရေးပေါ်အကူအညီပေးခြင်းထက် ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းကို ပြန်လည် စတင်ရေး၊ အခြေခံအဆောက်အဦ (အထူးသဖြင့် ရေနှင့် လမ်းမများ) ပြန်လည်ထူထောင်ရေးများအပေါ် အာရုံစူးစိုက်သင့်သည်။
- ➔ ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်သူများမှ နေရပ်ပြန်ရေးကို ထိရောက်စွာစီစဉ်နိုင်ရန် လုံခြုံရေး၊ အခြေခံ အဆောက်အဦ၊ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း၊ အစားအသောက်ဖြန့်ဝေခြင်း တို့နှင့် ပတ်သက်သည့် မှန်ကန်တိကျသော သတင်းအချက်အလက်များ ပံ့ပိုးပေးရန် လိုအပ်သည်။
- ➔ အကူအညီလက်ခံရရှိသူများအပေါ် အကူအညီပေးအပ်သူများမှ တာဝန်ခံယူမှု ရှိစေရမည်။ နေရပ်စွန့်ခွာရွှေ့ပြောင်းသူများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့် သက်ဆိုင်ရာ နိုင်ငံအာဏာပိုင်များ အနေဖြင့် ရပ်ရွာလူထုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်သူများ ချိတ်ဆက်ဆောင်ရွက်နိုင်စေရေးကို အစည်းအဝေး များတွင် ပွင့်လင်းစွာ ဆွေးနွေးရမည်။

## နေရပ်ပြန်ရန် သို့မဟုတ် ပြောင်းရွှေ့ရန် အတင်းအကျပ် ဖိအားပေးခြင်း

လူများကို နေရပ်ပြန်ရန် သို့မဟုတ် ဘေးမကင်းသည့် နေရာဒေသများသို့ ပြောင်းရွှေ့ရန် အာဏာပိုင်များကဖိအားပေးလာပါက စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အစုအဖွဲ့ကက္လာ ဦးဆောင်အေဂျင်စီ၊ အခြားလုပ်ဆောင်သူများနှင့် အတူ အနီးကပ်ညှိနှိုင်းဆောင်ရွက်ပြီး ရှင်းပြဆွေးနွေးအရေးဆိုမှုများ ပြုလုပ်ရမည်။ နေရပ်ပြန်ရန် သို့မဟုတ် ပြောင်းရွှေ့ရန် ဖိအားပေးခြင်းသည် နိုင်ငံတကာမှ ပြင်းထန်သော တုံ့ပြန်ချက်များနှင့် ကြားဖြတ်ခြင်းများကို ဖြစ်ပေါ်စေသည်။ အချို့ အခြေအနေများတွင် နေရပ်စွန့်ခွာရွှေ့ပြောင်းသူများအား ပြောင်းရွှေ့ရန် လိုအပ်နိုင်သည်။ နေရပ်စွန့်ခွာရွှေ့ပြောင်းသူ များအား ပြောင်းရွှေ့ခြင်းလုပ်ငန်းစဉ်သည် ဆန္ဒအလျောက် နှင့် ဘေးကင်းမှု၊ လုံခြုံမှု၊ ဂုဏ်သိက္ခာရှိမှု သတ်မှတ်ချက် များနှင့်အညီ ဖြစ်ပေါ်စေ ရမည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ရေရှည်မတည်တံ့သည့် နေရပ်ပြန်ခြင်း၊ ဒုတိယအကြိမ် နေရပ်စွန့်ခွာ ရွှေ့ပြောင်းမှုနှင့် ရေရှည်တည်တံ့သည့် ဖြေရှင်းချက်တစ်ခု

မြန်မာနိုင်ငံ လပွတ္တာမြို့နယ်ရှိ ဒေသအာဏာပိုင်များသည် နာဂစ်တွင် အသက်ရှင်ကျန်ရစ်သူများအား မိုင် ၄ နှင့် မိုင် ၅ စခန်းများမှ ထွက်ခွာပြီး မိမိတို့၏ မူလနေရပ်သို့ပြန်ရန် တောင်းဆိုလိုက်သည်။ ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူ များသည် မူလနေရပ်သို့ ပြန်သွားခဲ့ရာ ၎င်းတို့၏ ဇာတိရွာများရှိ ဘေးဒုက္ခဆိုက်သော အခြေအနေများကို တွေ့ရှိခဲ့ကြ သည်။ အိမ်များ ကြေမွပျက်စီးနေသည်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖျက်စီးခံရသည်။ အစားအသောက် ရှားပါးသည်။ အသက်ရှင်ကျန်ရစ်သူများသည် မိမိတို့၏ရွာကို ဒုတိယအကြိမ် စွန့်ခွာရန် ဆုံးဖြတ်ကာ လပွတ္တာမြို့ ဝန်းကျင်ရှိ ဒေသများသို့ ပြန်သွားပြီး နောက်ဆုံးတွင် အခြားသောစခန်းများတွင် အခြေချကြသည်။ ၎င်းတို့သည် ပျက်စီးနေသော ရွာများသို့ မပြန်လိုကြပေ။ ယင်းတို့သည် နေရပ်စွန့်ခွာရွှေ့ပြောင်းသူများ ထပ်တဖန် မဖြစ်လို ကြောင်းကို ပြောဆိုကြသည်။ ၂၀၀၈ ခုနှစ် နိုဝင်ဘာလအထိတွင် မိသားစု ၃၇၅ စုသည် ဤအခြေအနေတွင် ရှိနေ ခဲ့ကြသည်။ အများစုသည် စိတ်တင်းကျပ်၊ ဒေါသထွက်နေကြကာ လုပ်ဆောင်သူများအားလုံးအပေါ် အယုံအကြည် ကင်းမဲ့နေကြသည်။

ဤစခန်းတွင်နေထိုင်သူများအတွက် ရေရှည်တည်တံ့မည့် ဖြေရှင်းချက်မှာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းလမ်းများကို အကောင်းဆုံး အသုံးပြုနိုင်ရန်အတွက် လပွတ္တာမြို့ အနီးတွင် နေထိုင်ရန် ဖြစ်သည်။ ဒေသဆိုင်ရာ အစိုးရ၊ စခန်းတွင်နေထိုင်သူများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပါဝင်ညှိနှိုင်းဆွေးနွေးမှုအပြီးတွင် ဤနေထိုင်သူများကို မြို့၏ အစွန်ပိုင်းရှိ ရွာများတွင် နေထိုင်စေရန် အစီအစဉ်တစ်ခုကို ရေးဆွဲခဲ့သည်။ သွားရောက်လေ့လာခြင်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အစီအစဉ်များ၊ နေထိုင်စရာ အစီအစဉ်များကို စတင်ခဲ့ကြသည်။ ၂၀၀၉ စက်တင်ဘာလ ထိတွင် မိသားစု ၃၇၅ စု တွင် ၄ စုမှအပ ကျန်မိသားစုများအားလုံးသည် အနီးအနားရှိ ရွာများတွင် ဆန္ဒအလျောက် အခြေချ နေထိုင်ခဲ့ကြသည်။

## စခန်းစီမံခန့်ခွဲမှု အေဂျင်စီ ရပ်ဆိုင်းခြင်းနှင့် ထွက်ခွာခြင်း

အချို့သောအခြေအနေများတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများသည် ရုတ်သိမ်းသွား နိုင်ပြီး စခန်းသည် ဆက်လက်တည်ရှိနိုင်သည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီ ရပ်ဆိုင်းခြင်းနှင့် ထွက်ခွာရမည့်အချိန်သည် ပြီးပြည့်စုံသော ဆန်းစစ်သုံးသပ်ချက်အပေါ် တွင် အခြေခံရမည်။ အညွှန်းကိန်းအားလုံးသည် ထွက်ခွာရန် ဖော်ပြစေကာမူ စခန်းလူထု၏ သာယာဝပြောရေးကို ကာကွယ် ပေးနေရဦးမည် ဖြစ်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ပါဝင်ပတ်သက်သူများအားလုံး ပါဝင်စေပြီး ဆုံးဖြတ်ချက် အတွက် ပံ့ပိုးပေးရန် လုပ်ဆောင်ရမည်။ ထွက်ခွာသည့်အဆင့်၌ စနစ်တကျ အစီအစဉ်ချမှတ်ခြင်းနှင့် အစိုးရ အာဏာ ပိုင်များနှင့် အခြားသော ပါဝင်ပတ်သက်သူများအကြား ညှိနှိုင်းဆောင်ရွက်ခြင်းများသည် အရေးကြီးသည်။ အထူး သဖြင့် ကျန်ရစ်သောလူထုကို ကာကွယ်စောင့်ရှောက်မှုနှင့် ၎င်းတို့၏ အကူအညီ လိုအပ်ချက်များကို ဖြည့်ဆည်းပေး နိုင်ရန်အတွက် စနစ်တကျ အစီအစဉ်ချမှတ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့မှာ အရေးကြီးပါသည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ ထွက်ခွာရေး မဟာဗျူဟာတွင် အောက်ပါ ဥပမာ အခြေအနေများ ပါဝင်နိုင်သည်။

- ➔ အကောင်အထည်ဖော်နိုင်သည့် ရေရှည်တည်တံ့မည့် ဖြေရှင်းနည်းများကို ဖော်ထုတ်သတ်မှတ်ခြင်း၊

- စခန်းတွင်နေထိုင်သူများသည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီက စီစဉ်ထားသည့် ပံ့ပိုးမှုများ၊ ကာကွယ်စောင့်ရှောက် မှုများကို မလိုအပ်တော့ခြင်း၊
- စခန်းလူထုသည် ရေရှည်တည်တံ့မည့် ဖြေရှင်းနည်းများ ကမ်းလှမ်းချက်ကို ငြင်းဆန်ခြင်း၊ ဘဏ္ဍာရေး သို့မ ဟုတ် ကျင့်ဝတ်ဆိုင်ရာ အကြောင်းရင်းများကြောင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ အနေဖြင့် စခန်းကို ဆက်လက် စီမံခန့်ခွဲရန် မဖြစ်နိုင်တော့ခြင်း
- စခန်းကို စီမံခန့်ခွဲရန်အတွက် အလှူရှင် အထောက်အပံ့များ ကုန်ခမ်းသွားခြင်း။ (စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အမြင်တွင် ကျိုးကြောင်းညီညွတ်သည် ဖြစ်စေ၊ မညီညွတ်သည် ဖြစ်စေ)
- ဘေးကင်းရေးနှင့် လုံခြုံရေး အကြောင်းရင်းများ - ဥပမာ စခန်းတွင် အလုပ်လုပ်နေသော လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာ လုပ်သားများ၏ အသက်နှင့် ပစ္စည်းများကို ခြိမ်းခြောက်မှုများ၊
- အကူအညီပေးရေး လုပ်သားများ ရှိနေခြင်း သို့မဟုတ် အချို့သော အကူအညီပေးရေး လုပ်သား အမျိုးအစား များသည် လူထုကို ဘေးအန္တရာယ်မှ ကာကွယ်ပေးခြင်းထက် ဘေးအန္တရာယ်များ ပိုမိုဖြစ်စေခြင်း၊
- အကူးအပြောင်းကာလ နေရာချထားရေးအတွက် ဖြေရှင်းနည်း နောက်တစ်ခုကို လိုအပ်ခြင်း။

ကာကွယ်စောင့်ရှောက်မှုများ တိုးမြှင့်ရန်နှင့် ကျန်ရှိနေသော စခန်းအတွက် အနာဂတ်တွင် ထောက်ပံ့မှုများ ရရှိရန် တို့ အတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အစိုးရအာဏာပိုင်များ၊ အခြား ပါဝင်ပတ်သက်သူများနှင့် ဆက်သွယ် ဆောင် ရွက်ရန် လိုအပ်သည်။

**ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - စခန်းစီမံခန့်ခွဲမှုကို အစိုးရအာဏာပိုင်များသို့ လွှဲပြောင်းပေးခြင်း ၊ ၂၀၁၁**

ဘူရွန်ဒီတွင် စခန်းကို ဖွင့်လှစ်ဆောင်ရွက်ပြီး ခုနစ်နှစ်အကြာတွင် တစ်နှစ်တာ ကြာမြင့်သော ဆန်းစစ်သုံးသပ်ချက်ကို ဆောင်ရွက်အပြီး၌ အရေးပေါ်လုပ်ဆောင်ချက်များသည် ထိရောက်စွာပြီးဆုံးပြီးဖြစ်၍၊ ဝန်ဆောင်မှုများ ဆောင်ရွက် ပေးခြင်း အပါအဝင် စခန်းစီမံခန့်ခွဲမှုလုပ်ငန်းများကို အခြားလုပ်ဆောင်သူများထံ လွှဲပြောင်းပေးရန် အချိန်ကျရောက်ပြီ ဟု စခန်းစီမံခန့်ခွဲမှုအေဂျင်စီက ဆုံးဖြတ်ခဲ့သည်။ ပြီးနောက်တွင် ၎င်းတို့သည် -

- လွှဲပြောင်းရမည့် လုပ်ဆောင်ချက်များနှင့် တာဝန်ဝတ္တရားများကို အတိအကျ သတ်မှတ်ခဲ့သည်။
- ပါဝင်ပတ်သက်သူများ အားလုံး လက်မှတ်ရေးထိုးမည့် ရှင်းလင်းသော လွှဲပြောင်းမှု အစီအစဉ် တစ်ရပ်ကို ရေးဆွဲခဲ့ သည်။ ယင်းတွင် ရှင်းလင်းသော ဦးတည်ချက်များ၊ တိုင်းတာနိုင်သော စံသတ်မှတ်ချက်များ၊ သီးခြား တိကျသော အချိန်သတ်မှတ်ချက်များ၊ စခန်းလူထုနှင့် တိုင်ပင်ဆွေးနွေးမှုများ ပါဝင်သည်။ ဤစာရွက်စာတမ်းသည် လွှဲပြောင်း ခြင်း လုပ်ငန်းစဉ်အတွက် အသေးစိတ်အစီအစဉ်တစ်ခု အဖြစ်လည်း အသုံးဝင်သည်။ ထို့ပြင် ၎င်းသည် လူ့အရင်း အမြစ်နှင့် သက်ဆိုင်သောကိစ္စရပ်များ၊ ပစ္စည်းများနှင့် အခြေခံအဆောက်အဦ လွှဲပြောင်းခြင်း၊ စောင့်ကြည့် လေ့လာ မှု မစ်ရှင်အဖွဲ့နှင့် မှတ်တမ်းတင်ခြင်းတို့ကိုလည်း ခြုံငုံဖော်ပြထားသည်။
- မိတ်ဖက်တစ်ဖွဲ့စီ/ လုပ်ဆောင်ချက် တစ်ခုချင်းစီအတွက် လွှဲပြောင်းခြင်း အထောက်အထားများကို မူကြမ်းရေးဆွဲ ခဲ့သည်။ ယင်းတို့သည် အဓိက စိန်ခေါ်မှုများနှင့် လေ့လာသင်ယူခဲ့သော သင်ခန်းစာများကို မီးမောင်းထိုးပြသည်၊ သက်ဆိုင်ရာ နည်းလမ်းများ၊ အထောက်အထားအားလုံးနှင့် သက်ဆိုင်သည့် အကိုးအကား စာရွက်စာတမ်းများ ကိုလည်း ပံ့ပိုးပေးသည်။
- သင်တန်းများနှင့် စွမ်းရည်ပျိုးထောင်ရေးတို့ကိုလည်း ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့သည်။ ပုံမှန်သင်တန်းများ၊ အလွတ် သဘော သင်တန်းများမှတဆင့် အစိုးရအာဏာပိုင်များအား စခန်းစီမံခန့်ခွဲမှုနှင့် စပ်လျဉ်းပြီး လေ့ကျင့်သင်ကြား ပေးခဲ့သည်။
- တာဝန်ဝတ္တရားများကို ဖေမျှဆောင်ရွက်နေသည့် အချိန်ကာလအတွင်း နည်းပညာဆိုင်ရာ အထောက်အပံ့များ ပံ့ပိုး ပေးခဲ့သည်။ လွှဲပြောင်းခြင်း ပြီးစီးပြီးနောက်တွင် မိတ်ဖက်များမှ တိုင်ပင်ဆွေးနွေးနိုင်ရန်အတွက် အကြီးတန်း စခန်း စီမံခန့်ခွဲမှု ဝန်ထမ်းများ ဆက်လက် ရှိနေခဲ့သည်။

တွေ့ကြုံရသော စိန်ခေါ်မှုများတွင် စောင့်ကြည့်စစ်ဆေးရေး စွမ်းရည်များ လျော့ကျခြင်း၊ အတွေ့အကြုံရှိသော ဝန်ထမ်း များကို ဆက်လက်ငှားရမ်းထားရန်အတွက် ထောက်ပံ့ငွေကြေးမှာ အကန့်အသတ်ဖြင့်သာ ရှိခြင်း တို့ဖြစ်သည်။

သို့သော်လည်း စခန်းလူထု၊ မိတ်ဖက်များနှင့် အစိုးရအာဏာပိုင်များသည် လွှဲပြောင်းခြင်း လုပ်ငန်းစဉ်ကို ကောင်းမွန်စွာ လက်ခံရရှိခဲ့သည်။ အကူးအပြောင်းကာလအဆုံးတွင်လည်းကောင်း၊ ၂ နှစ်ကြာပြီးနောက်တွင် ဆောင်ရွက်ခဲ့သည့် ဆန်းစစ်သုံးသပ်မှု မစ်ရှင်တစ်ရပ် အရလည်းကောင်း လွှဲပြောင်းခြင်းသည် အတော် အောင်မြင်သည်ဟု ယူဆရသည်။ ဆောင်ရွက်ခဲ့သော အကြောင်းအချက်များမှာ -

- ➔ ထွက်ခွာရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်သူတစ်ဦးခန့်အပ်ခြင်း။ တစ်နှစ်တာ ကာလတစ်လျှောက်လုံး လုပ်ငန်းစဉ်ကို ရေးဆွဲရန်၊ အကောင်အထည်ဖော်ရန် နှင့် စောင့်ကြည့်စစ်ဆေးရန် တာဝန်ရှိသော ဝန်ထမ်းတစ်ဦး။
- ➔ လုံလောက်သော အချိန်ကာလ - အသိပညာ လက်ဆင့်ကမ်းလွှဲပြောင်းရန်၊ စွမ်းရည် တည်ဆောက်ရန်နှင့် အဆင်ပြေ ချောမွေ့သော အကူးအပြောင်းတစ်ရပ် ဖြစ်ပေါ်နိုင်စေရန်အတွက် အချိန် လုံလုံလောက်လောက် ရှိနိုင်စေရန် ထွက်ခွာခြင်းနှင့် လွှဲပြောင်းခြင်းကို မဆောင်ရွက်မီ ၂ နှစ် ကတည်းကပင် သတ်မှတ်ခဲ့သည်။
- ➔ အစိုးရအာဏာပိုင်များ၏ ဖောက်ချလုပ်ဆောင်ခြင်း၊ လှုံ့ဆော်ခြင်း၊ တာဝန်ယူခြင်း။ အစိုးရအာဏာပိုင်များသည် အလွန်ပွင့်လင်းပြီး သင်ယူလိုစိတ် ပြင်းထန်ကြသည်။ ယင်းတို့သည် ဝန်ထမ်းအသစ်များ ခေါ်ယူရန် ပွင့်လင်း မြင်သာသော လုပ်ငန်းစဉ်တစ်ရပ်ကို ပံ့ပိုးပေးခဲ့သည်။
- ➔ မူလ စခန်းစီမံခန့်ခွဲမှု ဝန်ထမ်းများအား ဆက်လက်ထားရှိခြင်း။ အဆက်အစပ်ရှိစေရန်အတွက် အတွေ့အကြုံနှင့် အချက်အလက်များ၊ အယူအဆများနှင့် ကျွမ်းကျင်မှုများကို ပံ့ပိုးနိုင်ရန် မူလ စခန်းစီမံခန့်ခွဲမှုဝန်ထမ်း တစ်ဝက်ခန့် ကို အစိုးရအာဏာပိုင်များက ပြန်လည်ခန့်အပ်ခဲ့သည်။

**စခန်းပိတ်သိမ်းခြင်း တာဝန်ဝတ္တရားများ**

စီမံလုပ်ဆောင်နေသည့် စခန်းကို ရပ်ဆိုင်း၊ ပိတ်သိမ်းနေစဉ်တွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါတို့ ဖြစ်သည်။

- ➔ ထွက်ခွာခြင်းနှင့် ပိတ်သိမ်းခြင်းအတွက် စခန်းစတင်ချိန်ကပင် အစီအစဉ် ချမှတ်ထားခြင်း။
- ➔ ဆန္ဒအလျောက် နေရပ်ပြန်ခြင်း သို့မဟုတ် ပြန်လည်နေရာချထားခြင်းကို ဆန်းစစ်ခြင်း။
- ➔ ပါဝင်ပတ်သက်သူများအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ၎င်းတို့ကို ပါဝင်ဆောင်ရွက်စေခြင်း။
- ➔ သတင်းအချက်အလက် ပေးသည့်လှုပ်ရှားမှု (campaign) ကို အကောင်အထည်ဖော်ခြင်း။
- ➔ သီးခြားလိုအပ်ချက်ရှိသောလူများ၊ အန္တရာယ်ကျရောက်လွယ်သောအုပ်စုများအတွက် ကာကွယ်စောင့်ရှောက် မှု တိုးမြှင့်ခြင်း။
- ➔ စာချုပ်များ၊ သဘောတူညီချက်များကို စီမံခြင်း၊ ဖျက်သိမ်းခြင်း။
- ➔ အထောက်အထား စာရွက်စာတမ်းများကို စီမံခန့်ခွဲခြင်းနှင့် အချက်အလက်များကို မှတ်ပုံတင်စာရင်းမှ ပယ် ဖျက်ခြင်း။
- ➔ ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားခြင်း။
- ➔ စခန်းရှိ ပိုင်ဆိုင်ပစ္စည်းများကို ဖြန့်ဝေခြင်း သို့မဟုတ် စွန့်ပစ်ခြင်း။
- ➔ ကျန်နေခဲ့သည့် လူများအား ကာကွယ်စောင့်ရှောက်မှုကို မြှင့်တင်ခြင်း။

**ထွက်ခွာခြင်းနှင့် ပိတ်သိမ်းခြင်းအတွက် စခန်းစတင်ချိန်ကပင် အစီအစဉ် ချမှတ်ထားခြင်း။**

စခန်းထွက်ခွာခြင်းနှင့် ပိတ်သိမ်းခြင်းအတွက် အစီအစဉ်ချမှတ်ခြင်းသည် ထူထောင်ခြင်းလုပ်ငန်းစဉ်နှင့် ဆက်စပ်လျက် ရှိသည်။ စခန်း အခြေခံအဆောက်အဦ၊ ပိုင်ဆိုင်ပစ္စည်းတို့နှင့် စပ်လျဉ်းပြီး အိမ်ရှင်လူထုနှင့် စခန်းလူထုတို့၏ သဘော တူညီချက်သည် ကနဦးကပင် အစီအစဉ်တကျ ရှိနေသင့်သကဲ့သို့ လွှဲပြောင်းခြင်း အစီအစဉ်နှင့် အစိုးရအာဏာပိုင်များ သို့မဟုတ် အခြားဝန်ဆောင်မှုပေးသူများနှင့်သဘောတူညီချက်များသည် ကနဦးကပင် အစီအစဉ်တကျရှိနေသင့်သည်။

စခန်းသည် ယာယီစီမံချက်တစ်ခုဖြစ်ပြီး ရေရှည်တည်တံ့သည့်ဖြေရှင်းနည်းများ ဖော်ထုတ်ခြင်းအပေါ် မူတည်ကြောင်းကို စခန်းနေလူထုက သတိပြုမိစေရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကနဦးကပင် ဆောင်ရွက်ရမည်။ ပါဝင်ဆောင် ရွက်မှု၊ စွမ်းရည်များနှင့် မိမိဖာသာစီမံခန့်ခွဲမှု မဟာဗျူဟာများကို နေရပ်စွန့်ခွာရွှေ့ပြောင်းရသည့် လူထုအတွင်းတွင် ထိရောက်စွာ ရေးဆွဲပြုစု

ခြင်းသည် ယင်းတို့၏ အားထားမှီခိုမှုနှင့် ဘေးအန္တရာယ် ကျရောက်လွယ်မှုကို လျှော့ကျစေရန် အကူအညီပေးနိုင်သည်။ သို့ဖြင့် စခန်းလူထုသည် လွတ်လပ်မှုနှင့် မိမိကိုယ်ကို အားကိုးမှုတို့ကို ထိန်းသိမ်းတည် ဆောက်နိုင်မည်ဖြစ်သည်။

## ဆန္ဒအလျောက် နေရပ်ပြန်ခြင်း သို့မဟုတ် ပြန်လည်နေရာချထားခြင်းကို ဆန်းစစ်သုံးသပ်ခြင်း

နေရပ်ပြန်ခြင်းများသည် ဆန္ဒအလျောက်ဖြစ်ရမည်၊ သတင်းအချက်အလက်အပေါ် အခြေခံရမည်၊ ဂုဏ်သိက္ခာ ရှိရမည်၊ ရေရှည်တည်တံ့နိုင်ရမည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ဆန္ဒအလျောက်နေရပ်ပြန်ခြင်းကို အဆင်ပြေ ချောမွေ့စေရန် မဆိုင်းမတွ ဆောင်ရွက်ပေးရမည်။ ဘေးအန္တရာယ်ကျရောက်လွယ်သူများကို နေရပ်ပြန်သည့် လုပ်ငန်းစဉ်တွင် မေ့လျော့မထားကြောင်း သေချာစေရန်အတွက် နေရပ်ပြန်ရန် အဟန့်အတားများကို သေချာစွာ နားလည်ရမည်။

ဆန္ဒအလျောက် ရွေးချယ်မှုဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု သို့မဟုတ် ဘေးအန္တရာယ်ကင်းရှင်းရေး အပေါ် ခြိမ်းခြောက်မှု စသည့် မည်သည့် ဖိအားမှ မရှိခြင်းဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာ ဖိအားတွင် နေရပ်ပြန်ပါက မြေယာ ပေးမည် သို့မဟုတ် နစ်နာကြေးပေးမည် ဟူသော မရေရာသည့် ကတိများ ပါဝင်နိုင်သည်။ စိတ်ပိုင်းဆိုင်ရာ ဖိအားတွင် ထပ်ခါထပ်ခါ သတိပေးချက်များ သို့မဟုတ် ခြိမ်းခြောက်မှုများ သို့မဟုတ် မှန်းတီးရေး သတင်းစကားများ ဖြန့်ဝေခြင်းတို့ ပါဝင်နိုင်သည်။

လူများသည် ဆန္ဒအလျောက် နေရပ်ပြန်ကြခြင်း ဟုတ်မဟုတ်ကို စိစစ်ရန်အတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အစိုးရအာဏာပိုင်များ၊ အစုအဖွဲ့ကဏ္ဍ ဦးဆောင်အေဂျင်စီများ၊ အခြား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပါဝင်ပတ်သက်သူများတို့နှင့် ပူးပေါင်းဆောင်ရွက်ရမည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ လူထု စည်းရုံးလှုံ့ဆော်သူ များသည် အိမ်များသို့ သွားရောက်ကာ တစ်ဦးချင်းစီနှင့် အိမ်ထောင်စုများကို မေးမြန်းမှုများပြုလုပ်ပြီး စခန်းလူထု ၏ အကျိုးများနှင့် နေရပ်ပြန်ရခြင်း၏ အဓိကအကြောင်းရင်းများကို ဖော်ထုတ်ရမည်။ လူငယ်ကော်မတီ၊ အမျိုးသမီး ကော်မတီနှင့် သက်ကြီးကော်မတီ အစရှိသည့် အမျိုးမျိုးသော ဆွေးနွေးပွဲများကို ကျင်းပပြီး နေရပ်ပြန်ရခြင်း၏ အကြောင်းရင်းများကို ဆွေးနွေးရမည်။ လူမှုမီဒီယာများသည် သင့်လျော်သော နည်းလမ်းတစ်ရပ် ဖြစ်နိုင်သည်။ အုပ်စုလိုက် အစည်းအဝေးပွဲများကို အလေးထားဆောင်ရွက်ခြင်းဖြင့် အကြောင်းရင်းများနှင့် ဖြစ်နိုင်ခြေရှိသော 'တွန်းထုတ်ခြင်းနှင့် ဆွဲဆောင်ခြင်း' အချက်များကို ဖော်ထုတ်သိရှိနိုင်သည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ပါကစ္စတန်တွင် သတင်းအချက်အလက်အပေါ် အခြေခံသည့် နေရပ်ပြန်ခြင်း

၂၀၀၉ ခုနှစ်အတွင်းတွင် ခိုင်ဘာ ပတ်တွန်ခွာ စီရင်စု အနောက်မြောက်ပိုင်းရှိ မာလာခန်တိုင်းတွင် ကြီးမားသော စစ်ဆင်ရေးများ ဖြစ်ပွားခဲ့သည်။ စစ်ဆင်ရေးအပြီးတွင် နေရပ်ပြန်ရန်အတွက် သင့်တော်သည့် အချို့သော နေရာ ဒေသများကို အစိုးရက သတ်မှတ်ပေးခဲ့သည်။ လူထုအတော်များများသည် နေရပ်သို့ပြန်ကြသော်လည်း ကျန်ရှိသည့် အခြားသူများသည် မပြန်နိုင် သို့မဟုတ် မပြန်ကြသောကြောင့် ကြာညောင်းလာခဲ့သည်။ နေရပ်ပြန်ခြင်းဆိုင်ရာ အထူး လုပ်ငန်းအဖွဲ့ တစ်ဖွဲ့ကို နိုင်ငံတကာအသိုက်အဝန်း၊ ဒေသခံအဖွဲ့အစည်းများနှင့် အစိုးရမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။ ယင်းအဖွဲ့သည် နေရပ်ပြန်ခြင်းများကို စနစ်တကျ စီစဉ်ထားကြောင်းနှင့် ယင်းတို့သည် ရေရှည် တည်တံ့သော၊ ဆန္ဒအလျောက်ဖြစ်သော၊ ဂုဏ်သိက္ခာရှိသော နေရပ်ပြန်ခြင်းများဖြစ်ကြောင်း၊ ထို့ပြင် သတင်း အချက် အလက်ပေါ်တွင် အခြေခံထားကြောင်းတို့ကို ဖော်ထုတ် အတည်ပြုရန် ကြိုးပမ်းခဲ့သည်။

နေရာဒေသများသို့ အခမဲ့ သယ်ယူပို့ဆောင်ရေး အစီအစဉ်များဆိုသည်မှာ နေရပ်ပြန်ရန် ဘေးကင်းပြီ ဖြစ်သည်ဟု ဆိုလိုကြောင်း လူတိုင်းကို အသိပေးထားရန် အရေးကြီးသည်။ ဘာတ်စ်ကားအချိန်ဇယားများကို ဒေသထုတ် သတင်းစာများတွင် ထည့်သွင်းခဲ့သည်။ ရေဒီယိုမှ ကြေညာခဲ့သည်။ ဒေသခံ ခေါင်းဆောင်များကို ကြိုတင်၍ အသိပေးထား ခဲ့သည်။ သို့ဖြစ်၍ စာမတတ်သည့် လူများပင်လျှင် အစီအစဉ်များနှင့် ဝန်ဆောင်မှုများကို သိရှိနိုင်သည်။

## ပါဝင်ပတ်သက်သူများအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ယင်းတို့ကို ပါဝင်ဆောင်ရွက်စေခြင်း

စခန်းပိတ်သိမ်းစဉ် စခန်းရှိ ပါဝင်ပတ်သက်သူများအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ရန်နှင့် ယင်းတို့ကို ပါဝင်ဆောင်ရွက် စေရန်တို့မှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ တာဝန်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် စောင့်ကြည့်စစ်ဆေးခြင်း၊ သတင်းအချက် အလက် ဝေမျှခြင်း၊ စခန်းနေရာမှ နေရပ်စွန့်ခွာရွှေ့ပြောင်းသူများ၏ သွားလာလှုပ်ရှားမှုကို အဆင်ပြေချောမွေ့စေခြင်းတို့

ပါဝင်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းတည်ထောင်ပြီးနောက်တွင် ရေရှည်တည့်တံ့သည့် ဖြေရှင်းနည်းများအား ဖော်ထုတ်ခြင်းနှင့်အတူ ထွက်ခွာခြင်း မဟာဗျူဟာတစ်ရပ် ရေးဆွဲပြုစုခြင်းကို တတ်နိုင်သမျှ ဆောလျင်စွာ စတင်သင့်သည်။ လုပ်ငန်းအဖွဲ့တစ်ခုကို ဖွဲ့စည်းသင့်သည်။ အခန်းကဏ္ဍများသည် ရှင်းလင်းရမည် (လိုအပ်ပါက) တရားဝင်ဖြစ်ရမည်။ ဆန္ဒအလျောက် နေရပ်ပြန်ခြင်း၏ သဘောသဘာဝနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ဆက်လက် ဝေမျှရန်အတွက် ကျင်းပသည့် ဆွေးနွေးပွဲများကဲ့သို့ ညှိနှိုင်းဆောင်ရွက်ခြင်း အစည်းအဝေးပွဲများကို ကျင်းပရမည်။

နေရပ်ပြန်ခြင်းကိစ္စရပ်နှင့် စပ်လျဉ်းပြီး အစိုးရအာဏာပိုင်များနှင့် အပြန်အလှန်ဆွေးနွေးခြင်းကို တတနိုင်သမျှဆောလျင်စွာ စတင်သင့်သည်။ အစိုးရအာဏာပိုင်များသည် စခန်းများရှိ ညှိနှိုင်းဆောင်ရွက်ခြင်း လုပ်ထုံးလုပ်နည်း များ၏ အစိတ်အပိုင်းအဖြစ် အမြဲရှိနေသင့်သည်။ ဥပမာ နေရပ်ပြန်ခြင်း လုပ်ငန်းအဖွဲ့၊ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းလူထုနှင့် အထူးအားဖြင့် ဆန္ဒအလျောက်နေရပ်ပြန်ခြင်းနှင့် စပ်လျဉ်းသည့် ကာကွယ်စောင့်ရှောက်မှု ကိစ္စရပ်များတွင် စိတ်ဝင်စားသည့် အစိုးရဝန်ထမ်းများ အပါအဝင် အခြားသူများအတွက် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို အစပျိုး သို့မဟုတ် ပို့ချနိုင်သည်။ အလုပ်ရုံဆွေးနွေးပွဲများတွင် ကျားမလူမှုကဏ္ဍဆိုင်ရာ ကိစ္စရပ်များ၊ ဆန္ဒ အလျောက် နေရပ်ပြန်ခြင်း အယူအဆ၊ နေရပ်ပြန်ခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်းနှင့် သက်ဆိုင်သည့် နေရပ်စွန့်ခွာရွှေ့ပြောင်းသူများဆိုင်ရာ လမ်းညွှန်မှုများနှင့် ဒေသတွင်း နေရပ်စွန့်ခွာရွှေ့ပြောင်းသူ များအတွက် ရေရှည်တည့်တံ့သည့် ဖြေရှင်းနည်းများနှင့် စပ်လျဉ်းသည့် အဖွဲ့အစည်းပေါင်းစုံအမြဲတမ်းကော်မတီ၏ (IASC) မူဘောင်များကို ခြုံငုံပို့ချသည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အစုအဖွဲ့ကဏ္ဍ ဦးဆောင်အေဂျင်စီနှင့် အနီးကပ် အလုပ်လုပ်ဆောင်ရန်၊ ပြန်လည် ပေါင်းစည်းရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး အကူအညီများ ပံ့ပိုးပေးရန် တို့အတွက် ဝန်ဆောင်မှုပေးသူများနှင့် ယင်းတို့၏ အလှူရှင်များကို စည်းရုံးလှုံ့ဆော်ရန် တာဝန်ရှိသည်။ ဖြစ်နိုင်ပါက နေရပ်စွန့်ခွာရွှေ့ပြောင်းသူများ၏ မူလနေရပ်တွင် နယ်စပ်ဖြတ်ကျော်သည့် အစီအစဉ်များကို အစုအဖွဲ့ကဏ္ဍ ဦးဆောင်အေဂျင်စီ များက စတင်ဆောင်ရွက်ပြီး စခန်းစီမံခန့်ခွဲမှုအေဂျင်စီက ပံ့ပိုးပေးသင့်သည်။ ယင်းတို့သည် လူထု၏ လိုအပ်ချက်များ ဆိုင်ရာ သတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်သည်။ ထို့ပြင် ကယ်ဆယ်ရေး၊ စောစီးစွာပြန်လည်ထူထောင်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများအကြားရှိ ချိတ်ဆက်မှုကိုလည်း တိုးမြှင့်ပေးနိုင်သည်။

## သတင်းအချက်အလက်ပေးသည့် လှုံ့ဆော်လှုပ်ရှားမှုကို အကောင်အထည်ဖော်ခြင်း

စခန်းလူထုအား တိကျသော၊ ဓမ္မဓိဋ္ဌာန်ကျသော နောက်ဆုံးရ သတင်းအချက်အလက်များ ပံ့ပိုးပေးရန်မှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အဓိကလုပ်ငန်းများထဲမှ တစ်ခုဖြစ်သည်။ သတင်းအချက်အလက်များတွင် မူလနေရပ်ရှိ အခြေအနေမှစ၍ ယင်းတို့ ထွက်ခွာသွားသည့်အခါတွင် မည်သည့် အမိုးအကာပစ္စည်းများ၊ အထောက်အထားများနှင့် အခြားပိုင်ဆိုင်ပစ္စည်းများကို ယူဆောင်သွားသင့်သည်ဟူသော သတင်းအချက် အလက်များထိ ပါဝင်သည်။ ဖြန့်ဝေ သည့် သတင်းအချက်အလက် အကြောင်းအရာ၊ ကြိမ်နှုန်းနှင့် ပုံစံတို့ကို ထိခိုက်ခံခဲ့ရသည့် လူများနှင့် ပူးပေါင်းပြီး ပြုစု ရမည်။

လူများသည် ဘေးကင်းရေးနှင့် လုံခြုံရေး အခြေအနေများနှင့် စပ်လျဉ်းပြီး ဘက်မလိုက်သည့် သတင်းအချက်အလက်များကို ရရှိရမည်။ မြေမြှုပ်မိုင်းများ၊ နေထိုင်စရာ အသုံးပြုခွင့်၊ မြေယာ၊ အသက်မွေးဝမ်းကျောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကျောင်းပညာရေးကဲ့သို့သော ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကိုလည်း ရရှိရမည်။ သွားရောက်လေ့လာခြင်း ('Go and See' visits) ဟုခေါ်သည့် ကင်းထောက်မစ်ရှင်များကို အာဏာပိုင် များနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းသူများက ဆောင်ရွက်နိုင်သည်။ များသောအားဖြင့် မိသားစုများနှင့်အတူ မပြန်မီ အခြေအနေအလုံးစုံကို သိရှိရန်အတွက် သွားလိုက်ပြန်လိုက်လုပ်သော တစ်ဦးချင်းပုဂ္ဂိုလ်များထံမှ သတင်းအချက် အလက်များကို အများဆုံး ရရှိလေ့ရှိသည်။

နေရပ်စွန့်ခွာရွှေ့ပြောင်းသူ အများအပြား၏ နေရပ်ပြန်ရန် ဆုံးဖြတ်ချက်ကို အမျိုးမျိုးသော တွန်းထုတ်ခြင်းနှင့် ဆွဲဆောင်ခြင်းအချက်များပေါ်တွင် အခြေပြုသည်။ ယင်းတို့သည် လုံခြုံရေးနှင့် နိုင်ငံရေးအကြောင်းရင်းများ၊ ပစ္စည်း လိုအပ်ချက်များ သို့မဟုတ် ယင်းတို့နှစ်ခုလုံးပေါ်တွင် အခြေခံနိုင်သည်။

## ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - သွားရောက်လေ့လာကြည့်ရှုခြင်းများ (GO AND SEE VISITS)

သွားရောက်လေ့လာကြည့်ရှုခြင်းများ ('Go and See' visits) ကို အစီအစဉ်ချမှတ်ခြင်းသည် လုပ်ဆောင်ချက် တစ်ရပ်ဖြစ်သည်။ ယင်းမှတဆင့် စခန်းလူထုသည် ပါဝင်ဆောင်ရွက်နိုင်ခွင့်ကို အသုံးချနိုင်ပြီး နေရပ်ပြန်ခြင်းလုပ်ငန်းစဉ် ကိုလည်း သိရှိနိုင်သည်။ ဤသို့သော ယုံကြည်မှုတည်ဆောက်သည့် လုပ်ဆောင်ချက်များကို ကောင်းမွန်စွာ အစီအစဉ်ရေးဆွဲထားသင့်သည်။ သွားရောက်လေ့လာကြည့်ရှုခြင်းများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များအား သဘောထား တုံ့ပြန်ချက်ပေးခြင်းသည် ဖွဲ့စည်းထားသော စခန်းကော်မတီများအား အစည်းအဝေးများကျင်းပစဉ် နှင့် လူထုတစ်ရပ်လုံးအား သတင်းအချက်အလက်များ ဖြန့်ဝေရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်နိုင်ရန် ပံ့ပိုးပေးသည်။ သွားရောက်လေ့လာကြည့်ရှုရာတွင် ပါဝင်သူများသည် အေဂျင်စီတွင်း အစည်းအဝေးများကို တက်ရောက်ပြီး ယင်းတို့တွေ့မြင်ခဲ့ရသည်များကို တိုက်ရိုက် တင်ပြနိုင်သည်။ သွားရောက်မှုအပြီး သတင်းအချက်အလက်များ ဖြန့်ဝေခြင်းသည် သွားရောက်မှုများ ကဲ့သို့ပင် အရေးကြီးသည်။

အစိုးရအာဏာပိုင်များနှင့် အနီးကပ် ပူးပေါင်းကာ နေရပ်ပြန်ခြင်းဆိုင်ရာ သတင်းအချက်အလက်ပေးသည့် လှုံ့ဆော်မှု ကို စခန်းအနှံ့ ဆောင်ရွက်ရန်မှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ တာဝန်ဖြစ်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကွင်းဆင်းလုပ်ငန်းအစီအစဉ်များမှတဆင့် အိမ်ထောင်စုများအားလုံးသို့ သတင်းအချက်အလက်များ ရောက်ရှိနိုင်ရန် သတင်းအချက်အလက်ပေးသည့် လှုပ်ရှားလှုံ့ဆော်မှုကို စီစဉ်ထားရမည်။ ဆက်သွယ်ရေးလမ်းကြောင်းများတွင် ရေဒီယို၊ ရုပ်ရှင်ရုံ၊ ဖုန်းများ၊ ဗီဒီယိုများ၊ ကျောင်းများ၊ ပညာရေး အထောက်အကူများ၊ ဘာသာရေးအဖွဲ့အစည်းများ ပါဝင်နိုင်သည်။ မတူညီသောအုပ်စုများသို့ သတင်းအချက်အလက်များ ရောက်ရှိနိုင်ရန် လက်ရှိ စခန်းကော်မတီများနှင့် အမျိုးသမီးအုပ်စုများကို သီးခြား ချဉ်းကပ်သင့်သည်။ ကျောင်းများနှင့် မိဘဆရာအသင်းများသည် ကလေးများထံသို့ သတင်းအချက်အလက်များ ရောက်ရှိနိုင်သည့် နည်းလမ်းများ ဖြစ်သည့်အပြင် နေရပ်ပြန်ခြင်းနှင့် ပတ်သက်သည့် မေးခွန်းများ မေးမြန်းရန်၊ ယင်းတို့၏ ရည်မှန်းချက်များ၊ မလုံခြုံမှုများကို ဖော်ပြရန် အခွင့်အရေးကိုလည်း ပံ့ပိုးပေးသည်။

နေရပ်ပြန်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း သတင်းအချက်အလက်များနှင့် သယ်ယူပို့ဆောင်ရေး အစီအစဉ်များကို ဖြန့်ဝေရန်လိုအပ်သည်။ တာဝန်ဝတ္တရားများကို သတ်မှတ်သင့်ပြီး စာဖြင့်ရေးသားထားသင့်သည်။ အားလုံးက သတင်းအချက်အလက်များကို ကြည့်ရှုနိုင်သည့်၊ လိုအပ်ပါက မေးခွန်းများမေးနိုင်သည့် နည်းလမ်းများဖြင့် နေရပ် ပြန်ခြင်းဆိုင်ရာလုပ်ငန်းစဉ် သတင်းအချက်အလက်များကို ဖြန့်ဝေရမည်။ အနိမ့်ဆုံးအနေဖြင့် သတင်း အချက်အလက် များသည် အောက်ပါတို့ကို ခြုံငုံမိရမည်။

- နေရပ်ပြန်လိုသူများအတွက် မှတ်ပုံတင်ခြင်း လုပ်ထုံးလုပ်နည်းများ
- ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ မလှုပ်ရှားနိုင်သည့်သူများ၊ အဖော်မပါသည့် ကလေးများ၊ သက်ရွယ်ကြီးသူများနှင့် မသန်စွမ်းသူများ အစရှိသော သီးခြားလိုအပ်ချက် ရှိသူများအတွက် လုပ်ထုံးလုပ်နည်းများနှင့် အစီအစဉ်များ
- နေရပ် မပြန်လိုသည့်သူများအတွက် လုပ်ထုံးလုပ်နည်းများနှင့် နည်းလမ်းများ
- နေရပ်ပြန်ခြင်းတွင် ပါဝင်ဆောင်ရွက်သည့် အေဂျင်စီများ၏ အခန်းကဏ္ဍများ၊ တာဝန်ဝတ္တရားများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ
- သယ်ယူပို့ဆောင်ရေး အချိန်ဇယားများ၊ နည်းလမ်းများနှင့် ထွက်ခွာခြင်း လုပ်ထုံးလုပ်နည်းများ
- ပစ္စည်းများ သယ်ယူပို့ဆောင်သည့် လုပ်ထုံးလုပ်နည်းများ
- နေရပ်ဒေသသို့ ဆိုက်ရောက်ရာတွင် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ
- နေရပ်ပြန်ခြင်း အသေးစိတ် အကြောင်းအချက်များ သို့မဟုတ် နစ်နာကြေး ကမ်းလှမ်းချက်။
- မှတ်ပုံတင် စာရင်းမှ ပယ်ဖျက်ခြင်း။

စခန်းတွင်နေထိုင်သူများသည် မိုင်းရှိရာ ဒေသများသို့ ပြန်သွားခြင်း ဖြစ်ပါက မိုင်းအန္တရာယ် ပညာပေး အစီအစဉ်များကို အားလုံးအတွက် စီစဉ်ရမည်။ သင်တန်း အလုပ်ရုံဆွေးနွေးပွဲများ၊ ပိုစတာများ၊ လက်ကမ်းစာစောင်များနှင့် ကလေးများ၏ သရုပ်ဆောင်ပြဇာတ်များ အပါအဝင် သတင်းအချက်အလက် မဟာဗျူဟာအချို့ကို အသုံးပြုနိုင်သည်။

☛ မိုင်းအန္တရာယ်နှင့် မိုင်းအန္တရာယ် ပညာပေးအစီအစဉ်များနှင့် စပ်လျဉ်း၍ အချက်အလက်များ ထပ်မံသိရှိ လိုပါက ဤအခန်း၏ ရည်ညွှန်းစာအုပ်စာတမ်းများ အပိုင်းတွင် ပါရှိသော International Mine Action Best Practice Guidebook ကို ကြည့်ပါ။

**သီးခြားလိုအပ်ချက်ရှိသောလူများ၊ အန္တရာယ်ကျရောက်နေသော အုပ်စုများကို ကာကွယ်စောင့်ရှောက်မှု တိုးမြှင့်ခြင်း။**

ဘေးအန္တရာယ်ကျရောက်လွယ်သော တစ်ဦးချင်းပုဂ္ဂိုလ်များ၊ အုပ်စုများအတွက် သီးသန့်ညွှန်းပို့ခြင်းစနစ်များသည် နေရပ်ပြန်ခြင်း လုပ်ငန်းစဉ်တစ်ခုလုံးတွင် ရှိနေသင့်သည်။ သီးခြားလိုအပ်ချက်ရှိသောလူများအတွက် တစ်ဦးချင်းပုဂ္ဂိုလ် များ၏ လိုအပ်ချက်များအတွက် အံဝင်ခွင်ကျ စီမံထားသော ဖြေရှင်းနည်းများလိုအပ်နိုင်သည်။ ဉီးလေး၊ အဒေါ်၊ ဂမ်းကွဲ မောင်နှမများနှင့် အတူတကွနေထိုင်ကြသော မိသားစုအုပ်စုများနှင့် ဖြစ်စေ၊ အတူနေ မိသားစုများရှိ အမျိုးသမီးများ သို့မဟုတ် အုပ်စုများနှင့်ဖြစ်စေ အတူတကွ နေရပ်ပြန်ရန် သီးခြားလိုအပ်ချက်ရှိသူများကို တိုက်တွန်းထားသည်။

ထွက်ခွာရေးဇုန်များတွင် အန္တရာယ်ကျရောက်လွယ်သော အုပ်စုများနှင့်၎င်းတို့၏ မိသားစုများအတွက် သတ်မှတ်ထားသော သီးခြားနေရာတစ်ခုရှိရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီက ဆောင်ရွက်ရမည်။ အစိုးရအာဏာပိုင်များ၊ ဉပဒေစိုးမိုးရေး အေဂျင်စီများသည် ထွက်ခွာနေစဉ်အတွင်း လုံခြုံရေးအတွက် တာဝန်ရှိသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကျန်းမာ ရေး အေဂျင်စီများနှင့်ပူးပေါင်းကာ အထူးဆေးဝါးကုသမှုအစီအစဉ်များကို လိုအပ်နေသောလူများအတွက် နေရပ်ပြန် အစီအစဉ်များကို ဆောင်ရွက်ပေးသင့်သည်။ အဖော်မပါသည့် ကလေးများအတွက် သင့်တော်သော အစီအစဉ်တစ်ရပ်ကို ဆောင်ရွက်ပေးရမည်။ အဖော်မပါသည့် ကလေးများ ရောက်ရှိလာရာတွင် စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးရန်မှာ လုပ်ပိုင်ခွင့်အာဏာရှိသော အစိုးရ အာဏာပိုင်များ နှင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်မှု ဦးဆောင်အေဂျင်စီများတို့တွင် ညီတူညီမျှ တာဝန်ရှိသည်။ အစုအဖွဲ့ကဏ္ဍ ဦးဆောင်အေဂျင်စီ၊ ကာကွယ်စောင့်ရှောက်မှု အေဂျင်စီများနှင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ တို့အကြား ကွဲပြားသည့်အခန်းကဏ္ဍများကို တရားဝင်သတ်မှတ်ပြီး အားလုံးကို ရှင်းရှင်းလင်းလင်း အသိပေးထားရမည်။

**အဖော်မပါသည့် ကလေးများ နေရပ်ပြန်ခြင်း**

အဖော်မပါသည့်ကလေးအားလုံးကိုနေရပ်ပြန်ခြင်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီးသေချာစွာအသိပေးထားကြောင်း နှင့် ၎င်းတို့၏အမည်များကို နေရပ်ပြန်ရန်အတွက် မှတ်ပုံတင်ထားကြောင်း သေချာစေရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ က ဆောင်ရွက်ရမည်။ အဖော်မပါသည့်ကလေးများကို နေရပ်ပြန်ခြင်းအတွက် အစအဆုံးဆောင်ရွက်ပေးသည့် လုပ်ငန်း စဉ်များ သို့မဟုတ် အခြား နေရပ်ပြန်ခြင်း ထောက်ပံ့ကြေးများပေးကြောင်း သေချာစေသည့် ထိရောက်သောစနစ် တစ်ခုကို တည်ထောင်ရမည်။ အဖော်မပါသည့်ကလေးများကို ခရီးလမ်းတစ်လျှောက်တွင် ကူညီပေးရန်အတွက် အစောင့်များကို ခန့်အပ်ထားသင့်သည်။ အစောင့်များအား ၎င်းတို့၏ တာဝန်ဝတ္တရားများနှင့် စပ်လျဉ်းပြီး ညွှန်ကြား ချက်များ ပေးထားရမည်။ ၎င်းတို့ကို ဂရုတစိုက် ရွေးချယ်သင့်သည်။ အထောက်အထားမိတ္တူများ၊ ကျန်းမာရေး နှင့် ပညာရေးဆိုင်ရာ လက်မှတ်များအစရှိသည့် ကလေးနှင့် သက်ဆိုင်သည့် အထောက်အထားများအားလုံး၏ မိတ္တူများ ကို ကလေးနှင့်အတူ ယူဆောင်သွားပြီး အစောင့်နှင့်အတူ ထားရှိသင့်သည်။

ကလေးကို မွေးစားသည့်မိသားစုသည် နေရပ်ပြန်ရာတွင် ကလေးကို ဆက်လက်စောင့်ရှောက်နိုင်စွမ်းနှင့် စောင့်ရှောက် လိုသည့်ဆန္ဒရှိမရှိကို ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှု ဦးဆောင်အေဂျင်စီက ဖော်ထုတ်သင့်သည်။ အလားတူ ပင် ကလေးငယ်အနေဖြင့်လည်း သူ/သူမသည် မွေးစားမိသားစုနှင့် နေထိုင်လိုခြင်း ရှိမရှိကို ဖော်ပြသင့်သည်။ မွေးစားခြင်းအတွက်ရရှိထားသော မိသားစုအထောက်အပံ့များသည် နေရပ်ပြန်သည့်အချိန်တွင် ရပ်တန့်သွားနိုင်သည်။ ဤအချက်သည် ကလေးနှင့် မိသားစုကို နေရပ်ပြန်စဉ်နှင့် နောက်ပိုင်းတွင် ကွဲကွာသွားစေနိုင်သည်။

ယင်းအပြင် မွေးစားမိသားစုနှင့် ကလေးသည် မတူညီသည့် ဒေသများမှလည်း ဖြစ်နိုင်သည်။ ကလေးအနေဖြင့် မွေးစား မိသားစု၏ မူလနေရပ်သို့ လိုက်ပါသွားလိုခြင်း ရှိမရှိကို ကလေးနှင့် အမြဲတစေ ဆွေးနွေးရမည်။

**စာချုပ်များ၊ သဘောတူညီချက်များကို စီမံခြင်း၊ ဖျက်သိမ်းခြင်း**

ရေးဆွဲထားသည့်စာချုပ်များနှင့် သဘောတူညီချက်များသည် အနိမ့်ဆုံးအနေဖြင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ စည်းမျဉ်း များ၊ အစိုးရဉပဒေများ၊ မူဝါဒများ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၏ စံနှုန်းများနှင့်အညီ ဖြစ်ရန် လိုအပ်သည်။

ယင်းတို့ကို စာဖြင့်ရေးသားထားရှိရန် လိုအပ်သည်။ သို့ဖြင့် အဖွဲ့အစည်းအားလုံးသည် ယင်းတို့ကို ရှင်းလင်းစွာ နားလည်မည်။ ကောင်းမွန်သောစာချုပ် သို့မဟုတ် သဘောတူညီချက် တစ်ရပ်သည် -

- ➔ အားလုံးအတွက် မျှမျှတတ ဖြစ်ရမည်။ ဤအချက်ကို လိုက်နာဆောင်ရွက်ပါက အဖွဲ့အစည်း နှစ်ခုလုံးမှ ကတိကဝတ်များကို ပြည့်မြောက်လိုပြီး၊ အရေးကိစ္စများကို ဖြေရှင်းလိုစိတ်ကို ဖြစ်ပေါ်စေနိုင်သည်။
- ➔ ရှင်းလင်းရမည်။ ရှုပ်ထွေးမှုကြောင့် လမ်းမပျောက်ပါစေနှင့်။ ရရှိသင့်သည့် အကြောင်းအချက်များအပေါ် သဘောတူညီရမည်။
- ➔ အန္တရာယ်များ၊ ဆုံးရှုံးနိုင်ခြေများကို ရှင်းလင်းစွာ အသိပေးရမည်။
- ➔ နစ်နာချက်/မကျေနပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် မှတ်တမ်းတင်ထားသည့် လုပ်ငန်းစဉ်တစ်ရပ် ပါဝင်ရမည်။
- ➔ အမျိုးမျိုးသော စခန်းပိတ်သိမ်းခြင်း ဖြစ်ရပ်များနှင့် ထွက်ခွာခြင်း မဟာဗျူဟာများအတွက် အစီအစဉ်များ ပါရှိ ရမည်။
- ➔ အိမ်ရာ၊ မြေယာနှင့် ပိုင်ဆိုင်ပစ္စည်းများ ငှားရမ်းစာချုပ်များကို ဥပဒေနှင့်အညီ ဖျက်သိမ်းကြောင်း သေချာစေ ရမည်။
- ➔ ဖျက်သိမ်းခြင်းလုပ်ငန်းစဉ်များကို ကနဦးကပင် နားလည်ကြောင်းသေချာစေရန် စာချုပ်များ၊ သဘောတူညီ ချက်များကို ဖျက်သိမ်းသည့်အခါ အထက်ပါစည်းမျဉ်းများကို လိုက်နာရမည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကြာညောင်းသည့် ငြင်းခုံခြင်း၊ ဖြစ်လာနိုင်သည့် တရားစွဲဆိုခြင်းများကို တားဆီးရန်အတွက် ဖျက်သိမ်းခြင်း လုပ်ငန်းစဉ်များကို ဥပဒေနှင့် အညီဖြစ်စေရန် ဆောင်ရွက်ရမည်။

## အထောက်အထား စာရွက်စာတမ်းများနှင့် အချက်အလက်များကို စီမံခန့်ခွဲခြင်း

*လူဦးရေဆိုင်ရာ အချက်အလက်များ*

အစိုးရအာဏာပိုင်များ၊ အစုအဖွဲ့/ကဏ္ဍ ဦးဆောင်အေဂျင်စီနှင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီတို့သည် စခန်းလူဦးရေ ဆိုင်ရာအချက်အလက်ကို ပုံမှန်အားဖြင့် ထိန်းသိမ်းကြသည်။ အချက်အလက်များသည် ရွှေ့ပြောင်းမှုအတွက် ထောက်ပံ့ ပို့ဆောင်ရေးဆိုင်ရာ အစီအစဉ်ချမှတ်ရေး၊ လုံခြုံရေး၊ အစားအစာ ဖြန့်ဝေရေးနှင့် အခြားကိစ္စရပ်များအပေါ်တွင် တိုက်ရိုက်သက် ရောက်မှုရှိသောကြောင့် တိကျမှန်ကန်ရန် အရေးကြီးသည်။ ဤမှတ်တမ်းများတွင် စခန်းလူထု၏ သတင်းအချက်အလက်များ ပါဝင်သောကြောင့် စခန်းပိတ်သိမ်းရာတွင် ဤမှတ်တမ်းများကို ဂရုတစိုက် ကိုင်တွယ် ရမည်။

*အခြား လျှို့ဝှက်ထားရန်ဖြစ်သော မှတ်တမ်းများ*

အချို့အခြေအနေများတွင် နေရပ်စွန့်ခွာရွှေ့ပြောင်းသူများသည် စိုးရိမ်ဖွယ်ရာ ခြိမ်းခြောက်မှုများ၊ ဖြစ်အံ့ဆဲဆဲဖြစ်သော အန္တရာယ်များနှင့် ကြုံတွေ့ကြရသည်။ ဤခြိမ်းခြောက်မှုများသည် မူလနေရပ်/ နိုင်ငံတွင် ကျန်ရှိခဲ့သော ယင်းတို့၏ မိသားစုဝင်များအပေါ်လည်း သက်ရောက်မှုရှိနိုင်သည်။ ဤကိစ္စရပ်များတွင် စခန်း၌ နိုင်ငံတကာကိုယ်စားပြုသူ တစ်ဦး ဦးကို အချိန်ပြည့်ထားရှိရန် အရေးကြီးသည်။ နေရပ်စွန့်ခွာရွှေ့ပြောင်းသူများသည် မည်သူမည်ဝါများ ဖြစ်ကြောင်းကို လျှို့ဝှက်ထားသင့်သည်။ ရွှေ့ပြောင်းနေစဉ်အတွင်းတွင် ခရီးစဉ်များနှင့် ရွှေ့ပြောင်းသည့် အစီအစဉ်များကို လျှို့ဝှက် ထားသင့်ပြီး အတတ်နိုင်ဆုံး လူအနည်းငယ်ကိုသာ အသိပေးထားသင့်သည်။

*ကိုယ်ရေးကိုယ်တာ မှတ်တမ်းများ*

သက်ဆိုင်သူအားလုံး၏ အကျိုးအတွက် ရပ်ဆိုင်းခြင်းလုပ်ငန်းစဉ်တွင် ဤစာရွက်စာတမ်းများကို သေချာစွာနှင့် ထိရောက်စွာ စီမံခန့်ခွဲ၊ သိမ်းဆည်း၊ ရွှေ့ပြောင်းရမည်။ အမြဲတစေ လျှို့ဝှက်ထားရမည်။ နေရပ်စွန့်ခွာရွှေ့ပြောင်းသူ များအနေဖြင့် မှန်ကန်သော သက်သေခံ အထောက်အထားများရရှိနိုင်ရန်၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြေခံလူမှုရေး ဝန်ဆောင်မှုများကို အသုံးပြုခွင့်ရနိုင်ရန်အတွက် လူဝင်မှုကြီးကြပ်ရေး၊ ပညာရေးနှင့် ကျန်းမာရေး ဝန်ကြီးဌာနများသို့ မှန်ကန်သော အချက်အလက်များကို ပေးပို့ရမည်။ စခန်းမှ ကျောင်းမှတ်တမ်းများသည် မှန်ကန် ရမည်။ သို့မှသာ ပြန်လည်ပေါင်းစည်းခြင်း ကဏ္ဍအဖြစ် ကျောင်းသား၏ အရည်အသွေးနှင့် ကျွမ်းကျင်မှုအဆင့်ကို မှန်ကန်စွာနှင့် ထိရောက်စွာ စီမံခန့်ခွဲနိုင်မည်။ ကောင်းမွန်စွာ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ဆေးရုံနှင့် ဆေးမှတ်တမ်းများကို ဂရုတစိုက် စီမံလွှဲပြောင်းရမည်။ ရောဂါကာကွယ်ဆေးထိုးသည့် မှတ်တမ်းများနှင့် ရောဂါခုခံနိုင် ရန် ကာကွယ်ဆေးထိုးသည့် မှတ်တမ်းများသည် ပို၍အရေးကြီးသည်။ ရွှေ့ပြောင်းစဉ်တွင် ဆေးမှတ်တမ်းများကို နေရပ်စွန့်ခွာရွှေ့ပြောင်းသူများနှင့်အတူ ထားရှိသင့်သည်။

*စီမံခန့်ခွဲမှု စာရွက်စာတမ်းများ*

ခိုင်မာကောင်းမွန်သော စာရင်းကိုင်အလေ့အထ စံသတ်မှတ်ချက်များအရ လုပ်ငန်းဆိုင်ရာ အစီရင်ခံစာများ၊ နားလည်မှု

စာချုန်လွှာများ (ပူးတွဲစာရွက်စာတမ်းများ အပါအဝင်)၊ စာရင်းစာအုပ်များနှင့် အခြားဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကို အနည်းဆုံး ငါးနှစ်တာ ထားရှိရမည်။ စခန်း၏သမိုင်းကြောင်းနှင့်စပ်လျဉ်းပြီး သင်ခန်းစာယူဖွယ်ရာ စာရွက်စာတမ်း ကိုလည်း ထုတ်သင့်သည်။ စိန်ခေါ်မှုများကို မည်သို့ဖြေရှင်းပြီး အောင်မြင်မှုများ မည်သို့ရရှိခဲ့သည် တို့ကို မှတ်တမ်း တင်ပြီး အထောက်အထားများ ထုတ်သင့်သည်။

☛ သတင်းအချက်အလက်စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ အချက်အလက်များ ထပ်မံသိရှိလိုပါက - အခန်း (၅) သတင်း အချက်အလက် စီမံခန့်ခွဲမှု - အခန်းကို ကြည့်ပါ။

## မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း

စနစ်တကျ စီစဉ်ထားသောနည်းလမ်းဖြင့် ထွက်ခွာသွားသောလူများကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းသည် ရိုးရှင်းသည်။ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းကို သယ်ယူပို့ဆောင်ရေး ခရီးသည်စာရင်းနှင့် ချိတ်ဆက်ထားနိုင်သည်။ ယင်းစာရင်းသည် နေရပ်ပြန်သွားသူတစ်ဦးချင်းကို မှတ်သားထားပြီး တစ်ဦးချင်းစီသည် သဘောတူညီချက်ပေးပြီး ဖြစ် ကြောင်းကို အတည်ပြုပေးသည်။ လူအများသည် မိမိတို့ဖာသာ နေရပ်ပြန်ရန် ကောက်ကာငင်ကာ ဆုံးဖြတ်သည့်အခါ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းသည် ပိုမိုခက်ခဲလာသည်။ လူများသည် လိုအပ်လာပါက စခန်းသို့ပြန်နိုင်ရန် ရိက္ခာ ကဒ်များကို မိမိတို့နှင့်အတူထားရှိရန် ဆုံးဖြတ်နိုင်သည် သို့မဟုတ် အခြားသူများနှင့်ထားခဲ့ရန်လည်း ဆုံးဖြတ်နိုင်သည်။

## ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားခြင်း

စခန်းပိတ်သိမ်းခြင်းမှ အမျိုးမျိုးသော စွန့်ပစ်ပစ္စည်းပမာဏ အပြောက်အမြား ထွက်လာနိုင်သည်။ ဥပမာ အမိုးအကာ ပစ္စည်းများ၊ ထားရစ်ခဲ့သော ပိုင်ဆိုင်ပစ္စည်းများနှင့် အမျိုးအမည်စုံ ပျက်စီးနေသောပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ ဘက်ထရီများ၊ ရက်လွန်နေသောဆေးဝါးများနှင့် အခြားသော ကျန်းမာရေးဆိုင်ရာ စွန့်ပစ်ပစ္စည်းများကို အများဆုံး ကိုင်တွယ်ဖြေရှင်းရနိုင်သည်။ စခန်းပိတ်သိမ်းခြင်းအတွက် ပြင်ဆင်ရာတွင် စွန့်ပစ်ပစ္စည်းအားလုံးကို ရှင်းလင်းဖယ်ရှား ခြင်းနှင့် ကောင်းမွန်စွာ စွန့်ပစ်ခြင်းတို့ ပါဝင်သည်။ (စွန့်ပစ်ပစ္စည်းများကို ဖယ်ရှားခြင်းဖြင့်ဖြစ်စေ၊ ယင်းနေရာတွင် မြေမြှုပ်ခြင်း သို့မဟုတ် မီးရှို့ခြင်းဖြင့် ဖြစ်စေ) မြေဆီလွှာများနှင့် ရေရင်းမြစ်များအား ညစ်ညမ်းစေသည့် အန္တရာယ်များ ကို အထူးအားဖြင့် ထည့်သွင်းစဉ်းစားရမည်။ စခန်းနေရာကို ဘေးကင်းသည့် အနေအထားတွင် ထားခဲ့ရမည်။ သို့ဖြစ်၍ တွင်းအိမ်သာများ သို့မဟုတ် အမှိုက်ကျင်းများကို မဖုံးအုပ်ဘဲ ထားခဲ့ခြင်းများ သို့မဟုတ် အန္တရာယ်ရှိသော စွန့်ပစ် ပစ္စည်းများကို မဖယ်ရှားဘဲထားခဲ့ခြင်းများစသော နောင် အကျိုးဆက်များ ဖြစ်ပေါ်လာမည် မဟုတ်ပါ။

အချို့သော စွန့်ပစ်ပစ္စည်းများသည် ဒေသခံနေထိုင်သူများအတွက် အသုံးဝင်နိုင်သောကြောင့် အသုံးပြုပြီးပစ္စည်းများ အား ထပ်မံအသုံးပြုခြင်းကို တတ်နိုင်သမျှ တိုက်တွန်းအားပေးသင့်သည်။ ကျောင်းဆောင်များ၊ ဆေးခန်းများ ကဲ့သို့ သော လက်ရှိအဆောက်အဦ တော်တော်များများသည် အိမ်ရှင်လူထုအတွက် အသုံးဝင်နိုင်သည်။ အခြေခံ အဆောက် အဦ၊ ရေတွင်းများနှင့် ကုသရေးဌာနများ ကဲ့သို့သော လက်ရှိ ဝန်ဆောင်မှုများ၏ အတိုင်းအတာများနှင့် အခြေအနေ တို့အပေါ် ဆန်းစစ်အကဲဖြတ်ချက်တစ်ရပ်ကို စခန်းမပိတ်သိမ်းမီ ဆောင်ရွက်သင့်သည်။ ယင်းတွင် လူထု အဖွဲ့ဝင်များ နှင့် ဒေသခံအာဏာပိုင်များကို ပါဝင်စေသင့်သည်။ ပိတ်သိမ်းခြင်းမတိုင်မီ အခြေခံအဆောက်အဦ ပြင်ဆင်မှုကို အတိုင်းအတာတစ်ခုထိ ဆောင်ရွက်ရနိုင်သည်ဟု မျှော်မှန်းထားရန် လိုအပ်သည်။

စခန်းတစ်ခုတည်ရှိမှုသည် ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှု တော်တော်များများကို ဖြစ်ပေါ်စေနိုင်သည်။ တောပြုန်း ခြင်း သို့မဟုတ် မြေယာများရှင်းလင်းပစ်ခြင်း စသည့် အချို့သော ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ရှောင်လွှဲ၍ မရနိုင်ပါ။ ထို့ကြောင့် ပတ်ဝန်းကျင် ပြန်လည်ထူထောင်ရေး အစီအစဉ်တစ်ရပ် လိုအပ်နိုင်သည်။ ယင်းကို အစိုးရအာဏာပိုင်များနှင့် အိမ်ရှင်လူထုသည် အနီးကပ် ပူးပေါင်းဆောင်ရွက်သင့်သည်။ ပြန်လည်ထူထောင်ရေး အစီအစဉ်၏ အစိတ်အပိုင်းအဖြစ် အသက်မွေးဝမ်းကျောင်းဖူလုံမှု နည်းလမ်းများကိုလည်း အားပေးတိုက်တွန်းသင့် သည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းအားလုံးသ ည် ငွေကြေးထောက်ပံ့မှု လိုအပ်သည်။ ယင်းသည် စရိတ်စက မကြီး ပါ။ စခန်းပိတ်သိမ်းခြင်း မတိုင်မီတွင် အစီအစဉ်ချမှတ်ခြင်း၊ ကုန်ကျစရိတ်များ ခန့်မှန်းခြင်းနှင့် ရန်ပုံငွေ ရှာဖွေခြင်းတို့ကို ကြိုတင်၍ ဆောင်ရွက်ထားသင့်သည်။

ဖြစ်ပွားပြီးသော အပြောင်းအလဲအချို့သည် ဒေသခံ အသိုက်အဝန်းများအတွက် အမှန်တကယ်အကျိုးရှိပြီး အပြု သဘောဘက်မှ မှတ်ယူနိုင်သည်။ ဒေသခံများသည် စခန်းကို ယခင်အခြေအနေသို့ ပြန်လည်ရောက်ရှိသွားခြင်းထက် လက်ရှိအခြေအနေအတိုင်း ဆက်လက်တည်ရှိနေခြင်းကို တွေ့မြင်လိုကြသည်။ အထူးသဖြင့် အသုံးမဝင်သော မြေယာများကို အသုံးဝင်သော သီးနှံဖြစ်ထွန်းသော မြေယာများ သို့မဟုတ် စားကျက်မြေများအဖြစ်သို့ ပြောင်းလဲ ထား ခြင်း၊ သို့မဟုတ် အသုံးဝင်သော သစ်သီးပင်များ သို့မဟုတ် သစ်မာပင်များကို စိုက်ပျိုးထားပါက ယင်းအချက်သည် ပိုမို မှန်ကန်သည်။

နေရပ်စွန့်ခွာရွှေ့ပြောင်းသည့်အချိန်အတွင်း စခန်းလူထု အသုံးပြုသည့် သုသာန်များကို ရှင်းလင်းစွာ အမှတ်အသား ပြုပြီး စခန်းလူထု နောက်ဆုံး နေရပ်ပြန်သည့်၊ ပြန်လည်အခြေချသည့်အချိန်ထိ ယင်းအတိုင်း ထားရှိသင့်သည်။ လူများသည် လူသေများကို တစ်နေရာတည်းတွင် မြှုပ်နှံခြင်းမဟုတ်ဘဲ နေရာအနှံ့တွင် မြှုပ်နှံထားပါက ခက်ခဲနိုင်သည်။

☛ ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အချက်အလက်များ ထပ်မံသိရှိလိုပါက - အခန်း (၆) သဘာဝ ပတ်ဝန်းကျင် - အခန်းကို ကြည့်ပါ။

## စခန်း ပိုင်ဆိုင်ပစ္စည်းများကို ဖြန့်ဝေခြင်း သို့မဟုတ် စွန့်ပစ်ခြင်း

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းရှိ ပိုင်ဆိုင်ပစ္စည်းများအားလုံးကို ပြည့်စုံပြီး ပွင့်လင်းမြင်သာသောလုပ်ငန်းစဉ်များ မှတဆင့် ဖြန့်ဝေရန် ဆောင်ရွက်ရမည်။ လုပ်ငန်းစဉ်များသည် အခြေအနေအပေါ် မူတည်ပြီး ပါဝင်ပတ်သက်သူများ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းစဉ်များဖြစ်ရမည်။ မိသားစုများသည် အမိုးအကာများကို စနစ်တကျ ဖြုတ်သိမ်းပြီး ဖြန့်ဝေပေးသည့် ချက်ပြုတ်ရန် အိုးများ၊ စောင်များ၊ လူသုံးပစ္စည်းများစသည့် တန်ဖိုးရှိပစ္စည်းများနှင့်အတူ ယူဆောင်သွားကြသည်။ ရေတိုင်ကီများကို ဝန်ဆောင်မှုပေးသူများက လာယူနိုင်သည်။ မီးဂါယာကြိုးများကို တာဝန်ရှိ သူများက သေချာစွာ ဖြုတ်သိမ်းရန် လိုအပ်သည်။ ဂါယာကြိုးများနှင့် တွဲဖက်တပ်ဆင်ထားသည့် ပစ္စည်းများသည် မြူနီစပယ်ကောင်စီ၏ ပစ္စည်းများဖြစ်နိုင်သည်။ ကျောင်းများ၊ အများ စုဝေးရာခန်းမများ၊ ကလေးကစားကွင်းများ သို့မဟုတ် အားကစားကွင်းများကဲ့သို့သော စခန်းအဆောက်အဦများကို အိမ်ရှင်လူထု သို့မဟုတ် အစိုးရအာဏာပိုင် များထံ လွှဲပြောင်းပေးနိုင်သည်။ အလားတူ စာရေးခုံများ၊ ခုံတန်း ရှည်များ သို့မဟုတ် ဖိုင်ဗီရိုများ ကဲ့သို့သော အများသုံး ပရိဘောဂများကို ညီတူညီမျှ ဝေငှပေးရမည်။ စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် ရေဖြန့်ဝေရေး ကန်ထရိုက်တာများ ကဲ့သို့သော ဝန်ဆောင်မှုစာချုပ်များကို ဖျက်သိမ်းရန် တာဝန်ရှိသည်။ ခြံစည်းရိုးများ၊ လူသွားလမ်းများ၊ လမ်းမများ သို့မဟုတ် ရေနုတ်မြောင်းများ ကဲ့သို့သော အခြေခံအဆောက်အဦကို အနာဂတ်တွင် ပြုပြင်ထိန်းသိမ်းမှုအတွက် အစိုးရ အာဏာပိုင်များထံ လွှဲပြောင်းပေးရမည်။

အရေးကြီးဆုံးမှာ သန့်ရှင်းရေး အဆောက်အဦများကို ဖျက်သိမ်းရန် သို့မဟုတ် ဘေးကင်းလုံခြုံအောင်ဆောင်ရွက် ရန်လိုအပ်သည်။ အိမ်သာများနှင့် မစင်ကျင်းများကို သေချာစွာဖို့ရမည်၊ အိမ်သာကန်များကို ဖယ်ရှားပစ်ရမည်၊ ဆေးကြော သန့်စင်သည့် အဆောက်အဦများအနီးနှင့် အမိုးအကာများအောက်ရှိ ကွန်ကရစ်အောက်ခံများကို ဖြိုချဖယ်ရှားပစ်ရမည်။ အချို့ သောအခြေအနေများတွင် ဤအခြေခံအဆောက်အဦကို နောင် အရေးပေါ်အခြေအနေများ အတွက် အန္တရာယ်ကင်းကင်းနှင့် နေရာတကျ ထားရှိခဲ့နိုင်သည်။

## ကျန်နေခဲ့သည့် လူများအား ကာကွယ်စောင့်ရှောက်မှုကို မြှင့်တင်ခြင်း

လူမရှိသလောက် နီးနီးဖြစ်နေသော စခန်းတွင် ယာယီကျန်နေခဲ့သည့် လူများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အပေါ် ကြီးမားသောဆိုးကျိုးများ သက်ရောက်နိုင်သည်။ အေဂျင်စီများသည် အချိုးကျ ချုံ့လိုက်ခြင်း သို့မဟုတ် ရပ်ဆိုင်းလိုက်ခြင်းကြောင့် စခန်းတွင်းစောင့်ရှောက်မှုနှင့် အကူအညီများ ဆက်လက်ပေးနိုင်ရန်အတွက် အမြဲ အာမ မခံ နိုင်တော့ပါ။ အစိုးရအာဏာပိုင်များသည် လူထုနေရပ်ပြန်ခြင်းလုပ်ငန်းများ ပြီးစီးပြီးနောက်တွင် စခန်းကို တစ်စတစ်စ နှင့် စနစ်တကျ ဖျက်သိမ်းရန် ဆုံးဖြတ်နိုင်သည်။

ကြွင်းကျန်သောလူထုဟု ရံဖန်ရံခါ ခေါ်ဆိုကြသည့် ကျန်ရှိနေသောစခန်းတွင် နေထိုင်သူများကို ကာကွယ်စောင့်ရှောက် ရန်နှင့် ထောက်ပံ့ရန်အတွက် တောင်းဆိုရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီတွင် တာဝန်ရှိသည်။ ဘေးကင်းရေးနှင့် စိတ် ကျန်းမာရေးဆိုင်ရာ အကြောင်းရင်းများအတွက် ၎င်းတို့ကို စခန်းနေရာအတွင်း ပြန်လည်နေရာချရန် လိုအပ်နိုင်သည်။ အကူအညီ ရရှိရန်အတွက် လိုအပ်သောစာချုပ်များကို လိုအပ်သလို ပြင်ဆင်ပြီး သက်တမ်းတိုးရမည်။ စခန်းနေရာ အများအပြားရှိပြီး

ယခုအချိန်တွင် တစ်စိတ်တစ်ပိုင်းကိုသာ အသုံးပြုထားပါက ပေါင်းစည်းခြင်း လုပ်ငန်းစဉ်တစ်ရပ် ပေါ်ပေါက်လာနိုင်သည်။ ယင်းမှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ဒုတိယအကြိမ် နေရပ်စွန့်ခွာရွှေ့ပြောင်းမှုများကို အားမပေးကြောင်းကို ဖော်ပြခြင်း ဖြစ်သည်။ လူထုကွင်းဆင်းလုပ်သားများသည် ယင်းအိမ်ထောင်စုများ၏ လိုအပ်ချက် များနှင့် ရည်မှန်းချက်ဆန္ဒများကို ဖော်ထုတ်ပြီး နေရပ်ပြန်ရန်အတွက် အထောက်အပံ့များကို လိုအပ်သည့်အချိန်တွင် ပံ့ပိုးပေး သင့်သည်။

## မရေရာမှု၊ မသေချာမှုကို ဖြေရှင်းခြင်း

ပဋိပက္ခ သို့မဟုတ် ပဋိပက္ခ အပြီး အခြေအနေများတွင် သို့မဟုတ် သဘာဝ ဘေးအန္တရာယ်အပြီး နေရပ်ပြန်ခြင်းသည် အလွန်သတိထားရသော ဆောင်ရွက်ချက်ဖြစ်နိုင်သည်။ ယင်းတွင် စိုးရိမ်ကြောင့်ကြမှုနှင့် မရေရာမှု အတိုင်းအတာ မြင့်မားနိုင်သည်။ ဘေးကင်းရေးနှင့် လုံခြုံရေးတို့အတွက် စိတ်မချဖြစ်နေရပြီး၊ ရှေ့တွင် ဘာဖြစ်မည်ကို မသိရခြင်း၊ နေထိုင်စရာ (တဲ)၊ အစားအသောက်၊ အသက်မွေးဝမ်းကျောင်း၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် ပညာရေးတို့ကို ထားခဲ့ရခြင်းတို့သည် အလွန်စိတ်ဖိစီးဖွယ်ရာဖြစ်နိုင်သည်။ အချို့သောသူများအတွက် စခန်းကို စွန့်ခွာရခြင်းသည် အကောင်းဆုံးနည်းလမ်းဟု မထင်ရပါ။ အဘယ်ကြောင့်ဆိုသော် စခန်းတွင် အကူအညီများ ရရှိမည်ဖြစ်ပြီး အိမ် ထောင်စုအများစုသည် အတိုင်းအတာတစ်ခုထိ နိုင်နိုင်နင်းနင်း ကိုင်တွယ်ဖြေရှင်းနိုင်လိမ့်မည်။ ထို့ကြောင့် အာမခံချက်၊ အကြံဉာဏ်နှင့် လက်တွေ့အထောက်အပံ့များကို လိုအပ်သလို ပေးနိုင်ရန် စခန်းဝန်ထမ်းအားလုံး၏ ကိုယ်ချင်းစာမှုနှင့် နားလည်မှု၊ လူထုကွင်းဆင်းလုပ်သားများ၏ အလုပ်ထမ်းဆောင်မှုတို့သည် အရေးကြီးသည်။

တစ်ဦးချင်း ဆွေးနွေးလမ်းညွှန်မှု လိုအပ်နိုင်သည်။ ထို့ကြောင့် နေရပ်ပြန်ခြင်း ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး မေးခွန်းများ မေးလိုသော သို့မဟုတ် နောက်ထပ် သတင်းအချက်အလက်များကို ရရှိလိုသော ပုဂ္ဂိုလ်များ၊ မိသားစုများအတွက် ဆွေးနွေးလမ်းညွှန်မှုများကို ရက်ဆက် ပြုလုပ်ပေးရန် အကြံပြုနိုင်သည်။

### စခန်းစီမံခန့်ခွဲမှု အေဂျင်စီအတွက် ဆန်းစစ်ရန် လုပ်ငန်းစာရင်း

**ထူထောင်ခြင်း/ တိုးတက်အောင် လုပ်ဆောင်ခြင်း**

- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းနေရာတည်ဆောက်ပြုပြင်မှုကော်မတီ (SDC) ကို ဖွဲ့စည်းရန် အစုအဖွဲ့၊ ကဏ္ဍဦးဆောင် အေဂျင်စီနှင့် အတူတကွ လုပ်ဆောင်သည်။
- ✔ စခန်းနေရာတည်ဆောက်ပြုပြင်မှုကော်မတီ (SDC) ရှိ ကိုယ်စားလှယ်များတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ အပြင် အစိုးရအာဏာပိုင်များ၊ အစုအဖွဲ့၊ကဏ္ဍဦးဆောင် အေဂျင်စီ၊ စခန်းနေလူထု၊ ဝန်ဆောင်မှုပေးသူများ၊ စစ်တမ်းကောက်ယူသူများ၊ GIS ကျွမ်းကျင်သူများ၊ ဇလဗေဒ ပညာရှင်များ၊ လူထုကျန်းမာရေး အင်ဂျင်နီယာ များ၊ မြေယာလုပ်ပိုင်ခွင့် ကျွမ်းကျင်သူများ (ရှေ့နေ သို့မဟုတ် ဓလေ့ထုံးတမ်းနှင့် ညီသော မြေယာလုပ်ပိုင်ခွင့် များကို ကျွမ်းကျင်သူတစ်ဦး) နှင့် အခြားသက်ဆိုင်ရာ နည်းပညာကျွမ်းကျင်သူများ ပါဝင်သည်။
- ✔ ဘေးကင်းရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်များ၊ လူမှုရေးနှင့် ဓလေ့ထုံးစံဆိုင်ရာ စဉ်းစားရန်အချက်များ၊ မြေ၏ တည်နေရာနှင့် အခြေအနေ (အရွယ်အစား၊ အသုံးပြုခွင့်၊ နယ်နိမိတ်မှ အကွာအဝေး၊ ရရှိနိုင်သော အရင်းအမြစ်များ တို့အပါအဝင်) ကို စိစစ်လေ့လာသည်။
- ✔ စခန်းနေရာရွေးချယ်ခြင်း၊ စခန်းကို တိုးတက်အောင်လုပ်ဆောင်ခြင်း၊ အထူးသဖြင့် ရေ၊ တိရစ္ဆာန် မွေးမြူရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသုံးပြုခွင့်နှင့် ဆက်စပ်သည့် အိမ်ရာ၊ မြေနှင့် ပစ္စည်းလုပ်ပိုင်ခွင့်များကို ဖော်ထုတ် သတ်မှတ်သည်။
- ✔ အနာဂတ် အပြောင်းအလဲများနှင့် မသေချာမှုများ (ဥပမာ - လူသစ်များ ရောက်ရှိလာခြင်း၊ စခန်း တိုးချဲ့ခြင်း) အတွက် ပြင်ဆင်စီစဉ်ထားရမည်။
- ✔ နိုင်ငံတကာ စံနှုန်းများ၊ စခန်းတွင်နေထိုင်သူများ၏ ဓလေ့ထုံးစံနှင့် လူမှုရေး လိုအပ်ချက်များနှင့် အညီ စခန်း ကို စီစဉ်ထူထောင်ပြီး နောက်တွင် တိုးတက်ကောင်းမွန်အောင် လုပ်သည်။
- ✔ အပြုသဘော အခြေအနေများကို အကောင်းမွန်ဆုံး အသုံးပြုနိုင်ရန်လည်းကောင်း၊ စခန်းနေရာအပေါ် အခွင့် မသာစေမည့် သက်ရောက်မှုများကို လျော့နည်းစေရန်လည်းကောင်း ရည်ရွယ်ပြီး ရှေ့လုပ်ငန်းစဉ်များကို ဆုံးဖြတ်ချမှတ်ရမည်။
- ✔ ရွေးချယ်ထားသည့်စခန်းနေရာ၏ အကျိုးအပြစ်များ၊ စခန်းကို တိုးတက်ကောင်းမွန်စေရန် အစီအစဉ်များ၊ နောက်ဆုံး

ဆုံးဖြတ်ချက်များကို ချရသည့် အကြောင်းရင်းများကို မှတ်တမ်းတင်ထားသည်။

- ✔ စခန်း၏ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို ထည့်သွင်းစဉ်းစားပြီး သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကို ကန့်သတ်ရန်အတွက် အစီအစဉ်များကို ချမှတ်သည်။
- ✔ အန္တရာယ်ကျရောက်လွယ်သော အုပ်စုများနှင့် သီးခြားလိုအပ်ချက်များရှိသောအုပ်စုများကို အထူးဂရုပြုပြီး စခန်းအစီအစဉ်ကို ရေးဆွဲထားသည်။
- ✔ ကာကွယ်စောင့်ရှောက်မှု ကိစ္စရပ်များကို ဆန်းစစ်သုံးသပ်သည်။
- ✔ နိုင်ငံတကာဥပဒေနှင့် စံနှုန်းများနှင့်အညီ ထိရောက်သော၊ ဘေးကင်းသောစခန်းတစ်ခု တည်ဆောက်ရန် အတွက် တစ်ဦးချင်းပုဂ္ဂိုလ်များနှင့် အေဂျင်စီများ၏ လမ်းညွှန်ချက်များ၊ စံများနှင့် ကျွမ်းကျင်မှုများကို အသုံးပြု သည်။
- ✔ မိမိတို့ဖာသာ ထူထောင်ထားသော စခန်းများ/ အလိုအလျောက် ပေါ်ပေါက်လာသော စခန်းများတွင် အသိုက်အဝန်း တစ်ခုလုံးကို သို့မဟုတ် အသိုက်အဝန်း၏ တစ်စိတ်တစ်ပိုင်းကို ပြန်လည်စုဖွဲ့ရန် သို့မဟုတ် ပြန်လည်နေရာချထားရန် ဆုံးဖြတ်ချက်များကို လိုအပ်သလို ဆောင်ရွက်သည်။
- ✔ စခန်းကို ထူထောင်ပြီးနောက်တွင် SDC သည် စခန်း၏ အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များကို လိုအပ်သလို ကိုင်တွယ်ဖြေရှင်းသည်။
- ✔ နေထိုင်သူများ၊ ဝန်ထမ်းများ၊ အိမ်ရှင်အသိုက်အဝန်းတို့သည် စခန်းတည်နေရာ၊ ဖွဲ့စည်းပုံတို့အပေါ် မည်သို့သဘောထားသည်နှင့် ပတ်သက်သည့် တုံ့ပြန်ချက်များကို ရရှိရန် ပိုမိုကြီးမားသော စောင့်ကြည့်စစ်ဆေးရေး နှင့် ဆန်းစစ်စနစ်၏ ကဏ္ဍတစ်ခုအဖြစ် အဓိက လုပ်ဆောင်သူများကို စုဝေးဆောင်ရွက်စေသည်။
- ✔ စခန်းလူထုနှင့် အိမ်ရှင်လူထု၏ နေထိုင်မှုအခြေအနေများတွင် ကွာဟချက်များဖြစ်ပေါ်နေသည်ဟု အထောက် အထားများ ပေါ်ထွက်လာပါက အစုအဖွဲ့ကဏ္ဍ ဦးဆောင်အေဂျင်စီ၊ အစိုးရအာဏာပိုင်များ၊ စခန်းစီမံခန့်ခွဲမှု အေဂျင်စီ၊ ကုလသမဂ္ဂ အေဂျင်စီများနှင့် အန်ဂျီအို များသည် စီမံချက်များ အကောင်အထည်ဖော်ရန် သို့မဟုတ် ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ပေးမျှရန်တို့အတွက် အလားအလာများ တိုင်ပင်ဆွေးနွေးရမည်။
- ✔ စာမတတ်သော စခန်းလူထု၏ လိုအပ်ချက်များကိုပါ ထည့်သွင်းစဉ်းစားလျက် စခန်းအတွက် လိပ်စာစနစ် တစ်ခုကို စီစဉ်ရမည်။
- ✔ မြေယာ သဘောတူညီချက်များ၊ ဝန်ဆောင်မှုစာချုပ်များ၊ အထောက်အထားများကို လုံခြုံမှုအဆင့်ဖြင့် ထိန်းသိမ်းထားခြင်း၊ ပိုင်ဆိုင်ပစ္စည်းများ စီမံခန့်ခွဲခြင်း၊ ဖြစ်နိုင်ခြေရှိသော ရေရှည်တည်တံ့သည့် ဖြေရှင်းနည်း များ ဖော်ထုတ်ခြင်းအပါအဝင် ရပ်ဆိုင်းခြင်း၊ ထွက်ခွာခြင်းနှင့် စခန်းပိတ်သိမ်းခြင်း အစီအစဉ်များကို စခန်း စတင်ချိန်ကပင် ချမှတ်ထားသည်။

## ပိတ်သိမ်းခြင်း

- ✔ ရပ်ဆိုင်းခြင်း၊ ထွက်ခွာခြင်းနှင့် စခန်းပိတ်သိမ်းခြင်းတို့ကို စခန်းစတင်ချိန်ကပင် ထည့်သွင်းစဉ်းစားပြီး အစီ အစဉ် ချမှတ်ထားသည်။
- ✔ နေရပ်ပြန်ခြင်းသည် ဆန္ဒအလျောက်ဖြစ်ကြောင်း သေချာအောင် လေ့လာစိစစ်ရန် ဆန်းစစ်အကဲဖြတ်ချက် များ ပြုလုပ်သည်။
- ✔ ပါဝင်ပတ်သက်သူများအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ယင်းတို့ကို ပါဝင်ဆောင်ရွက်စေခြင်း။
- ✔ စခန်းတွင်နေထိုင်သူများထံတွင် ပိတ်သိမ်းခြင်း လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး တိကျသော၊ ခေတ်မီဌာန် ကျ သော နောက်ဆုံးရ သတင်းအချက်အလက်များ ရှိစေရန်အတွက် သတင်းအချက်အလက်ပေးသည့် လှုံ့ဆော်လှုပ်ရှားမှုကို ရေးဆွဲ အကောင်အထည်ဖော်သည်။
- ✔ ဘေးအန္တရာယ်ကျရောက်လွယ်သည့် အုပ်စုများ သို့မဟုတ် ဘေးအန္တရာယ်ကျရောက်လွယ်သော တစ်ဦးချင်း ပုဂ္ဂိုလ်များကို လုပ်ငန်းစဉ်တစ်လျှောက်တွင် ထောက်ပံ့မှု၊ ကာကွယ်စောင့်ရှောက်မှုများ ပေးသည်။ အထူး သတင်းအချက်အလက်များ သို့မဟုတ် သိရှိမှု မြှင့်တင်ရေး အစီအစဉ်များနှင့် ရေရှည် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများနှင့် ကွင်းဆက်များကို ပြုစုရေးဆွဲသည်။ ယင်းတို့သည် စခန်းလူထုအား နေရပ်ပြန်ရာတွင် ပြန်လည်ပေါင်းစည်းရန် အထောက်အကူပြုလိမ့်မည်။
- ✔ မထွက်ခွာမီ စာရွက်စာတမ်းများသည် ပိုင်ရှင်များနှင့် အတူရှိနေကြောင်း၊ သို့မဟုတ် ယင်းတို့၏ သဘော တူညီချက်ဖြင့် အန်ဂျီအိုများမှ ဖွဲ့စည်းထားသည့် ဦးဆောင်အေဂျင်စီများ (ကာကွယ်စောင့်ရှောက်ရေး) ထံ တွင် ရှိနေကြောင်း၊ သို့မဟုတ် ဖျက်ဆီးပစ်ကြောင်း သေချာစေရန် စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများက ဆောင်ရွက်သည်။

✔ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်သည်။
✔ နေရပ်ပြန်ခြင်း လုပ်ငန်းစဉ်ကို စောင့်ကြည့်စစ်ဆေးခြင်းသည် ဘေးကင်းရေး၊ လုံခြုံရေးနှင့် ဂုဏ်သိက္ခာ ရှိရေး တို့ကို အတည်ပြုပေးသည်။

## အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ

**အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်းများ**

အောက်တွင် စာရင်းပြုစုဖော်ပြထားသော အသုံးပြုရန် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်း များ အားလုံးကို အီလက်ထရောနစ်စနစ်ဖြင့် စခန်းစီမံခန့်ခွဲမှုလက်စွဲစာအုပ် ပုံနှိပ်စာအုပ်တိုင်းနှင့်အတူ ပါရှိသည့် USB Memory stick မှငင်း၊ www.cmtoolkit.org ဝက်ဘ်ဆိုက်တွင်၎င်း ရရှိနိုင်ပါသည်။


- Camp Coordination and Camp Management (CCCM) South Africa, 2008. Guidelines for Phase Out and Closure of Centres of Safe Shelter
- CCCM Cluster, 2013. Mainstreaming Mine Action in Other Humanitarian Sectors: Shelter and Camps
- CCCM Cluster, 2013. Temporary Site Planning Checklist
- Jim Kennedy, 2005. Challenging Camp Design Guidelines
- Land and Equity Movement in Uganda, 2007. Return or Transformation? Land and the Resettlement of IDPs in Northern Uganda
- Norwegian Refugee Council (NRC), 2006. Quick Guidelines for Transitional Settlements (or Camp) Site Selection
- NRC, 2012. A Guide for Monitoring System at Camp Level
- ProVention Consortium, 2007. Construction Design, Building Standards and Site Selection, Guidance Note 12
- RedR, 2006. Latrine Decommissioning Training Notes
- United Nations Refugee Agency (UNHCR). Environmental Considerations for Camp Phase-Out and Closure: A UNHCR Plan of Action
- UNHCR, NRC, 2013. Internal Camp Regulations, Liberia
- UN-Habitat, 2011. Settlement Planning, Un-Habitat in Disaster and Conflict Context


## ရည်ညွှန်းစာအုပ်စာတမ်းများ


- Brookings Institution - University of Bern - Project on Internal Displacement, 2003. When Does Internal displacement End?
- Brookings Institution - University of Bern - Project on Internal Displacement, 2010. IASC Framework on Durable Solutions for Internally Displaced Persons
- Brookings Institution and International Organisation for Migration (IOM), 2014. Supporting Durable Solutions to Urban, Post-Disaster Displacement: Challenges and Opportunities in Haiti
- Centre on Housing Rights and Evictions, 2007. Handbook Housing and Property Restitution for Refugee and Displaced Persons, Implementing the Pinheiro Principles
- Collaborative for Development Action, Do No Harm Project, 2004. The Do No Harm Handbook
- Jan Davis and Robert Lambert, 2002. Engineering in Emergencies

- Global CCCM Cluster, 2014. Camp Closure Guidelines
- Human Rights Focus, 2007. Fostering the Transition in Acholiland: From War to Peace, From Camps to Home
- Internal Displacement Monitoring Centre (IDMC), 2006. In Need of Durable Solutions: The Revolving Door of Internal Displacement in Africa
- International Labor Organisation (ILO), 2008. Guide to International Labor Standards
- International Labor Organisation, 2009. Rules of the Game - A Brief Introduction to International Labor Standards
- Shelter Centre, 2012. Transitional Shelter Guidelines
- Tom Corsellis and Antonella Vitale, 2005. Transitional Settlement, Displaced Populations
- UNHCR, 2004. Handbook for Repatriation and Reintegration Activities
- UNHCR, 2007. Handbook for Emergencies
- UNHCR, 2011. Resettlement Handbook